အတ္တသမ္မာ ပဏိဓိစ တေံ မင်္ဂလ မုတ္တမံ၊ မိမိကိုယ်ကို ကောင်းစွာစောင့်ထိန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်၊ စနေနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၅၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူးများအားလက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူး Sr. Col. Le Van Vy နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Sr. Col. Le Van Thanh တို့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)



ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူး Sr. Col. Le Van Vy နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Sr. Col. Le Van Thanh တို့အား ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ ***စာမျက်နှာ ၃ ကော်လံ ၁*** ●

မမြရေလှောင်တမံ လယ်မြေများရေနစ်မြုပ်မှုမှကာကွယ်မည် ရေလှောင်ပမာဏကေပေ ၇၀၀၀၀ရှိပြီး ရေအားလျှပ်စစ်ပါထုတ်ယူနိုင်

ရေပိုလွှဲတည်ဆောက်မှုလုပ်ငန်းခွင်

ရေဝတီတိုင်း မြန်အောင်မြို့နယ် မမြရေလှောင်တမံ စီမံကိန်း ရေပိုလွှဲတည်ဆောက်မှုလုပ်ငန်းခွင်ကို တွေ့ရစဉ်။
ဓာတ်ပုံမှတ်တမ်း – သိန်းဝင်းလေး (မြန်မာ့အလင်း)

ကွင်းဆင်းလေ့လာရေးသားသူ – ကျော်စိန်
ဓာတ်ပုံမှတ်တမ်း – သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရသည် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအတွက် နိုင်ငံတော်၏ စီးပွားရေးတိုးတက်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရန် အဓိကသီးနှံများဖြစ်သည့် စပါး၊ ကြံ၊ ဝါနှင့် ပဲမျိုးစုံတို့ကို တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေး စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

မမြရေလှောင်တမံ

စိုက်ပျိုးသီးနှံများ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် ဆည်မြောင်းစီမံကိန်းကြီးများ၊ စီမံကိန်းအငယ်များကို ဒေသဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရေဝတီတိုင်း ***စာမျက်နှာ ၁၃ ကော်လံ ၁*** ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပရေးလုပ်ငန်းများ သတ်မှတ်ကာလပြီးစီးရေး ပူးပေါင်းဆောင်ရွက်

၂၀၀၄ခုနှစ် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို မြန်မာနိုင်ငံတွင် အောက်ပါရည်ရွယ်ချက်ငါးရပ်ဖြင့် ကျင်းပမည်ဖြစ်သည်။

ယင်းရည်ရွယ်ချက် ငါးရပ်မှာ–

- **ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်သော နိုင်ငံအချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ထွန်းကားစေရန်၊**
- **ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်မှုနှင့် လိုက်နာကျင့်သုံးမှုတို့ကို ဗုဒ္ဓဘာသာအချင်းချင်း ထိန်းသိမ်းစောင့်ရှောက်ရန်၊**
- **ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပရိယတ္တိကိုအခြေခံသော ဗုဒ္ဓဘာသာပညာရေး ထွန်းကားပြန့်ပွားစေရန်၊**
- **ကမ္ဘာ့လူသားထုတစ်ရပ်လုံးအတွက် ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးဖြစ်ထွန်း အကျိုးပြုစေရေးအတွက် ဗုဒ္ဓဘာသာရှုထောင့်က ဝိုင်းဝန်းကူညီဆောင်ရွက်ရန်နှင့်**
- **ဗုဒ္ဓ၏ တရားဓမ္မများ မူရင်းမပျက် နိုင်ငံတကာသို့ ပြန့်ပွားထွန်းကားစေရန်** တို့ဖြစ်သည်။

ဂျပန်နိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့က မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာသာသနာထွန်းကားရာ နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် ထေရဝါဒဗုဒ္ဓဘာသာ၏ ဗဟိုချက်သဖွယ်ဖြစ်နေသဖြင့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို မြန်မာနိုင်ငံ၌ လက်ခံကျင်းပရန် ပန်ကြားချက်ကို မြန်မာနိုင်ငံက သဘောတူ လက်ခံခဲ့ခြင်းဖြစ်သည်။

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီလ ၂၁ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဗဟိုဆောင်အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆွေးနွေးမှာကြားရာတွင်–

"မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာထွန်းကားသည့် နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို ထေရဝါဒအနှစ်သာရ ပြည့်ပြည့်ဝဝဖြင့် စနစ်တကျ ပီပီပြင်ပြင် ကျင်းပသွားနိုင်အောင် ကော်မတီများအနေဖြင့် ဆောင်ရွက်ဖွယ်ရာများကို ကြိုတင်စီမံဆောင်ရွက်ကြရန်ဖြစ်ကြောင်း"

ပြောကြားသည်။

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့ကို ဖွဲ့စည်းပေးထားပြီး ကော်မတီအလိုက် လုပ်ငန်းများကြိုတင် ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံများကို ကျင်းပရာတွင် ၁၉၉၈ ခုနှစ်ကစ၍ ပထမအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို ဂျပန်နိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့က ဦးဆောင်၍ ဂျပန်နိုင်ငံ၌ ကျင်းပခဲ့သည်။ ဒုတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို ၂၀၀၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံ၌ကျင်းပခဲ့သည်။ တတိယအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို ၂၀၀၂ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သည်။ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို ယခုနှစ်၌ ထေရဝါဒဗုဒ္ဓဘာသာ ဗဟိုအချက်အချာနိုင်ငံဖြစ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် လက်ခံကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို အဖွဲ့ဝင်နိုင်ငံပေါင်း ၁၅ နိုင်ငံမှ ဗုဒ္ဓဘာသာ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ စုံညီစွာတက်ရောက်ကြမည်ဖြစ်ရာ ညီလာခံကြီး စနစ်တကျ အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေခြင်းဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ထေရဝါဒဗုဒ္ဓဘာသာစစ်စစ် ထွန်းကားသော နိုင်ငံဖြစ်သည်နှင့်အညီ ယခုကဲ့သို့ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို လက်ခံကျင်းပရသည်မှာ နိုင်ငံတော်အတွက် များစွာဂုဏ်ယူဖွယ်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအစည်းအဝေးများ၊ ညီလာခံများစွာကို အိမ်ရှင်အဖြစ် အောင်မြင်စွာလက်ခံကျင်းပခဲ့သည့် အတွေ့အကြုံများစွာရှိသည့်အပြင် ထေရဝါဒ ဗုဒ္ဓဘာသာ စစ်စစ်ထွန်းကားပြန့်ပွားရာ၊ သာသနာတော်ထွန်းကားစည်ပင်ရာ နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို အခက်အခဲမရှိ အောင်မြင်စွာကျင်းပနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် ကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဖေဖော်ဝါရီ ၂၆ ရက်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်း လမ်းမတော်မြို့နယ်၊ လသာမြို့နယ်များအတွင်းရှိ အနော်ရထာလမ်းတစ်လျှောက် လူသွားစင်္ကြံများ ခင်းထားမှု၊ ရေမြောင်းဖုံးများ ခင်းထားမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ လမ်းမတော်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းညွန့်၊ လသာမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင့်လွင်နှင့် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြသကြစဉ်။ (၂၁၀)

မြဝတီရုပ်မြင်သံကြား

၂၈-၂-၂၀၀၄
(စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဆရာတော် ဦးဃောသိတ တရားတော် **"မြန်မာပြည်သား အရှင်ပုဏ္ဏ"**
၉:၁၀	၁၀။	အပိတ်နှုတ်ဆက်စကား
၉:၁၁	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၂၀	၄။	လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅	၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀	၇။	မြန်မာသံစဉ်ချိုနှားဝင်
၄:၅၀	၈။	မျိုးချစ်တပ်မတော်
၅:၀၀	၉။	အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Psychology of Communication (ဒုတိယနှစ်စိတ်ပညာ)
၅:၃၀	၁၀။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၄၅	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၀	၁၄။	မိုးလေဝသသတင်း
၆:၂၅	၁၅။	မြန်မာ့ရှုခင်း
၆:၄၀	၁၆။	လျှပ်တစ်ပြက်
၇:၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဗန်တိုလူလေးနှင့်သူဇာ"** (အပိုင်း–၁) ဒါရိုက်တာ–အောင်မောင်းမောင်လှမျိုး သရုပ်ဆောင်–အကယ်ဒမီ ညွန့်ဝင်းနှင့် ဒေဝီကျော်ဝင်း
၈:၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	လျှပ်တစ်ပြက်
	၂၁။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။	English Premier League ဘောလုံးပွဲ Arsenal Vs Charlton
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

ဖေဖော်ဝါရီ ၁၅ရက်က ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို အမှတ် (၇)ရပ်ကွက် ဝေဇယန္တာဓမ္မာရုံ၌ကျင်းပရာ လှိုင်သာယာ ရဲစခန်းမှ စခန်းမှူး ရဲအုပ်ခင်မောင်သွင်က မူခင်းကျဆင်းရေး ပညာပေးဟောပြောစဉ်။ (၁၈၀)

ဝိပဿနာရှုပွားနည်း ဟောပြောမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ဓမ္မရသရိပ်သာ ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်းရွှေ(ဒလ–အံ့ကြီး)က မတ် ၁ ရက်မှ ၇ ရက်အထိ ညနေ ၆ နာရီခွဲမှ ည ၈ နာရီအထိ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားများဓမ္မာရုံကြီးတွင်လည်းကောင်း၊ မတ် ၂ ရက်မှ ၈ ရက်အထိ ညနေ ၅ နာရီမှ ၆ နာရီခွဲတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရှင်သာမဏေဓမ္မာရုံတွင် ဝိပဿနာရှုပွားနည်းကို ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ (က–ပ)

ရွှေပေါက်ကံ အမက(၄၇)တွင် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်းက သူငယ်တန်းမှ ပဉ္စမတန်းထိ ခြောက်နှစ်ဆက်တိုက် ပထမရသော မောင်ကျော်ဇေယျအောင်အား ဆုချီးမြှင့်စဉ်။ (၃၂၂)

လယ်တီဝိပဿနာခုနစ်ရက်တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၇

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် (၃၃၇/က) ပြည်လမ်း လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၆၉)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို မတ် ၅ ရက်မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၅၃၄၃၂၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူး Sr. Col. Le Van Vy အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Sr. Col. Le Van Thanh အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

● ***ရှေ့ဖုံးမှ***

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်အကြံပေးအရာရှိ ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

▼ ***ကျောဖုံးမှ***

အစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ပြည်နယ်နှင့်တိုင်းများမှ ညွှန်ကြားရေးမှူးများ၊ မန်နေဂျာများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ တစ်မျိုးသားလုံး အသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) ရည်မှန်းချက်နှင့် ကုန်သွယ်မှုကဏ္ဍ ရည်မှန်းချက်၊ အသားတင်ထုတ်လုပ်မှုတန်ဖိုး၊ ကုန်သွယ်မှုပမာဏနှင့် လိုငွေ၊ပိုငွေ အခြေအနေ၊ ပို့ကုန်သွင်းကုန်ဆောင်ရွက်နိုင်မှုအခြေအနေ၊ လုပ်ငန်းကဏ္ဍကြီးများအလိုက် ဆောင်ရွက်နိုင်မှု၊ ဆန်နှင့်ဆန်ထွက်ပစ္စည်း တင်ပို့ရောင်းချနိုင်မှုအခြေအနေ၊ မှတ်ပုံတင်ထားသည့် ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များနှင့် စီးပွားရေး အကျိုးဆောင်များ အရေအတွက်၊နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အခွန်အရပ်ရပ်တိုးမြှင့်ကောက်ခံရရှိမှု၊ ကုန်စည်ပြပွဲများ တိုးမြှင့်ပြသနိုင်မှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖြစ် ကြောင်း၊ ဤလုပ်ငန်းပိုင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင်မိမိအနေဖြင့် ဝန်ကြီးဌာန၏ လုပ်ငန်းပိုင်းနှင့် ဆက်စပ်ပြီး နိုင်ငံတော်၏မူဝါဒနှင့်လက်တွေ့ဆောင်ရွက်ရာတွင် လိုအပ်သည်များကို ရှင်းလင်းပြောကြားလိုကြောင်း။

ပြည်ပကုန်သွယ်မှုလိုငွေကျဆင်း

ဈေးကွက်စီးပွားရေးအရ နိုင်ငံတော်၏ ကုန်သွယ်မှုပမာဏကိုတစ်နှစ်ထက် တစ်နှစ် တိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် ၁၉၉၉-၂၀၀၀ ဘဏ္ဍာရေးနှစ်မှစ၍ ပြည်ပပို့ကုန်၊ သွင်းကုန်လုပ်ငန်းကို ပိုမိုစနစ်ကျစွာ ဆောင်ရွက်နိုင်မှုကြောင့် ပြည်ပကုန်သွယ်မှုလိုငွေမှာ နှစ်စဉ် လျော့နည်း ကျဆင်းလာသည်ကို တွေ့ရကြောင်း။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြည်တွင်း၊ ပြည်ပ ကုန်သွယ်ရောင်းဝယ်မှု ဖွံ့ဖြိုးရှင်သန်လာစေရေးအတွက် အခါအားလျော်စွာ ပြဋ္ဌာန်းထားသော မူဝါဒများ၊ ဥပဒေစည်းကမ်းများဖြင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အားပေးခြင်း၊ ပြည်ပဈေးကွက်ရရှိအောင် စူးစမ်းရှာဖွေပေးခြင်း၊ ညှိနှိုင်းဆက်သွယ်ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်နေရမှာဖြစ်ကြောင်း။

ထို့ကြောင့်လည်း ဝန်ကြီးဌာန၏ ဆောင်ပုဒ်ဖြစ်သည့် "စီးပွားကူးသန်း ရှေ့သို့လှမ်း" ဆိုသည်ကို ချမှတ်ပြီး ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်း ဆောင်ရွက်နေရမှာ ဖြစ်ကြောင်း။

ဘက်စုံကုန်ထုတ်မှုတိုးတက်

နိုင်ငံတော်၏ စီးပွားရေးဘဝတွင် ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့မှာ အပြန်အလှန် ဆက်စပ်အကျိုးပြုနေကြကြောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍများဖြစ်သည့် လယ်ယာကဏ္ဍ၊သားငါးကဏ္ဍ၊စက်မှုကဏ္ဍများ၏ ထုတ်လုပ်မှုကြောင့် ကုန်သွယ်မှု ဖွံ့ဖြိုးကျယ်ပြန့်ရသကဲ့သို့ ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုကြောင့် ဘက်စုံကုန်ထုတ်လုပ်မှုကလည်း တိုးတက်လာမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် ပြည်ပကုန်သွယ်မှုလုပ်ငန်းများကို ပင်လယ်ရကြောင်းသာမက ကုန်းလမ်းကြောင်းကပါ ခွင့်ပြုဆောင်ရွက်လျက်ရှိရာ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး စခန်းငါးခု၊ မြန်မာ-ထိုင်း နယ်စပ် ကုန်သွယ်ရေးစခန်းလေးခု၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေး စခန်းနှစ်ခုနှင့် မြန်မာ-အိန္ဒိယနယ်စပ် ကုန်သွယ်ရေးစခန်းနှစ်ခုတို့ ဖွင့်လှစ်ထားခဲ့ပြီးဖြစ်ကြောင်း။ ဆက်လက်၍လည်း အိမ်နီးချင်း နိုင်ငံများနှင့် ထပ်မံ၍ နယ်စပ်ကုန်သွယ်ရေးစခန်းများဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်နေသည့်အတွက် ကုန်သွယ်မှုပမာဏများစွာ တိုးတက်လာမှာဖြစ်မည်ဟု သုံးသပ်ပြီး အချိန်နှင့် တပြေးညီ အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း။

ကုန်သွယ်ရေးပိုငွေပြနိုင်

လက်ရှိနယ်စပ်ကုန်သွယ်မှုပမာဏကို ဒုတိယနှင့် တတိယ လေးလပတ်နှင့် ယခင် ၂၀၀၂ ခုနှစ် အလားတူကာလ၏ ကုန်သွယ်မှုကို တင်ပြသည့် စာရင်းများအရ နှိုင်းယှဉ် ကြည့်ပါက ကုန်သွယ်မှုပိုငွေများ ပြနိုင်ခဲ့သည်များကို တွေ့ရသည့်အတွက် ကျေနပ်အားရဖွယ်တွေ့ရကြောင်း။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၏ ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ကုန်သွယ်မှုဆိုင်ရာ ပူးတွဲကော်မတီများကိုဖွဲ့စည်းလျက် အစည်းအဝေးများ အပြန်အလှန်ကျင်းပ၍ ကုန်သွယ်မှုပမာဏ မြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာ သတင်းအချက်အလက်များပေးပို့ရေး၊ ကိုယ်စားလှယ်အဖွဲ့များ သွားရောက်ရေး၊ ကုန်စည်ပြပွဲများ ကျင်းပရေးကိစ္စရပ်များကို ဆောင်ရွက်သည်များကိုလည်း တွေ့ရကြောင်း။

ထို့အပြင် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် WTO၊ World Bank၊ UNCTAD၊ IMF စသည့် အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆက်သွယ်ကာ စီးပွားရေးကုန်သွယ်မှုဆိုင်ရာ တိုးတက်မှုများ ယခုထက်ပိုမိုရရှိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြန်မြန်ဆန်ဆန်ဖော်ဆောင်

ထို့အပြင်ဒေသအဖွဲ့အစည်းများဖြစ်သည့် အာဆီယံ BIMST-EC၊ GMS၊ ECS စသည့်များတွင်ပါဝင်သည့်အတွက် ယင်းအဖွဲ့များ၏ သတ်မှတ်ထားသည့်စာချုပ်ပါ စည်းကမ်းများအတိုင်း မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ရန်လိုကြောင်း။

ထို့ပြင် နှစ်နိုင်ငံကုန်သွယ်ရေးအရ အချို့သောနိုင်ငံများက မြန်မာ့ပို့ကုန်များအပေါ် အခွန်သက်သာခွင့်များပေးလျက်ရှိရာ ပို့ကုန်များအပေါ် ပုဂ္ဂလိကကဏ္ဍမှအကျိုးရရှိရေးအတွက် သတင်းထုတ်ပြန်ခြင်း၊ ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ပုဂ္ဂလိကကဏ္ဍ အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် သွက်လက်မြန်ဆန်စွာ သတင်းထုတ်ပြန်ပေးရန် အထူးလိုအပ်ပါကြောင်း။

ပို့ကုန်တိုးချဲ့တင်ပို့

ထို့ကြောင့်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ပုဂ္ဂလိကများနှင့် လက်တွဲပြီး လမ်းကြောင်းမှန်မှန်ဖြင့် ခိုင်ခိုင်မာမာဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ကြောင်းကို အလေးထားမှာကြားလိုကြောင်း၊ ပို့ကုန်တိုးချဲ့ရေးလုပ်ငန်းတွင် ပုဂ္ဂလိကအပိုင်းက လက်ရှိအနေအထားထက် ပိုမိုတိုးတက်ပါဝင်သော အလားအလာအခြေအနေများရှိသည့်အတွက် ပုဂ္ဂလိကပို့ကုန်တိုးချဲ့တင်ပို့နိုင်ရန် အခွင့်အလမ်းများ ပိုမိုဖန်တီးခြင်း၊ အားပေးခြင်းများ ပြုလုပ်ကြရမှာဖြစ်ကြောင်း။

ဦးဆောင်လမ်းညွှန်

ဤနေရာတွင် ပို့ကုန်အမယ်သစ်များအတွက် ဈေးကွက်များ ရှာဖွေရေး၊ပို့ကုန်အမယ်ဟောင်းများအတွက် ဈေးကွက်ခိုင်မာရေး၊ ပို့ကုန်အလိုက် ထိုက်တန်သောဈေးနှုန်း ရရှိရေး၊ ဈေးကွက်သတင်းအချက်အလက်များ ရရှိရေး၊ ပို့ကုန်၊ သွင်းကုန်အချိုးအစားမျှတရေး၊ ပို့ကုန်ပစ္စည်းများ အရည်အသွေးနှင့် စံချိန်စံညွှန်း ကိုက်ညီရေး၊ စာချုပ်ပါ စည်းကမ်းချက်များအတိုင်း အချိန်မီ တင်ပို့နိုင်ရေးနှင့် နိုင်ငံခြားငွေပေး ငွေယူပြုလုပ်နိုင်ရေး စသည့် ကိစ္စရပ်များကို မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထိရောက်သည့် ဦးဆောင်လမ်းညွှန်မှုများပေးရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အားဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မိမိဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များနှင့် ရည်မှန်းချက်များကို ထက်ထက်မြက်မြက် အောင်အောင်မြင်မြင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်အောင် ယခု လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အသိအမြင်များ ဖလှယ်ကြပြီး ရရှိသွားမည့် အသိအမြင်များနှင့် နိုင်ငံတော် စီးပွားရေးတောင့်တင်းခိုင်မာအောင် လက်တွေ့ကြိုးပမ်းအားထုတ်ဆောင် ရွက်ပါဟု မှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေး အစီအစဉ် ပထမပိုင်းကို ရပ်နားလိုက်သည်။

ထို့နောက်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယပိုင်းကို နံနက် ၉ နာရီတွင် အစီအစဉ်အတိုင်း ဆက်လက် ကျင်းပကြောင်း သိရသည်။ **(သတင်းစဉ်)**

လာကြည့်ပါလား

ကြားတာကိုမှတ်စွဲ
ဟုတ်မှာပဲသေအချာ
ပြော၍မရပါ၊
ကိုယ်တိုင်မြင် သေချာသိမှ
ဟုတ်၏လို့ပြောနိုင်တာ။
ဒို့လူမျိုး မြန်မာ
ခင်မင်စရာလေလား၊
ဒို့နေရပ်မြန်မာ
သာယာရဲ့လား။
ပြောသံကြား တရားနာ
မှန်းဆကာထင်ယောင်အသိနဲ့
ကိုယ်တိုင်မြင် နှိုင်းချိန်ကြည့်ဖို့
လာကြည့်ပါလား။ ။

ပိုးဝ

အထက(၃)ကြည့်မြင်တိုင် မြတ်ဆရာပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

အထက(၃) ကြည့်မြင်တိုင်တွင် ၁၉၆၅မှ ၁၉၉၅အထိ ပညာသင်ကြားပေးခဲ့ပြီး အငြိမ်းစားယူသွားသော ဆရာ၊ ဆရာမကြီးများနှင့် အသက်(၅၅)နှစ်နှင့် အထက် ဆရာ၊ ဆရာမကြီးတို့အား တပည့်ဟောင်းများက ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂ ရက်(အင်္ဂါနေ့၊ တောင်သူလယ်သမားနေ့) နံနက် ၉ နာရီတွင် ကျောင်းဝင်းအတွင်းခန်းမကြီး၌ စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ထားသည်။

အလှူငွေများကို ဆရာမဒေါ်ခင်လေးမာ ဖုန်း-၇၀၇၃၄၇၊ ဆရာမဒေါ်ဝေဝေမြိုင်၊ ဆရာမဒေါ်နော်စီးလာ၊ ကျောင်းဖုန်း-၂၂၀၃၈၀၊ ဦးဝင်းမြင့် (သီဟသုခမ္မမဏ်ဓောတခရဲ) ဖုန်း-၀၉-၅၀၂၂၉၂၉၊ ဦးအောင်ကျော်ဦး (အောင်သရဖူ)ဖုန်း-၀၉-၅၀ ၁၄၂၆၄၊ ဦးမြင့်သန်း ဖုန်း-၀၉-၈၀ ၂၄၄၆၉၊ ဦးသိန်းဝင်း(စက်ရုံမှူး၊သားရေစက်ရုံ) ဖုန်း-၅၃၈၆၉၈၊ ဦးချာလီမောင် (မင်္ဂလာဈေး)ဖုန်း-၇၀၃၈၂၂၊ဦးစိုးဝင်း (ဆန်နီ) ဖုန်း-၀၉-၉၉ ၂၄၆၇၁၊ ဒေါက်တာအောင်သူဖုန်း-၇၂၈၂၁၁၊ ဦးခင်မောင်လှ ဖုန်း-၀၉-၈၀၂၃၅၇၉၊ ဗိုလ်ကြီးခင်မောင်သန်း(ငြိမ်း) ဖုန်း-၀၉-၈၀၂၄၀၆၃၊ ဦးကျော်မင်း ဖုန်း-၂၂၁၁၆၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

နိုင်ငံတကာပြစ်တင်ရှုတ်ချသည့်ကြားက အီရတ်ကိုကျူးကျော်ခဲ့ အမေရိကန်နှင့် ဗြိတိန်တို့အား ဟန်းစ်ဘလစ်ဇ် ပြောကြား

အီဒင်ဘာ့ဂ်(စကော့တလန်) ဖေဖော်ဝါရီ ၂၇

အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့သည် လွန်ခဲ့သည့်နှစ်က နိုင်ငံတကာ၏ ပြစ်တင်ရှုတ်ချခြင်းကို လျစ်လျူရှုပြီး အီရတ်နိုင်ငံကို ကျူးကျော်ဝင်ရောက်ခြင်းဖြင့် ကုလသမဂ္ဂ၏ ယုံကြည်ထိုက်မှုကို ပျက်စီးစေခဲ့သည်ဟု လက်နက်စစ်ဆေးရေးအကြီးအကဲဟောင်း ဟန်းစ်ဘလစ်ဇ်က ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

အမေရိကန်သမ္မတ ဂျော့ဒဗလျူ ဘုရှ်နှင့် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲ တို့သည် ကုလသမဂ္ဂ၏ယုံကြည်ထိုက်မှုကို ဖျက်ဆီးခဲ့သည်သာမက ၎င်းတို့ကိုယ်တိုင်လည်း ထိခိုက်နစ်နာခဲ့သည်ဟု ဘလစ်ဇ်က ပြောဆိုသည်။

အခြေခံမှု

ကုလသမဂ္ဂ၏ အခြေခံမှုအချို့ကို လေးစားထောက်ခံမည်ဟု မိမိတို့မျှော်လင့်ရမည့် နိုင်ငံများက သည်းခံခြင်းမရှိသည့်ပြင် လုံခြုံရေးကောင်စီ၏ ထောက်ခံမှုမရှိဘဲ ကုလသမဂ္ဂ၏ အခြေခံမှုအချို့ကို လျစ်လျူရှုခြင်းသို့မဟုတ် ဖျက်ဆီးခြင်းပြုလုပ်ခဲ့ကြသည်ဟု အီဒင်ဘာ့ဂ်တက္ကသိုလ်၌ ပြောကြားခဲ့သည်။

ရလဒ်မှာ သူတို့၏ ကိုယ်ပိုင်ယုံကြည်ထိုက်မှု ပျက်ပြားခဲ့ရသည့်နည်းတူ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ သြဇာအာဏာလည်း ပျက်စီးခဲ့ကြောင်း ဘလစ်ဇ်က ဆက်လက်ပြောကြားသည်။

အခြေအမြစ်မရှိ

ဘလဲနှင့် ဘုရှ်တို့ ပြောဆိုကြသည့် စစ်ပွဲတရားမျှတမှုဖြစ်စေဖို့ အကြောင်းပြချက်များသည် အခြေအမြစ်မရှိကြောင်းလည်း ၎င်းက ပြောဆိုသည်။ **အမ်အင်အေ၊ရိုက်တာ**

မသမာသူများထံ လက်နက်အစိတ်အပိုင်းများ ရောင်းချခဲ့မှု ဗြိတိန်အစိုးရအား နိုင်ငံတကာကရုဏာရှင်များအဖွဲ့က စွပ်စွဲ

လန်ဒန် ဖေဖော်ဝါရီ ၂၇

သတ်ဖြတ်ရာတွင်လည်းကောင်း၊ ညှဉ်းပန်းနှိပ်စက်ရာတွင်လည်းကောင်း အသုံးပြုနိုင်သူများရှိရာ နိုင်ငံများသို့ မသမာသူများထံ လက်နက်အစိတ်အပိုင်းများကို ဗြိတိသျှအစိုးရက တင်ပို့ရောင်းချနေကြောင်း စာနာထောက်ထားစိတ်ရှိသူများအဖွဲ့ဖြစ်သည့် အောက်စ်ဖမ် နိုင်ငံတကာဆိုင်ရာ ကရုဏာရှင်အဖွဲ့က စွပ်စွဲလိုက်သည်။

ဗြိတိသျှအစိုးရသည် တင်ပို့လိုင်စင်များနှင့်ပတ်သက်၍ လိုတစ်မျိုး၊ မလိုတစ်မျိုး သဘောထားကျင့်သုံးကြောင်း အောက်စ်ဖမ်နိုင်ငံတကာ ကရုဏာရှင်အဖွဲ့က စွပ်စွဲသည်။

ထိုသို့ကျင့်သုံးခြင်းဖြင့် လက်နက်တစ်ခုလုံးအတွက် လိုင်စင်ကို တင်းတင်းကျပ်ကျပ် ပိတ်ထားသော်လည်း လက်နက်အစိတ်အပိုင်းအတွက် လိုင်စင်ကိုမူ ရရန်လွယ်ကူစေကြောင်း စွပ်စွဲပြောဆိုသည်။

ပြောကြား

ဗြိတိသျှအစိုးရသည် အန္တရာယ်ရှိသော လိုတစ်မျိုး၊ မလိုတစ်မျိုး သဘောထားကျင့်သုံးခြင်းဖြင့် အသက်များကို စွန့်စားမှုဖြစ်စေကြောင်း စက်သေနတ်တစ်လက်သည် အစိတ်အပိုင်းအဖြစ်လည်းကောင်း၊ အသင့်သုံးနိုင်သော အနေအထားဖြင့် လည်းကောင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မသမာသူများလက်ထဲသို့ ရောက်သွားလျှင် ခံစားရမည့်ဒုက္ခမှာ အတူတူပင်ဖြစ်သည်ဟု အောက်စ်ဖမ်၏ မူဝါဒရေးရာ ညွှန်ကြားရေးမှူး ဂျပ်စ်တင်းဖော်ဆစ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အဆင့်မြင့်နည်းပညာသုံးခဲ့သော်လည်း ထောက်လှမ်းရေးသတင်းများ မှားယွင်းခဲ့

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၆

ထောက်လှမ်းရေးသတင်းများ မှားယွင်းမှုနှင့် ပတ်သက်ပြီးလေ့လာခဲ့ရာ အဆိုပါမှားယွင်းမှုများသည်ပုံသဏ္ဍာန်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးဖြစ်ကြောင်း သိရသည်။

အီရတ်စစ်ပွဲကာလအတွင်း စီအင်န်အင်န် သတင်းထောက်များသည် စစ်ပွဲလမ်းကြောင်းတစ်လျှောက်နှင့် မြေပြင်တပ်ဖွဲ့ဌာနချုပ်များတွင်လည်း လိုက်ပါကာ သတင်းယူခဲ့ရာ အဆင့်မြင့်ဆုံးနည်းပညာများကို အသုံးပြုခဲ့သော်လည်း ထောက်လှမ်းရေးသတင်းများ မှားယွင်းခဲ့ကြောင်း သိရသည်။

အထူးထောက်လှမ်းရေးလေယာဉ် ဂျေစတားကိုအသုံးပြုခဲ့သော်လည်း အဆိုပါလေယာဉ်သည် အလွန်မြင့်မားသောနေရာမှ ပျံသန်း ထောက်လှမ်းကာ အိုင်တီဟုခေါ်သော ရွေ့လျားနေသည့် ပစ်မှတ်အဖြစ် သတင်းပို့ခဲ့သော်လည်း ရာသီဥတုအခြေအနေ ထောက်လှမ်းရေးသမားများ၏ အတွေ့အကြုံများအပေါ် မူတည်ကာဆုံးဖြတ်ရခြင်းကြောင့် မှားယွင်းမှုများရှိခဲ့ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ဖေဖော်ဝါရီ ၂၆ ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ လုံခြုံရေးအတွက် ကင်းလှည့်လျက်ရှိသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကုလကျွမ်းကျင်အဖွဲ့တစ်ဖွဲ့ အီရတ်သို့ပြန်လည်စေလွှတ်ရန် စီစဉ်နေကြောင်း ကုလသမဂ္ဂအရာရှိများ ပြောကြား

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၂၆

ရှေ့နှစ်တွင် အီရတ်၌ ရွေးချယ်ပွဲများပြုလုပ်ရာတွင် လမ်းပွင့်ရေးအထောက်အကူပေးရန် သီတင်းနှစ်ပတ်အတွင်း ကျွမ်းကျင်အဖွဲ့တစ်ဖွဲ့ အီရတ်သို့ပြန်လည်စေလွှတ်ရန် ကုလသမဂ္ဂက ပြင်ဆင်လျက်ရှိကြောင်း ကုလသမဂ္ဂအရာရှိများက အင်္ဂါနေ့၌ ပြောကြားလိုက်ကြသည်။

ရက်ကို မဖော်ပြသော်လည်း ကုလသမဂ္ဂရွေးချယ်ရေးအဖွဲ့ အကြီးအကဲ ကာရီနာပီရယ်လီဦးဆောင်သော အဖွဲ့သည် မတ်လ ဒုတိယပတ်မတိုင်ခင် ကုလသမဂ္ဂမှ ထွက်ခွာမည်ဟု အရာရှိများက ပြောဆိုသည်။

ယခုလအစောပိုင်း၌ အီရတ်သို့ တစ်ပတ်ကြာသွားရောက်ခဲ့သည့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ အဆင့်မြင့်အကြံပေးပုဂ္ဂိုလ် လက်ခ်ဒါဘရာဟီမီသည် မတ်လကုန် သို့မဟုတ် ဧပြီလထိတိုင်အောင် အီရတ်သို့ ပြန်သွားဖွယ်မရှိကြောင်း ကုလသမဂ္ဂအရာရှိများက ပြောဆိုကြသည်။

အချုပ်အခြာအာဏာ အသွင်ကူးပြောင်းမှုကို မည်သို့ ကိုင်တွယ်မည်ဆိုခြင်းနှင့်စပ်လျဉ်း၍ အများသဘောတူချက်ရရန် အီရတ်တို့အား အချိန်အနည်းငယ် မိမိပေးလိုကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တနင်္လာနေ့က တင်သွင်းသည့် အစီရင်ခံစာ၌ ဘရာဟီမီက ရေးသားဖော်ပြထားသည်။

ဘရာဟီမီတင်သွင်းသည့် အစီရင်ခံစာ၌ အသွင်ကူးပြောင်းမှုအပေါ် အများသဘောတူချက်ရရေးတွင် အထောက်အကူပေးကဏ္ဍတစ်ရပ် ဆောင်ရွက်သွားရန် ကုလသမဂ္ဂက ပြင်ဆင်ထားသော်လည်း အီရတ်ခေါင်းဆောင်များသည် ဦးစွာပထမ သဘောတူချက်ရရန် ကြိုးပမ်းသင့်ကြောင်း ဖော်ပြထားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ

ဘာကူဘာ၌ ဗုံးပေါက်ကွဲ အီရတ်ရဲတစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရ

ဘာကူဘာ ဖေဖော်ဝါရီ ၂၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၏ မြောက်ဘက်ရှိ ဘာကူဘာမြို့တွင် ဗုံးတစ်လုံးပေါက်ကွဲသဖြင့် အီရတ်ရဲတစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ပေါက်ကွဲမှုတွင် ရဲအရာရှိ အမ်မာမာဒီသေဆုံးပြီး ရဲငါးဦးအပြင် အရပ်သားနှစ်ဦးလည်း ဒဏ်ရာရကြောင်း ရဲအရာရှိ မိုဟာမက်ကာရင်က အေအက်ဖ်ပီသို့ ပြောကြားသည်။

ပေါက်ကွဲမှုသည် အယ်လ်ဆာရေးအရပ်၌ ဖြစ်ပွားခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲ နှစ်နာရီမထိုးခင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ မည်သည့်အကြောင်းကြောင့် ပေါက်ကွဲမှုဖြစ်ရသည်ကို ချက်ချင်းမသိရသေးဟု ဆိုသည်။

စားသောက်ဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်ထားသော ရဲကားနှစ်စီးနှင့်အတူ အနီးရှိဆိုင်များ မီးလောင်သွားသည်။

အီရတ်တွင် အမေရိကန် လေ့ကျင့်ပေးထားသော ရဲတပ်ဖွဲ့ဝင်များသည် မကြာသေးသော ဗုံးခွဲတိုက်ခိုက်မှုများတွင် ပစ်မှတ်ဖြစ်ခဲ့ရသည်။ **(အင်တာနက်)**

ဖေဖော်ဝါရီ ၂၆ ရက်က ဘာကူဘာမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်၏ အပြင်ဘက်တွင် ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားပြီးနောက် မီးလောင်ပျက်စီးနေသော ကားတစ်စီးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့သံမဏိလေးပုံတစ်ပုံ တရုတ်နိုင်ငံ သုံးစွဲ

ပေကျင်း ဖေဖော်ဝါရီ ၂၆

တရုတ်နိုင်ငံသည် ကမ္ဘာ့သံမဏိသုံးစွဲမှု၏ လေးပုံတစ်ပုံခန့်ကို သုံးစွဲသောနိုင်ငံ ဖြစ်လာလျက်ရှိသည်။

အဆိုပါ သံမဏိ ဝယ်လိုအားများပြားရသည့် အကြောင်းရင်းမှာ တရုတ်နိုင်ငံ၌ ကားထုတ်လုပ်မှု စက်မှုလုပ်ငန်း ဖွံ့ဖြိုးလာခြင်းနှင့် ၂၀၀၈ ခုနှစ် ပေကျင်း အိုလံပစ်ပွဲတော်အတွက် တည်ဆောက် ပြင်ဆင်မှုများကြောင့် ဖြစ်သည်။

ကမ္ဘာ့ဒုတိယမြောက် သံမဏိထုတ်လုပ်သော တရုတ်နိုင်ငံ၏ သံမဏိသုံးစွဲမှုလိုအပ်ချက်ကြောင့် ဂျပန်ကုမ္ပဏီများအတွက် အကျိုးအမြတ်ရရှိစေခဲ့သည်။ **(စီအင်န်အင်န်)**

အမေရိကန်အစိုးရနှင့် ဘက်ချ်တဲလ်ကော်ပိုရေးရှင်း အီရတ်စစ်ပွဲကိုအသုံးချ၍ စီးပွားရေးအမြတ်ထုတ်နေ

စစ်ပွဲကြောင့် အဆောက်အအုံများနှင့် ရေနံပိုက်လိုင်းများပျက်စီးမှု အီရတ်နိုင်ငံပြန်လည်ထူထောင်ရေးလုပ်ငန်းများ နှောင့်နှေးနေဆဲ

ဖေဖော်ဝါရီ ၂၆ ရက်က ဆာမာရာမြို့အနီး၌ ရေနံပိုက်လိုင်း ဖောက်ခွဲဖျက်ဆီးခံရပြီး မီးလောင်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၂၄ ရက်က ဆန်ဖရန်စစ္စကိုမြို့၌ အမေရိကန်အစိုးရနှင့် ဘက်ချ်တဲလ်ကော်ပိုရေးရှင်းတို့ အီရတ်စစ်ပွဲကိုအသုံးချ၍ စီးပွားရေး အမြတ်ထုတ်နေသည်ကို ဆန့်ကျင်ကန့်ကွက်ဆန္ဒပြနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတို့၏ ကျူးကျော်စစ်ပွဲ၌ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အီရတ်တို့၏ အစိုးရအဆောက်အအုံများ ပျက်စီးခဲ့ရသည်။

(အောက်ပုံမှာ ဖေဖော်ဝါရီ ၂၆ ရက်က ဘဂ္ဂဒက်မြို့ရှိ ပျက်စီးခဲ့သော ဆက်သွယ်ရေးအဆောက်အအုံတစ်ခု၌ အီရတ်ပညာရှင်များက ဆက်သွယ်ရေးဖုန်းလိုင်းများ ပြုပြင်တပ်ဆင်နေစဉ်။) (ဓာတ်ပုံ-အင်တာနက်)



မြန်မာ့အလင်း အီရတ်မြင်ကွင်းများ

ဖေဖော်ဝါရီ ၂၅ ရက်က ဘဂ္ဂဒက်မြို့၌ အီရတ်ပြည်သူများက ယင်းတို့၏ လိုလားချက်များကို ဆန္ဒပြတောင်းဆိုနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကြည့်ရှု

ဖေဖော်ဝါရီ ၂၆ ရက်က ဘာကူဘာမြို့၌ ကားဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့သည်ကို အီရတ်တို့ ကြည့်ရှုနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပေါက်ကွဲမီးလောင်

ဖေဖော်ဝါရီ ၂၆ ရက်က ဆာမာရာမြို့အနီး ရေနံပိုက်လိုင်း ပေါက်ကွဲမီးလောင်လျက်ရှိရာ အမေရိကန် စစ်ယာဉ်တစ်စီး ကင်းလှည့်စောင့်ကြပ်လျက်ရှိစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန် ထောက်လှမ်းရေးရဟတ်ယာဉ်တစ်စင်း အီရတ်အနောက်ပိုင်း၌ပျက်ကျ၍ တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၆

အမေရိကန်စစ်တပ်မှ ကီအိုဝါထောက်လှမ်းရေး ရဟတ်ယာဉ်တစ်စင်းသည် အီရတ်နိုင်ငံအနောက်ပိုင်းတွင် ဖေဖော်ဝါရီ ၂၅ ရက်က ပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ်ပါသူ တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားသည်။

ယခုပျက်ကျခြင်းသည် ပစ်ခတ်ခံရသည်ထက် စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းချက်ကြောင့် ပျက်ကျခြင်းဖြစ်ကောင်းဖြစ်နိုင်သည်ဟု အမေရိကန်စစ်တပ်က ပြောကြားသည်။

ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက် ၁၂၅ မိုင်အကွာ ဆီးရီးယားနယ်စပ်သို့သွားရာ အဝေးပြေးလမ်းပေါ်ရှိ ဟာဒီသာမြို့တွင် မျက်မြင်တွေ့ရှိသူများက ယင်းရဟတ်ယာဉ်သည် ကောင်းကင်ဓာတ်အားလိုင်းကြိုးနှင့် တိုက်မိပြီး မြစ်ထဲပျက်ကျခဲ့ကြောင်း ပြောဆိုကြသည်။

ပစ်ချ

ကီအိုဝါ ရဟတ်ယာဉ်သည် ထောက်လှမ်းရေးနှင့် တိုက်ခိုက်ရေးရဟတ်ယာဉ်ငယ်ဖြစ်ပြီး တပ်ဖွဲ့ဝင်နှစ်ဦးသာ လိုက်ပါနိုင်သည်။ လွန်ခဲ့သည့်နှစ်တွင်အီရတ်နိုင်ငံကို ကျူးကျော်ဝင်ရောက်ခဲ့ချိန်မှစပြီး အမေရိကန်ရဟတ်ယာဉ်အချို့ကို ပြောက်ကျားတို့က ပစ်ချခဲ့ကြသည်။

နိုဝင်ဘာလထဲ၌ ပစ်ခတ်ခြင်းခံရပြီးနောက် အမေရိကန် ဘလက်ဟော့ခ်ရဟတ်ယာဉ်နှစ်စင်း တိုက်မိပြီး ပျက်ကျခဲ့ရာတွင် အမေရိကန် တပ်ဖွဲ့ဝင် ၁၇ ဦး သေဆုံးခဲ့ရာ အသေအပျောက်အများဆုံး ရဟတ်ယာဉ်ပျက်ကျမှု ဖြစ်ခဲ့သည်။

(အင်တာနက်)

စစ်ပွဲစချိန်မှအီရတ်၌သေဆုံးသော အမေရိကန် တပ်ဖွဲ့ဝင် ၅၄၇ဦးရှိပြီ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၇

အီရတ်၌ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များက စစ်ဆင်ရေးစတင် ဆင်နွှဲခဲ့ချိန်မှစပြီး ဖေဖော်ဝါရီ ၂၆ ရက် ကြာသပတေးနေ့ရောက်ချိန်တွင် အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၅၄၇ ဦးဖြစ်သည်။ ယင်းအနက် ၃၇၈ ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၁၆၉ ဦးမှာ တိုက်ပွဲ၌ မဟုတ်ဘဲသေဆုံးသည်။

မေ ၁ ရက်၌ စစ်ပွဲပြီးဆုံးကြောင်း သမ္မတဘုရှ်က ကြေညာခဲ့ချိန်မှစပြီး သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်မှာ ၄၀၉ဦးဖြစ်သည်။ ယင်းအနက် ၂၆၃ ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၁၄၆ဦးမှာတိုက်ပွဲ၌မဟုတ်ဘဲသေဆုံးသည်။

စစ်ဆင်ရေးစတင်သည်မှ တိုက်ပွဲ၌ အမေရိကန်တပ်ဖွဲ့ဝင် ၂၇၀၈ ဦး ဒဏ်ရာရခဲ့ပြီး ၄၁၆ ဦးမှာ တိုက်ပွဲ၌မဟုတ်ဘဲဒဏ်ရာရခဲ့သည်။

(အင်တာနက်)

တရားမျှတမည့်နည်းလမ်း ရှာဖွေရန်လိုအပ် အီရတ်ဆိုင်ရာ ကုလသမဂ္ဂအစီရင်ခံစာ၌ဖော်ပြ

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၂၆

အီရတ်လူမျိုးများထံ နိုင်ငံအုပ်ချုပ်ရေးပြန်လည်ပေးအပ်ပြီးသည်အထိ တိုက်ရိုက်ရွေးချယ်ပွဲများကို ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း၊ ယခုနှစ်ကုန်ပိုင်း သို့မဟုတ် ရှေ့နှစ်အစောပိုင်းတိုင်အောင် အီရတ်၌ ရွေးချယ်ပွဲကျင်းပရန် အဆင်သင့်ဖြစ်ဦးမည်မဟုတ်ကြောင်း ဖော်ပြထားသည့် ကုလသမဂ္ဂအစီရင်ခံစာကို ကိုဖီအာနန်က ထုတ်ပြန်လိုက်ကြောင်းသိရသည်။

နည်းလမ်းရှာဖွေ

ထို့အပြင် ယင်းရွေးချယ်ပွဲသည် အလွန်အရေးကြီးကြောင်းနှင့် တရားမျှတမည့် နည်းလမ်းရှာဖွေရန်လိုအပ်ကြောင်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က အစီရင်ခံစာ၌ ထည့်သွင်းဖော်ပြထားသည်။

ပထမဆုံးအဆင့်အနေဖြင့် ရွေးချယ်ပွဲကျင်းပရေးဆိုင်ရာဥပဒေများနှင့် ဥပဒေမူကြမ်းများကို အကြမ်းဆွဲရန်လိုအပ်ကြောင်း၊ အီရတ်ပြည်သူတိုင်း ယုံကြည်လက်ခံမည့် ရွေးချယ်ပွဲမျိုးကျင်းပပေးရန် အနည်းဆုံးတစ်လ အချိန်ယူရမည်ဖြစ်ကြောင်း ကုလသမဂ္ဂရွေးချယ်ပွဲများဆိုင်ရာ အကြံပေးအရာရှိချုပ်က ပြောကြားလိုက်သည်။

တောင်းဆို

အီရတ်တို့ထံ အချုပ်အခြာအာဏာပြန်လည် လွှဲပြောင်းပေးအပ်ပြီးသည်နှင့်တစ်ပြိုင်နက် ရွေးချယ်ပွဲများကို ကျင်းပပေးရန် အီရတ်ခေါင်းဆောင် အယာတိုလာအလီအယ်လ်စစ္စတာနီ၏ နောက်လိုက်များသည် လွန်ခဲ့သည့် ဇန်နဝါရီလအတွင်း လမ်းမများပေါ်စုဝေးကာ ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ **(စီအင်န်အင်န်)**

အီရတ်နှင့် အရှေ့အလယ်ပိုင်းအခြေအနေ ကန်ကာကွယ်ရေးဝန်ကြီးမှန်ကန်စွာမရှုမြင်ဟု အီရန်ပြောကြား

တီဟီရန် ဖေဖော်ဝါရီ ၂၇

အီရန်နယ်စပ်ကိုဖြတ်ပြီး အီရတ်နိုင်ငံထဲသို့တိုက်ခိုက်ရေးသမားများအား ဝင်ခွင့်ပြုသည်ဆိုခြင်းကို အီရန်နိုင်ငံက ငြင်းဆိုလိုက်ပြီး အမေရိကန် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်လ်ရမ်းစဖဲလ်၏ စွပ်စွဲပြောဆိုချက်များသည် အီရတ်နှင့် အရှေ့အလယ်ပိုင်း အခြေအနေကို မှန်ကန်စွာမရှုမြင်ဟု ပြောဆိုလိုက်သည်။

အီရန်နိုင်ငံသည် ဒေသတစ်ခုလုံး အတွက် အရေးကြီးသော အီရတ် လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ရှေးရှု လုပ်ဆောင်ခဲ့ကြောင်း နိုင်ငံခြားရေး ဝန်ကြီးဌာနပြောခွင့်ရှိသူ ဟာမစ်ရီဇာ အာဆီဖီက ပြောကြားသည်။

ဆန့်ကျင်

အီရတ်နိုင်ငံထဲဝင်ရောက်ရန် အတွက် အီရန်၏ နယ်စပ်ကို မည်သည့်အုပ်စုကိုမျှ အသုံးပြုခွင့်ပြုမည် မဟုတ်ကြောင်းနှင့် တရားဥပဒေမဲ့ မည်သည့်လုပ်ရပ်ကို မဆိုမိမိတို့ဆန့်ကျင်သွားမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောဆိုသည်။

အံ့သြ

အီရတ်သို့မဟုတ် ဒေသအပေါ် အမေရိကန်ကာကွယ်ရေးဝန်ကြီး နားလည် သဘောပေါက်နိုင်စွမ်း မရှိမှုသည် အံ့သြစရာကောင်းကြောင်းလည်း ၎င်းကပြောဆိုသည်။

ရမ်းစဖဲလ်သည် ဘဂ္ဂဒက်သို့ သွားရောက်ခဲ့စဉ် အီရန်နှင့်ဆီးရီးယားသည် တိုက်ခိုက်မှုများလုပ်ရန် တိုက်ခိုက်ရေးသမားများအား အီရတ်နိုင်ငံထဲသို့ နယ်စပ် ဖြတ်ဝင်ခွင့်ပြုခဲ့ကြောင်း ထပ်မံစွပ်စွဲ ပြောဆိုခဲ့သည်။

ဆီးရီးယားနှင့် အီရန်သည် အီရတ်ပြည်သူများကို အကူအညီမပေးခဲ့ကြောင်း သတင်းစာဆရာများအား ၎င်းက တနင်္လာနေ့၌ ပြောကြားသည်။

(အင်တာနက်)

အီရတ်စစ်ပွဲကိစ္စ နေတိုးအတွင်းသဘောကွဲလွဲခဲ့

ဘရက်ဆဲလ် ဖေဖော်ဝါရီ ၂၇

ပုံမှန်အားဖြင့် နေတိုးအဖွဲ့သည် စည်းလုံးသော်လည်း လွန်ခဲ့သည့်နှစ်၌ အီရတ်စစ်ပွဲနှင့် ပတ်သက်ပြီး သဘောထား ကွဲလွဲမှုများ ဆိုးဆိုးရွားရွားဖြစ်ပွားခဲ့သည်။

စစ်ပြီးကာလ အီရတ်နိုင်ငံတွင် နေတိုးအဖွဲ့ ပိုမိုပါဝင်လာစေရန် အမေရိကန်က တောင်းခံလာမှုကို နေတိုးအဖွဲ့ကမည်သို့တုံ့ပြန်မည်ဆိုသည်ကို နေတိုးအထွေထွေ အတွင်းရေးမှူးချုပ် သစ်ဂျက်ဒီဟွပ်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ အီရတ်နိုင်ငံ အချုပ် အခြာအာဏာရရှိရေးသည် ကွာဝေးနေသေးပြီး အီရတ်နိုင်ငံအချုပ်အခြာ အာဏာရရှိလာခဲ့သည့်အချိန်၌လည်း ကုလသမဂ္ဂကဖြစ်စေ၊ ကုလသမဂ္ဂထောက်ခံသော အီရတ်အုပ်ချုပ်မှုအစိုးရ အဖွဲ့ကဖြစ်စေ၊ နေတိုးကိုပိုမိုပါဝင် ဆောင်ရွက်ရန် တောင်းဆိုလာမှသာ ပါဝင်မည်ဖြစ်ကြောင်း တောင်းခံလာခြင်း မရှိပါက ပါဝင်ဆောင်ရွက်ရေးကိစ္စကို နေတိုးအဖွဲ့က ငြင်းဆိုမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

(စီအင်န်အင်န်)

မော်ရိုကိုငလျင် သေဆုံးသူ ၅၆၄ ဦးထက်မနည်းရှိပြီ

အယ်လ်ဟိုစီမာ ဖေဖော်ဝါရီ ၂၆

မော်ရိုကိုနိုင်ငံ အယ်လ်ဟိုစီမာတစ်ဝိုက်၌ အင်္ဂါနေ့က လှုပ်သွားခဲ့သောငလျင်ကြောင့် သေဆုံးသူအနည်းဆုံး ၅၆၄ဦး ရှိသွားပြီဖြစ်သည်။ ငလျင်ဒဏ်ကြောင့် လူပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ အင်မ်ဇူအိန် ဒေသတစ်ဝိုက်သည် ငလျင်ဒဏ်ကို အခံစားရဆုံးဒေသဖြစ်ပြီး အပျက်အစီးပုံများကြားမှ အသက်ရှင်ကျန်ရစ်သူများကို ကယ်ဆယ်ရေးလုပ်သားများက တူးဖော်ရှာဖွေလျက်ရှိသည်။ ငလျင်ဒဏ်ခံစားရသူများသည် သက်ဆိုင်ရာ၏ ကူညီထောက်ပံ့မှု အလုံအလောက် မရနိုင်ဘဲဖြစ်နေသည်။ ငလျင်ဘေးဒုက္ခသည်တချို့သည် ဈေးအတွင်းနှင့်၎င်းတို့၏ကားများနှင့် အပြင်ဘက် တဲများအတွင်းမှာသာ အိပ်စက်ကြရလျက်ရှိသည်။ နောက်ဆက်တွဲ ငလျင်ငယ်များလှုပ်ခတ်ခဲ့ခြင်းကြောင့်လည်း ဒေသခံများသည် အိမ်များအတွင်းမနေရဲဘဲ ဖြစ်နေကြသည်။ ဆေးရုံများမှာလည်း ဒဏ်ရာရသူများဖြင့် ပြည့်နေသည်။ **(စီအင်န်အင်န်)**

စစ်ဆေးမေးမြန်း

ဖေဖော်ဝါရီ ၂၆ ရက်က ဘဂ္ဂဒက်မြို့ပြင်တွင် အီရတ်တို့ကို စစ်ဆေးမေးမြန်းနေသော အမေရိကန်တပ်ဖွဲ့ဝင်များကိုတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

(၁၉) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

စက်မှုစွမ်းအား ခေတ်ကျော်လွှား

၂၀၀၄ ခုနှစ် မတ်လတွင် ကျင်းပမည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များစုံညီအစည်းအဝေးကို ကြိုဆိုသောအားဖြင့် ပြည်တွင်း ပြည်ပမှ အလှူငွေနှင့် ပစ္စည်းများပေးအပ်ပွဲအခမ်းအနားတွင် အလှူရှင် လူမှုထူးချွန် ပထမဆင့် သီရိသုဓမ္မ မဏိဇောတဓရ ဦးသိန်းဝင်း-အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်နီ(ရွှေသံလွင်ကုမ္ပဏီ)က အလှူငွေကျပ် သိန်း(၃၀) ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အဖွဲ့ချုပ်၏မွန်မြတ်သောရည်ရွယ်ချက်များအောင်မြင်ရေး အားမာန်အပြည့်စည်းလုံးညီညွတ်စွာဝိုင်းဝန်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ပဲခူးတိုင်း (အနောက်ပိုင်း)တိုင်းခွဲ အမျိုးသမီးရေးရာအဖွဲ့ဝင်များအား လုပ်ငန်းရှင်းလင်းသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၃ နာရီတွင် ပြည်မြို့မူယာပင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း(ယာပုံ)က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်များ၊ လာရောက်ရခြင်းအကြောင်းများနှင့် အဖွဲ့ချုပ်၏ မွန်မြတ်သောရည်ရွယ်ချက်များ အောင်မြင် ဖြစ်ထွန်းရေးအတွက် အားမာန်အပြည့်နှင့် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်း ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခင်ထားမေက ဖွဲ့စည်းပုံနှင့် အဖွဲ့ဝင်လျှောက်ထားမှုများကို လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ကြည်ကြည်မြက ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ ယဉ်ကျေးမှု၊ အမျိုးသမီးငယ်ရွယ်၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့များ၏တာဝန်ဝတ္တရားများကိုလည်းကောင်း၊မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ခေါင်းဆောင် ပါမောက္ခချုပ် ဒေါက်တာ ဒေါ်မေဝင်းအောင်ခင်က စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပြန်ကြားဆက်သွယ်ရေး၊ စည်းရုံးရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ ဘဏ္ဍာရေးနှင့် စီမံရေးရာ၊ တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့များ၏ တာဝန် ဝတ္တရားများကိုလည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးပြီး ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းခွဲ အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်နိုင်နိုင်မော်နှင့် အလှူရှင်များက လှူဒါန်းသည့် အလှူငွေများကို အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက လက်ခံရယူပြီးဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက နိဂုံးချုပ် အမှာစကားပြောကြားပြီးအခမ်းအနားတက်ရောက်သူများနှင့် ရင်းရင်းနှီးနှီးလိုက်လံတွေ့ဆုံ နှုတ်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပန်းဘဲတန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥပဒေရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပန်းဘဲတန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ဥပဒေရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပန်းဘဲတန်းမြို့နယ်၌ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နာယကမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊လူမှုရေးအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များတက်ရောက်ကြသည်။

အခမ်းနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်အုန်း**(ယာပုံ)**နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စွဲ့ခင်မာဝင်းတို့က အမှာစကားပြောကြားပြီး အမျိုးသမီးများရရှိပြီး အခွင့်အရေးနှင့် အမျိုးသမီးများအား အကာအကွယ်ပေးထားသော ဥပဒေများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကျော်မြင့်၊ ဒုတိယမြို့နယ်တရားသူကြီး ဒေါ်လှိုင်လှိုင်ဝေနှင့် မြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်ဖြူအေးတို့က ရှင်းလင်း ဆွေးနွေးကြကြောင်း သိရသည်။ **(က-ပ)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အလှူငွေနှင့်ပစ္စည်းများပေးအပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၇

၂၀၀၄ ခုနှစ် မတ်လတွင် ကျင်းပမည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များစုံညီအစည်းအဝေးကို ကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ပြည်တွင်း ပြည်ပမှ စေတနာရှင်အလှူရှင်များ၏ အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန (IBC)၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်း၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်ဝင်းအေးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ကျေးဇူးတင်စကား

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေကလှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံရှိ SOS Daehan Motors Co.,Ltd.က အမျိုးသမီးရေးရာအဖွဲ့ချုပ်တွင် အသုံးပြုရန် အတွက် Hyudai Starex Ambulance (9 seater) 2000Model မော်တော်ယာဉ်တစ်စီးနှင့် လူမှုထူးချွန်(ပထမဆင့်) သီရိသုဓမ္မ မဏိဇောတဓရ ဦးသိန်းဝင်း-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နီ(ရွှေသံလွင်ကုမ္ပဏီ)က အလှူငွေကျပ် သိန်း ၃၀၊ Inlay Shoes Manufacturing Co.,Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဦးဝေယံအောင်က ငွေကျပ် ၂၅ သိန်း၊ Myanmar Industrial Port Co.,Ltd မှ ဦးကိုကိုထူး-ဒေါ်စန္ဒာအောင်တို့က ငွေကျပ် ၁၅ သိန်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီးလ်ဟိန္ဒူ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်နှင့် အဖွဲ့က ငွေကျပ် ၁၀၀၃၅၀၀၊ ဒေါက်တာ အောင်ကျော်ဝင်း - ဒေါက်တာ သက်သက်နိုင်(ရွှေနန်းတော် စိန်ရွှေရတနာဆိုင်) ကငွေကျပ် ၁၀ သိန်း၊ ဦးတင်လှ-အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးကြည်က ငွေကျပ်၁၀ သိန်း၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ၊ သား ဒေါက်တာ တင်စိုးလင်း-ဒေါ်ပွင့်မာခိုင်(ရွှေပုစွန်မိသားစု) က ငွေကျပ် ၁၀သိန်း၊ Gold Uni Jewellery Co.,Ltd.မှ ဦးချောင်-ဒေါ်ရွှေစင် တို့က ငွေကျပ် ၁၀ သိန်း၊ ဦးအောင်သိန်း(Nibban TV Antenna)-ဒေါ်မြင့်မြင့်ဝင်း၊ ဒေါက်တာဝင်းစည်သူ-ဒေါက်တာ စုလှဟန်၊ ဦးလှဋ္ဌေး-ဒေါ်တင်နွယ်ဦး(မုန့်ချိုဆေးတိုက်)၊ဦးမြဟန်-သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်စံပါယ်ကြည် (Fortune International Co.,Ltd.)၊ ဆရာကြီးဦးလှမြင့်(ကေသီပန်ဆေးတိုက်) တို့က ငွေကျပ် ငါးသိန်းစီကိုလည်းကောင်း၊ ဦးထွန်းမြင့် - ဒေါ်အေးအေးညွန့်(ကြက်လျှာစွန်းဒံပေါက်)၊ သီရိသုဓမ္မ မဏိဇောတဓရ KN ဦးတင်ဝင်း-ဒေါ်စန်းဝင်းတို့က ငွေကျပ်သုံးသိန်းစီကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့၊ ဦးကျော်အောင်-ဒေါ်ရင်ဟွမ်(Benhur Co., Ltd.)၊ ဦးအုန်းဆိုင်-ဒေါ်မြင့်မြင့်စိန်(New Golden Gate Co.,Ltd.)၊ ဦးသိန်းဟံ-ဒေါ်သီသီ(Myanmar Pipe & Accessories Co.,Ltd.)၊ သီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းနိုင်-သီဟသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ-(သမ္မတသကၠန်းတိုက်) တို့က ငွေကျပ် နှစ်သိန်းစီနှင့် ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (Sun Myanmar International Impex Co .Ltd.)၊ ဦးမင်း သိန်းထွဋ်-ဒေါ်မြသောင်းဝေ(PM Co.,)၊ ဦးခင်မောင်ထွန်း၊သားကိုထက်လင်း (ထက်လင်းဆေးတိုက်) တို့က ငွေကျပ် တစ်သိန်းစီ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင်ဝင်းတို့က အသီးသီး လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ လှူဒါန်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ယနေ့ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၁၆၄၀၃၅၀၀ နှင့် မော်တော်ယာဉ်တစ်စီးဖြစ်သည်။ **(သတင်းစဉ်)**

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

ဆရာတော်ကြီးများ၏နည်းလမ်းညွှန်ပြသြဝါဒကိုလေးလေးစားစားဦးထိပ်ထားလိုက်နာကျင့်သုံး မြတ်ဗုဒ္ဓသာသနာတော်မြတ်ကြီးသန့်ရှင်းသည်ထက်သန့်ရှင်းအောင်ဆတက်ထမ်းပိုးရွက်ဆောင်အားထုတ်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သဘာပတိ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော်ဘုရားကြီး ဘဒ္ဒန္တသောဘိတမဟာထေရ်မြတ်၏ အစည်းအဝေးဖွင့် သာရဏီယသြဝါဒကထာမှာ အောက်ပါအတိုင်းဖြစ်သည်။

ပဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော် အရှင်သူမြတ်တို့ဘုရား–

ယခုကျင်းပအပ်သော ဒသမအစည်းအဝေးသည် ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ သက်တမ်းပြည့် နောက်ဆုံးအစည်းအဝေး ဖြစ်ပါသည်။ ဤအစည်းအဝေး၌ ၂၅ ရာခိုင်နှုန်း အနားယူခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရမည်ဖြစ်၍ အရေးကြီးသော အစည်းအဝေးဖြစ်ပါသည်။ ဤ အရေးကြီးသော အစည်းအဝေးသို့ ဆရာတော်အရှင်မြတ်တို့ စုံစုံညီညီ ကြွရောက်တော်မူကြခြင်းကြောင့် သာသနာတော်အတွက် အားတက်ကြည်နူး အထူးပင် ဝမ်းမြောက်မိပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား–

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးစအခါ မဂဓမင်း၏ အမတ်ကြီး ဖြစ်သော ဝဿကာရပုဏ္ဏားက "အရှင်အာနန္ဒာ၊ အရှင်ဂေါတမက ငါဘုရား ပရိနိဗ္ဗာန်စံရာအခါ၌ ဤရဟန်းသည် သင်တို့၏ ကိုးကွယ်ရာဖြစ်လိမ့်မည်ဟု ထားခဲ့သော–ယခုအခါ (အရှင်ဂေါတမ ထားခဲ့သည့်အတိုင်း) အရှင်တို့ အသိအမှတ်ပြုကာ လိုက်နာကိုးစားနေသော ရဟန်းတစ်ပါးမျှရှိပါသလား"ဟု မေးလျှောက်ခဲ့ပါသည်။

"ပုဏ္ဏား၊ အဲဒီလိုရဟန်းတစ်ပါးမျှ မရှိပါ"ဟု အရှင်အာနန္ဒာက ဖြေတော်မူသောအခါ ဝဿကာရပုဏ္ဏားက "အရှင်အာနန္ဒာ၊ ဤရဟန်းသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည့်အခါ ငါတို့၏ကိုးကွယ်ရာဖြစ်လိမ့်မည်ဟု သံဃာက သမုတ်ထားအပ်သော များစွာသော ထေရ်ကြီးရဟန်းတော်များက ရွေးချယ် တင်မြှောက်ထားအပ်သော၊ ယခုအခါ အရှင်တို့ကလည်း အသိအမှတ်ပြုကာ လိုက်နာကိုးစားနေသော ရဟန်းတစ်ပါးမျှ ရှိပါသလား"ဟု မေးလျှောက်ရာ၌လည်း "ပုဏ္ဏား၊ အဲဒီလို ရဟန်းမျိုးလည်း မရှိပါ"ဟု ဖြေတော်မူသည်။

ထိုအခါ ဝဿကာရပုဏ္ဏားက "အရှင်အာနန္ဒာ၊ ဤသို့ ကိုးကွယ်ရာ မရှိပါဘဲလျက် အဘယ်အကြောင်းကြောင့် ညီညွတ်နေပါသလဲ"ဟုမေးလျှောက်ရာ "ပုဏ္ဏား၊ ငါတို့ဟာ ကိုးကွယ်ရာမရှိသူများ မဟုတ်ကြ၊ ကိုးကွယ်ရာရှိကြသည်၊ ငါတို့ဟာ တရားတော်ကို ကိုးကွယ်ကြသည်" ဟု အရှင်အာနန္ဒာက ဖြေတော်မူသည်။

ထိုအခါ ဝဿကာရပုဏ္ဏားက "အရှင်အာနန္ဒာ၊ ရှင်ဂေါတမက အရှင်တို့ ကိုးကွယ်ရာဖြစ်လိမ့်မည်ဟု ထားခဲ့တဲ့ ရဟန်းတစ်ပါးမျှ ရှိပါသလား"ဟု မေးသောအခါ "မရှိ"ဟု ဖြေပါသည်။ "သံဃာက သမုတ်အပ်၊ များစွာသော ထေရ်ကြီးရဟန်းတို့က တင်မြှောက်ထားအပ်သော ကိုးကွယ်ရာ ရဟန်းတစ်ပါးမျှ ရှိပါသလား"ဟု မေးတဲ့အခါလည်း "မရှိ"ဟုဖြေပါသည်။ "အဲဒီလို ကိုးကွယ်ရာ မရှိပါဘဲလျက် အဘယ်အကြောင်းကြောင့် ညီညွတ်နေပါသလဲ"ဟု မေးသောအခါ "ငါတို့ဟာ ကိုးကွယ်ရာမရှိသူများ မဟုတ်ကြ၊ ကိုးကွယ်ရာ ရှိကြသည်၊ တရားကို ကိုးကွယ်ကြသည်"ဟု ဖြေပါသည်။

ဤစကား၏ အနက်အဓိပ္ပာယ်ကို အဘယ်သို့ မှတ်ရပါမည်နည်းဟု မေးလျှောက်ရာ "ပုဏ္ဏား၊ မြတ်ဘုရားသည် သိက္ခာပုဒ် စည်းကမ်းကို ပညတ်ထားခဲ့ပါသည်။ ပါတိမောက်ကို ပြတော်မူခဲ့ပါသည်။ ငါတို့ဟာ ဥပုသ်နေ့တိုင်း ရွာနယ်တစ်ခုအတွင်း နေထိုင်ကြတဲ့ ရဟန်းအားလုံး တပေါင်းတည်း စည်းဝေးကြပြီးလျှင် ပါတိမောက်ကို နှုတ်တက်ရသောရဟန်းကို ရွတ်ပြစေကြပါသည်။ ပါတိမောက်ကို ရွတ်ပြသောအခါ ရဟန်းတစ်ပါးပါးမှာ အပြစ်သင့်နေလျှင် အဲဒီရဟန်းကို ငါတို့သည် တရားအားလျော်စွာ ပြုစေကြပါသည်"ဟု ဖြေတော်မူပါသည်။

ထိုအခါ ဝဿကာရပုဏ္ဏားက "ဤသို့ ပြုစေကြလျှင် အရှင်တို့က ပြုစေကြသည်မဟုတ်၊ တရားတော်က ပြုစေကြသကိုး"ဟု လျှောက်ထားပြီးလျှင် "အရှင်အာနန္ဒာ၊ အရှင်တို့ ရိုသေအပ်၊ လေးစားအပ်၊ မြတ်နိုးအပ်၊ ပူဇော်အပ်သော အရိုအသေ အလေးအမြတ်ပြု၍ မှီနေရမည်ဖြစ်သော ရဟန်းတစ်ပါးမျှ ရှိပါသလော" ဟု မေးလျှောက်သောအခါ "အဲဒီလို ရဟန်းတစ်ပါးမျှ မရှိပါ"ဟု ဖြေဆိုပါသည်။ ဝဿကာရပုဏ္ဏားက "အရှင်အာနန္ဒာ၊ ဤ ရဟန်းသည် ငါကွယ်လွန်သောအခါ သင်တို့၏ ကိုးကွယ်ရာဖြစ်လိမ့်မည်ဟု အရှင်ဂေါတမ ထားခဲ့သော အရှင်တို့ကိုးကွယ်ရာ ရဟန်းတစ်ပါးမျှ ရှိပါသလား"ဟု မေးသောအခါ "မရှိပါ"ဟု ဖြေတော်မူပါသည်။ ဤရဟန်းသည် "မြတ်စွာဘုရားပရိနိဗ္ဗာန်စံသည့်အခါ ငါတို့ကိုးကွယ်ရာဖြစ်လိမ့်မည်ဟု သံဃာက သမုတ်ထားအပ်သော၊ များစွာသော ထေရ်ကြီးရဟန်းတို့က တင်မြှောက်ထားအပ်သော အရှင်တို့ကိုးကွယ်ရာ ရဟန်းတစ်ပါးမျှရှိပါသလား"ဟု မေးသောအခါ"မရှိပါ" ဟု ဖြေတော်မူပါသည်။ "အရှင်တို့ ရိုသေအပ်၊ လေးစားအပ်၊ မြတ်နိုးအပ်၊ ပူဇော်အပ်သော အရိုအသေ အလေးအမြတ်ပြု၍ မှီနေရမည်ဖြစ်သော ရဟန်းတစ်ပါးမျှ ရှိပါသလား"ဟု မေးသောအခါ"မရှိပါ"ဟု ဖြေတော်မူပါသည်။ ဤစကား၏ အနက်အဓိပ္ပာယ်ကို အဘယ်သို့ မှတ်ရပါမည်နည်းဟု မေးလျှောက်ပြန်ပါသည်။

ထိုအခါ အရှင်အာနန္ဒာက "ပုဏ္ဏား၊ ဤသာသနာတော်၌ ရဟန်းသည်–
(၁) သီလနှင့်ပြည့်စုံ၏၊
(၂) အကြားအမြင်များ၏၊
(၃) ပစ္စည်းလေးပါးတို့ဖြင့် ရောင့်ရဲလွယ်၏၊
(၄) ဈာန်လေးပါးတို့ကို အလိုရှိတိုင်း မငြိုမငြင် မပင်မပန်းဘဲရ၏၊
(၅) ဣဒ္ဓိဝိဓ အဘိညာဉ်ကို ရ၏၊
(၆) ဒိဗ္ဗသောတ အဘိညာဉ်ကို ရ၏၊
(၇) ပရစိတ္တဝိဇာနန အဘိညာဉ်ကို ရ၏၊
(၈) ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကို ရ၏၊
(၉) ဒိဗ္ဗစက္ခု အဘိညာဉ်ကို ရ၏၊
(၁၀) အာသဝေါကင်းကွာ ရဟန္တာပုဂ္ဂိုလ်ဖြစ်၏။

ပုဏ္ဏား၊ မြတ်စွာဘုရားသည် ဤကြည်ညိုဖွယ် ဂုဏ်ဆယ်ပါးတို့ကို ဟောတော်မူခဲ့၏။ ထိုကြည်ညိုဖွယ်ဂုဏ် ဆယ်ပါးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ငါတို့သည် အရိုအသေပြုကြကုန်၏။ အလေးအမြတ်ပြုကြကုန်၏။ မြတ်နိုးကြကုန်၏။ ပူဇော်ကြကုန်၏။ အရိုအသေ အလေးအမြတ်ပြု၍ မှီနေကြကုန်၏ဟု ဖြေဆိုတော်မူခဲ့ပါသည် ဘုရား။ (မ၊၃၊၅၉–၆၃)

ဆရာတော်အရှင်မြတ်တို့ဘုရား–

ဤဒေသနာတော်အရ ဘုရားတပည့်တော်တို့သည် တရားတော်သာလျှင် ကိုးကွယ်ရာရှိသူများဖြစ်ကြသည့်အားလျော်စွာ မြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့သော ဓမ္မဝိနယများ၊ ထိုဓမ္မဝိနယနှင့်အညီ ပြဋ္ဌာန်းထားအပ်သော အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်း စသည်များကို မိမိတို့၏ ကိုးကွယ်ရာ၊ အားထားရာ၊ မှီခိုရာဟု လေးနက်စွာ ခံယူကြကာ ထိုဓမ္မဝိနယများ အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများကို တိတိကျကျ လိုက်နာကျင့်သုံးကြလျက် ပုဂ္ဂိုလ်အချင်းချင်း၊ ဂိုဏ်းဂဏအချင်းချင်း မျက်မှောက်၊ မျက်ကွယ်နှစ်ဌာနလုံး၌ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာကို ရှေးရှုထင်စေလျက် ဆန့်ကျင်ဘက်စကားပြောကြား ငြင်းခုံခြင်း၊ စိတ်ဝမ်းကွဲပြားခြင်း အလျှင်းမရှိကြဘဲ ရေကိုသားက အကြားမထင်သလို မကွဲမပြား တစ်သားတည်း ညီညီ ညွတ်ညွတ်ဖြင့် ဘုရားရှင်ဟောတော်မူအပ်သော ကြည်ညိုဖွယ် ပသာဒနီယ ဂုဏ်ဆယ်ပါးနှင့် ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ် မဟုတ်စေကာမူ ထိုပသာဒနီယ ဂုဏ်ဆယ်ပါးတို့တွင် ထိုက်သင့်သမျှဂုဏ်တို့နှင့် ပြည့်စုံတော်မူကြသော သံဃပိတု၊သံဃပရိဏာယက သံဃာ့ဦးသျှောင် ဖြစ်တော်မူကြသည့် ဆရာတော်ဘုရားကြီးများကို ရိုသေကြ၊ လေးစားကြ၊ မြတ်နိုးကြ၊ ပူဇော်ကြ၊ အရိုအသေ အလေးအမြတ်ပြုကာ မှီခိုကြပြီးလျှင် ထိုသံဃပိတု၊ သံဃပရိဏာယက သံဃာ့ဦးသျှောင် ဆရာတော်ဘုရားကြီးများ၏ နည်းလမ်းညွှန်ပြသြဝါဒကို လေးလေးစားစား ဦးထိပ်ထား၍ လိုက်နာကျင့်သုံးကုန်ကြလျက် မိမိတို့ အချင်းချင်းလည်း တိုင်ပင်ညှိနှိုင်းကာ ယခင်အတွေ့အကြုံများကို သင်ခန်းစာယူကြ၍ နည်းလမ်းကောင်းများကို ရှာကြံပြီးလျှင် အားသစ်၊ ဉာဏ်သစ်လောင်းကာ မြတ်ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းသည်ထက်သန့်ရှင်းအောင်၊ ယခုထက် ဆတက်ထမ်းပိုးတိုးကာ စည်ပင်ပြန့်ပွားထွန်းကားအောင် ရွက်ဆောင် အားထုတ်တော်မူကြပါဟု တိုက်တွန်းစကား လျှောက်ထားပါသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား။ **(သတင်းစဉ်)**

ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုတက္ကသိုလ်များအတွက် အထူးပြုရည်ညွှန်းသော ယဉ်ကျေးမှုစာတမ်းဖတ်ပွဲတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယဉ်ကျေးမှုတက္ကသိုလ်များအတွက်အထူးပြုရည်ညွှန်းသော စာတမ်းဖတ်ပွဲဖွင့်ပွဲဝန်ကြီးဗိုလ်ချုပ်ကြည်အောင်တက်ရောက်မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုတက္ကသိုလ်များအတွက် အထူးပြုရည်ညွှန်းသော ယဉ်ကျေးမှုစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ရှေးဦးစွာ စာတမ်းဖတ်ပွဲ နံနက်ပိုင်းအစီအစဉ်ကို ကျင်းပရာ သဘာပတိအဖြစ် ဒေါက်တာခင်မောင်ဝင်း၊ သဘာပတိ အဖွဲ့ဝင်များ အဖြစ် ဗိုလ်မှူးချုပ်ခင်အုန်း (အငြိမ်းစား) (သုတေသီ–ရာမညကိုကိုနိုင်)၊ ဒေါက်တာ ခင်မောင်ညွန့် (သမိုင်းပညာရှင်)တို့ကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) သဘင်ပညာဌာန နည်းပြ ဒေါ်အေးစန္ဒာအောင်၊ တွဲဖက်အခမ်းအနားမှူးအဖြစ် သဘင်ပညာဌာန နည်းပြ ဒေါ်ဇင်မာဝင်းတို့က ဆောင်ရွက်ကြသည်။

ထို့နောက် စာတမ်းဖတ်ပွဲကို ကျင်းပရာ ဦးလှကြိုင်(ပါရဂူ)က "အရှေ့တိုင်းစာပေရသ" စာတမ်းကို လည်းကောင်း၊ အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင် (မောင်အံ့၊ မဟာဝိဇ္ဇာ ဘုံဘေ)က "ဗုဒ္ဓစာပေနှင့် မြန်မာစာပေဆိုင်ရာ ရသများ" စာတမ်းကို လည်းကောင်း ဖတ်ကြားတင်ပြကြပြီး စာတမ်းဖတ်ပွဲ တက်ရောက်လာသူများ၏ မေးမြန်းချက်များကိုစာတမ်းရှင်များကပြန်လည်ဖြေကြားကြကာ နံနက်ပိုင်းအစီအစဉ်ကို ခေတ္တရပ်နားသည်။

ထို့နောက် စာတမ်းဖတ်ပွဲ မွန်းလွဲပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဗိုလ်မှူးချုပ်ခင်အုန်း (အငြိမ်းစား) (သုတေသီ–ရာမညကိုကိုနိုင်)၊ သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံဝိဇ္ဇာသိပ္ပံ အမှုဆောင်ကော်မတီအဖွဲ့ဝင် အငြိမ်းစား ပါမောက္ခဒေါ်ကြည်ကြည်လှနှင့်စာရေးဆရာမကြီးဒေါ်ရင်ရင် (ဒေါ်စောမုံညင်း) တို့က ဆောင်ရွက်ကြပြီး တွဲဖက်အခမ်းအနားမှူးက စာတမ်းဖတ်ကြားမည့် စာတမ်းရှင်များ၏ ကိုယ်ရေးအကျဉ်းကို ဖတ်ကြားသည်။

ယင်းနောက် စာတမ်းဖတ်ပွဲကို ကျင်းပရာ ဦးကျော်စွာ (ချစ်ဦးညို)က "ဥပမာ၊ ဥပစာတို့ဖြင့် တန်ဆာဆင်အပ်သော ပိဋကတ်တော်လာ အနှစ်သာရ" စာတမ်းကို လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာန ပါမောက္ခ ဦးသိန်းဇံ(နန္ဒာသိန်းဇံ)က "အနောက်တိုင်းရသ" စာတမ်းကို လည်းကောင်း ဖတ်ကြားတင်ပြကြပြီး စာတမ်းဖတ်ပွဲတက်ရောက်လာသူများ၏ မေးမြန်းချက်များကို စာတမ်းရှင်များက ပြန်လည်ဖြေကြားကြကာ ပထမနေ့ စာတမ်းဖတ်ပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အဆိုပါ စာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

တန့်ဆည်မြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး၊ နိုင်ငံတော်ဘွဲ့တံဆိပ်တော်ရ ဇာတိနယ်ဘွား ဆရာတော်ကြီးများ ဂုဏ်ပြုပူဇော်ပွဲ၊ ၇၅နှစ်အထက် သက်ကြီးပူဇော်နှင့် ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ ဂုဏ်ပြုဆုပေးပွဲကို မတ်၇ရက် နံနက် ၇နာရီမှ မွန်းတည့်၁၂နာရီအထိ ဗဟန်း ၃လမ်းရှိ အသင်းတိုက်ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ အသက်၇၅နှစ်အထက်မိဘများနှင့် ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ အမှတ်စာရင်းနှင့်တကွ မြို့နယ်စည်းရုံးရေးမှူးများအသင်းရုံးနှင့် ဖုန်း–၆၅၁၁၈၂ သို့ မတ်၅ရက်မတိုင်မီ ပေးပို့ကြပြီး နယ်မှအသင်းဝင်များ၊ အသင်းဝင်မဟုတ်သူများအားလုံး အစည်းအဝေးသို့တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေးကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တက်ရောက်၍ သာသနာရေးဆိုင်ရာများလျှောက်ထား

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)ဒေါက်တာလှဖေ၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းနှင့်ခရိုင် သာသနာရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မကွေးတိုင်း သရက်မြို့ အောင်မင်္ဂလာစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပဲခူးတိုင်း ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိက ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာတော်မူသည်။

အစီအစဉ်အရ ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မြင်းခြံမြို့ ကိုးဆောင်တိုက် ဆရာတော် ဘဒ္ဒန္တသောဘိတ၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသက ဖတ်ကြားတော်မူသည်။

(မြင်းခြံ ဆရာတော်ကြီး၏ သာရဏီယဩဝါဒကထာကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် မြန်မာနိုင်ငံတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဦးဆောင်မှုဖြင့် သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးအတွက် သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာဟူ၍ အပိုင်းသုံးပိုင်း ခွဲခြားဆောင်ရွက်တော်မူလျက်ရှိကြသည်ကို သိရှိရပါကြောင်း၊ "ညီညွတ်သော သံဃာတော်တို့၏ အကျင့်သည် ချမ်းသာကြောင်းဖြစ်၏" ဟူသော ဗုဒ္ဓဒေသနာတော်နှင့်အညီ ဆရာတော်ကြီးများ ညီညီညွတ်ညွတ် သာသနာရေးကိစ္စများ ဆောင်ရွက်တော်မူနေကြသည်ကို ဖူးတွေ့ရပါသဖြင့် အထူးပင် ကြည်ညိုသဒ္ဓါပွားကြရပါကြောင်း။

ရှေးရှေးသော မင်းကောင်းမင်းမြတ်များနည်းတူ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင်လည်း သီလ၊ သမာဓိ၊ ပညာဟူသော ဂုဏ်အပေါင်း

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမ အစည်းအဝေးတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားစဉ်။(သတင်းစဉ်)

နှင့် ပြည့်စုံတော်မူကြသည့် ဆရာတော် သံဃာတော်များအား သာသနာတော်ဆိုင်ရာ ဘွဲ့ထူးဂုဏ်ထူးများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ခံညားထည်ဝါပြီး ကြည်ညိုဖွယ်ဆောင်သည့် သာသနိကအဆောက်အအုံများ တစ်နိုင်ငံလုံးတွင် တစ်ပြေးညီပေါ်ထွန်းလာခြင်း၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများ ဖွင့်လှစ်နိုင်ခြင်း၊ တောင်တန်းသာသနာပြုကျောင်းများ ဖွင့်လှစ်နိုင်ခြင်းစသည့် သာသနာရေးဆိုင်ရာအပိုင်း၏ အောင်မြင်မှု အကျိုးကျေးဇူးများကို လက်တွေ့ ရရှိခံစားနေရပြီ ဖြစ်ပါကြောင်း။

ထို့ပြင် သာသနာတော် မှေးမှိန်စေသည့်အဓမ္မဝါဒများကိုလည်းကောင်း၊ ရဟန်းတု ရဟန်းယောင်များကိုလည်းကောင်း သံဃာ့ဥပဒေဖြင့် ဖော်ထုတ် အရေးယူနိုင်ခဲ့ခြင်းတို့ကြောင့် ရဟန်းကောင်း၊ ရဟန်းမြတ်များ စိတ်အေးချမ်းသာစွာ သာသနာပြုလုပ်ငန်းများဆောင်ရွက်နိုင်ကြသည်မှာ ဝိနိစ္ဆယရေးရာအပိုင်း၏ အကျိုးအာနိသင်များပင်ဖြစ်ပါကြောင်း။

အလားတူ ပရိယတ္တိ သာသနာတော်ကြီး စည်ပင်ပြန့်ပွားပါမှ ဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည်ကြာတည်တံ့မည်ဟူသော ဦးတည်ချက်ဖြင့် အရည်အချင်းပြည့်ဝသော ပရိယတ္တိစာမေးပွဲ အထူးအောင် ပုဂ္ဂိုလ်များ မွေးထုတ်နိုင်ခဲ့ခြင်း၊ ယနေ့ ကမ္ဘာ့နိုင်ငံများတွင် မရှိသေးသော တိပိဋကဓရ တိပိဋက ကောဝိဒ စာအောင်သာသနာ့ အာဇာနည်ပုဂ္ဂိုလ်ထူး ၁၀ ပါးအထိ ပေါ်ထွန်းလာခဲ့ခြင်း၊ ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၊ ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်ကြီးများ မွေးထုတ်ရာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးများ ပေါ်ထွန်းလာခြင်း စသည်တို့ မှာ ပညာရေးအပိုင်း၏ အောင်မြင်မှု ရလဒ်ကောင်းများပင်ဖြစ်ပါကြောင်း။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ

အထူးသဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ကမ္ဘာပေါ်ရှိ ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများတွင် အထင်အရှားဆုံးနိုင်ငံဖြစ်သည်နှင့်အညီ ဗုဒ္ဓသာသနာတော်မြတ်ကြီး၏ အနှစ်သာရဖြစ်သော လောဘ ဒေါသ မောဟ စသော လောင်မီးကိလေသာတို့ ငြိမ်းအေးမှု အမြိုက်အရသာကို ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး တန်းတူရည်တူခံစားနိုင်စေရန် ရည်သန်၍ ၂၀၀၄ ခုနှစ်တွင် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို မြန်မာနိုင်ငံက ဂျပန်ဗုဒ္ဓဘာသာအဖွဲ့နှင့် ပူးပေါင်း၍ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ ကျင်းပမည်ဖြစ်ရာ လိုအပ်သည်များကို အထူးစီစဉ် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိဂုံးချုပ်အားဖြင့် ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်း တည်တံ့ပြန့်ပွားရေးအတွက် ဆရာ၊ ဒါယကာ လက်တွဲ ညီညာစွာ ဆောင်ရွက်ပါမည့်အကြောင်းနှင့် ဆရာတော်ကြီးများ သက်ရှည်ကျန်းမာစွာဖြင့် သာသနာ့တာဝန်များကို ဆတက်ထမ်းပိုးတို၍ ဆောင်ရွက်နိုင်ကြပါစေကြောင်းဖြင့် လျှောက်ထားသည်။

ထို့နောက် ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ တတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို အခမ်းအနားမှူး ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပဲခူးတိုင်း ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ် ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိက တင်သွင်းလျှောက်ထားတော်မူသည်။

ကဏ္ဍအလိုက်တင်သွင်းလျှောက်ထား

ဆက်လက်၍ ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ) ၏ တတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဝိနိစ္ဆယရေးရာဆောင်ရွက်ချက် အစီရင်ခံစာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ ဖြစ်တော်မူကြသော မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိစာရနှင့် မွန်ပြည်နယ် ရေးမြို့ ဖာလဇေတဝန်ကျောင်း ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဣန္ဒသိရိတို့ကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက် အစီရင်ခံစာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ ဖြစ်တော်မူကြသော ရှမ်းပြည်နယ် ပင်လုံမြို့ မင်္ဂလာမွေတော်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘိတနှင့် မန္တလေးတိုင်း မိုးကုတ်မြို့ မဟာသတိပဋ္ဌာန် ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သုနန္ဒတို့ကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက် အစီရင်ခံစာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မကွေးတိုင်း ဆင်ဖြူကျွန်းမြို့ မဟာဝိဇယာရာမတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကဝိဓဇက လည်းကောင်း ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားတော်မူကြပြီး နံနက်ပိုင်း အစည်းအဝေးအစီအစဉ်ကို ခေတ္တရပ်နားသည်။

အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များက သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာနှင့် ပညာရေးရာကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး ပထမနေ့ အစည်းအဝေးအစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေး(ဒုတိယနေ့) အစီအစဉ်များကို ဖေဖော်ဝါရီ ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ဆွမ်းဆက်ကပ်လှူဒါန်း

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အကြိုညှိနှိုင်းအစည်းအဝေး(ပထမနေ့) ကျင်းပသည့် ဖေဖော်ဝါရီ ၂၄ ရက်တွင် အရုဏ်ဆွမ်းအလှူကို ပခုက္ကူဆရာတော် ဘဒ္ဒန္တ ဝိစာရ အား အမှူးထား၍ ရဟန်းဒါယကာ ဦးကြိုင်နှင့်ရဟန်းဒါယိကာမဒေါ်ခင်ကြည်အေး မိသားစုက လည်းကောင်း၊ နေ့ဆွမ်းအလှူကို ပခုက္ကူဆရာတော် ဘဒ္ဒန္တ ဝိစာရအား အမှူးထား၍ ရဟန်းဒါယကာ ဦးကျော်လှိုင်နှင့် ရဟန်းဒါယိကာမ ဒေါ်ရီရီဝင်း မိသားစုက လည်းကောင်း၊ အကြိုညှိနှိုင်း အစည်းအဝေး (ဒုတိယနေ့) ကျင်းပသည့် ဖေဖော်ဝါရီ ၂၅ ရက်တွင် တစ်နေ့တာ ဆွမ်းအလှူကို ဦးအေးတင်–ဒေါ်ကြူကြူ မိသားစုက လည်းကောင်း၊ အကြိုညှိနှိုင်းအစည်းအဝေးတတိယနေ့ကျင်းပသည့်ဖေဖော်ဝါရီ ၂၆ ရက်တွင် အရုဏ်ဆွမ်းအလှူကို ဒုတိယဗိုလ်မှူးကြီးအောင်သိန်း–ဇနီး ဒေါ်ခင်သန်းဌေး၊ သမီး ဒေါက်တာခိုင်ထူးအောင်၊ သားဗိုလ်နိုင်ထူးအောင် မိသားစုကလည်းကောင်း၊ နေ့ဆွမ်းအလှူကို အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်–ဇနီး သီရိသုဓမ္မသီဂိ ဒေါ်တင်တင်ဝေ မိသားစု၊ ဦးတင်မိုး–ဒေါ်အေးရှင် (နိဗ္ဗ) မိသားစု၊ ဦးစိန်ဝမ်း–ဒေါ်မဥ္ဇူထွန်းမိသားစုနှင့် ဦးအောင်နိုင်ထွန်း–ဒေါ်စိုးစိုးအေး မိသားစုတို့ကလည်းကောင်း ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြပြီး ယနေ့တွင် ဒေါ်မြင့်မြင့်သိန်းနှင့်ဒေါ်ခင်ဝင်းမြင့်တို့ညီအစ်မ တစ်စုက တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

ဆေးကုခံ ကျောင်းသား ကျောင်းသူများအတွက် တက္ကသိုလ်ဝင်စာမေးပွဲစာဖြေဌာနများဖွင့်လှစ်ပေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်အဖွဲ့တို့ ကြိုတင်ညှိနှိုင်းထားချက်အရ မတ် ၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှုခံယူနေကြရသော ကျောင်းသား ကျောင်းသူများ နစ်နာမှုမရှိစေရန် ရည်ရွယ်လျက် ဆေးရုံစာဖြေဌာနသုံးခုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် ဝေဘာဂီအထူးကုဆေးရုံကြီးတို့၌ ဖွင့်လှစ်ပေးရန် စီစဉ်ထားသည်။

စာမေးပွဲဝင်ရောက်ဖြေဆိုလိုကြသည့် ကျောင်းသား ကျောင်းသူ (အတွင်းလူနာ)များသည် အဆိုပါ ဆေးရုံကြီးများ၌ အထူးတာဝန်ချထားသော ဆေးလူမှုဆက်ဆံရေးအရာရှိများနှင့် ဆက်သွယ်ဆောင်ရွက် အကူအညီတောင်းခံနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စီးပွားကူးသန်း ရေသို့လှမ်း

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေးတွင် သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မကွေးတိုင်း သရက်မြို့ အောင်မင်္ဂလာစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တကေသရက ဆောင်ရွက်စဉ်။ (သတင်းစဉ်)

❒ တက္ကသိုလ်မှ

ပေးပို့ထားပြီးဖြစ်ရာ မိမိတို့၏ ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲဝင်ခွင့်ကတ်ပြား (Identity Card) များကို သက်ဆိုင်ရာ စာစစ်ဌာနကြီးကြပ်ရေးမှူးများထံမှ မတ် ၃ ရက် (ဗုဒ္ဓဟူးနေ့)မှ စ၍ စာမေးပွဲ ရက်မတိုင်မီ ကြိုတင်စုံစမ်း မေးမြန်းထုတ်ယူကြရန်ဖြစ်သည်။

ရန်ကုန်မြို့မ စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်အသီးသီးတွင်ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် ခုံအမှတ်စာရင်းများနှင့် စာစစ်ဌာနစာရင်းများကို မြို့နယ်အလိုက် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် မတ် ၄ ရက် (ကြာသပတေးနေ့) မှစ၍ ကပ်ထားပေးမည်ဖြစ်သည်။

ရန်ကုန်မြို့မ စည်ပင်သာယာနယ်နိမိတ်အတွင်းမှ ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဝင်ခွင့်ကတ်ပြားများကို မတ် ၈ ရက် (တနင်္လာနေ့)မှစ၍ ထုတ်ပေးမည်ဖြစ်ရာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းခွဲနှင့် တွဲဖက်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဝင်ခွင့်ကတ်ပြားများကို သက်ဆိုင်ရာ မိမိတို့ ကျောင်းအုပ်ကြီးများထံမှလည်းကောင်း၊ ပြင်ပမှ ဖြေဆိုသူများသည် စာမေးပွဲဝင်ခွင့်ကတ်ပြားများကို မိမိတို့ ဖြေဆိုရမည့် စာစစ်ဌာနကြီးကြပ်ရေးမှူးများထံမှလည်းကောင်း အသီးသီး ထုတ်ယူနိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သံဃမဟာပရိဝါသ်ပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ကျိုက်လတ်မြို့နယ် ရုံးဒေါင့်မြို့ သီရိမင်္ဂလာတိုက်သစ်ကျောင်း ဦးစီးပဓာန တိုင်းသံဃာ့ဝန်ဆောင် မြို့နယ်သံဃနာယကဆရာတော် ဘဒ္ဒန္တရာဇိန္ဒ အရှင်သူမြတ်၏ ဦးဆောင်မှုဖြင့် ဒုတိယအကြိမ်မြောက် သံဃာ့ မဟာပရိဝါသ်ပွဲတော်ကို ၁၃၆၅ ခုနှစ် တပေါင်းလပြည့်ကျော် ၅ ရက်မှ ၁၃၆၆ ခုနှစ် တန်ခူးလဆန်း ၅ ရက်အထိ ၁၅ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ သိက္ခာ (၃)ဝါအထက် ပရိဝါသ်ဆောက်တည်လိုကြကုန်သော သံဃာတော် အရှင်သူမြတ်တို့သည် တပေါင်းလပြည့်ကျော် ၃ရက် နောက်ဆုံးထားလျက် ရန်ကုန်ရုံးဒေါင့် (ရွှေမြင့်မိုရ်) ကားစီး၍ သီရိမင်္ဂလာတိုက်သစ်ကျောင်းသို့ ကြွရောက်နိုင်ကြောင်း သိရသည်။ **(က–ပ)**

မဟာစည်ချီးကျူးဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၄ဖြင့် ဇန်နဝါရီ ၄ ရက်တွင် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း အပ်နှင်းခြင်းခံရသော မဟာစည်ရိပ်သာများမှ သံဃာတော် အရှင်သူမြတ်ကိုးပါးနှင့် သာသနာ့ ဒါယကာ ဒါယိကာမ ငါးဦးတို့အား ဗုဒ္ဓသာသနနုဂ္ဂဟ အဖွဲ့ချုပ်၊ဟိတေသီအဖွဲ့၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့တို့က စုပေါင်း၍ ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို မတ် ၆ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်း အမှတ် ၁၆ ရှိ မဟာစည် သာသနာ့ရိပ်သာ ဖလ်ယဉ် ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ ကြည်ညိုပူဇော်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ကြည်လင်သောဝန်းကျင်နှင့် သစ်လွင်သောမြန်မာနိုင်ငံ

ရတနာစည်ဆရာတော်
(လှိုင်လင်)

(ယမန်နေ့ကအဆက်)

(ဃ)

"ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခုအချိန်အခါတွင် အိမ်နီးနားချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်စာနာမှု၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုစသည့် အပြုသဘောဆက်ဆံရေးများကို ထူးခြားစွာ တိုးမြှင့်ပျိုးထောင်နိုင်လျက် ရှိနေပြီလည်း ဖြစ်ကြောင်း။

"ထို့အပြင် အမြင်မကြည်လင်သည့် နိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် မိတ်ဝတ်မပျက် ဆက်ဆံရင်း မိမိဘက်မှ ဆောင်ရွက်ဖွယ်၊ စောင့်ထိန်းဖွယ် နိုင်ငံတကာတာဝန်နှင့် ကျင့်ဝတ်များကို ကျေပွန်စွာထမ်းဆောင်လျက်လည်းရှိသည့်အတွက် နိုင်ငံတကာအလယ်တွင် လွတ်လပ်ပြီး အချုပ်အခြာပိုင်သော နိုင်ငံတစ်နိုင်ငံအနေဖြင့် တင့်တင့်တယ်တယ် ထည်ထည်ဝါဝါရပ်တည်နိုင်လျက် ရှိနေသည်ကို တွေ့ရမှာဖြစ်ကြောင်း။

"ဤသို့ နိုင်ငံတကာ အလယ်တွင် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံ ပီသစွာဖြင့် တင့်တယ်ဝင့်ကြွားစွာ ခိုင်ခိုင်မြဲမြဲ ရပ်တည်နိုင်စေရေးအတွက် ရေရှည်အာမခံနိုင်မည့် အခြေခံကောင်းများ တည်ဆောက်နိုင်စေရန် နိုင်ငံတော် ရေ့ဆက်ချီတက်လျှောက်လှမ်းရမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို နိုင်ငံတကာသို့တိုင် အတိအလင်း ကြေညာခဲ့ပြီးလည်း ဖြစ်ကြောင်း"။

မှန်ပါ၏။ ၁၉၈၈ခုနှစ်မတိုင်မီ ကျုံလှီချည့်နဲ့ခဲ့သော မြန်မာအဖြစ်မှ ယနေ့သန်မာထွားကျိုင်းသော မြန်မာအဖြစ် ထွန်းသစ်ဝင့်ဝဲလာအောင် တပ်မတော်အစိုးရသည် မတန့်မနား နေ့ညမအား ကြိုးစားနိုင်ခဲ့လေပြီ။ နိုင်ငံတစ်နိုင်ငံအတွက် လိုအပ်ချက်ဖြစ်သည့် တည်ငြိမ်လုံခြုံအေးချမ်းရေးကို အမြော်အမြင်ရှိရှိ၊ ခန္တီမေတ္တာ ပြည့်ပြည့်ဖြင့် မဖြစ်မနေ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယနေ့ဝယ် တောကြိုအုံကြားအတွင်း သန်းကောင်ယံအချိန်၌ ထသွားချင်လျှင်ပင် စိတ်ချလက်ချ သွားနိုင်သောအနေအထား ဖြစ်တည်နေလေပြီ။ နိုင်ငံတစ်နိုင်ငံအတွက် ထပ်မံလိုအပ်ချက် ဖြစ်သည့် ဖွံ့ဖြိုးတိုးတက်ရေးကို ဘက်စုံထောင့်စုံ ကဏ္ဍစုံအဟုန်မြှင့် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့်အဖုံဖုံ အမျိုးမျိုး တိုးတက်ဖြိုးလက်လာနေသောအနေအထား ဖြစ်တည်လာနေပေပြီ။

ဒီမိုကရေစီဆိုသော အပေါ်လွှာအတွက် တည်ငြိမ်အေးချမ်းလွှာနှင့် ဖွံ့ဖြိုးတိုးတက်လွှာဟူသော အောက်ထပ်နှစ်လွှာ ခိုင်မာမြဲမြံအောင် အားသန်မာန်ထား ကြိုးစားတည်ဆောက်ရင်း ယနေ့သော် အပေါ်လွှာအတွက် သွက်လက်သော လှုပ်ရှားမှုများကို နိုင်ငံသားတိုင်း မြင်တွေ့နေရလေပြီ။ နိုင်ငံတော်ရေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် ပါပေ။

ယင်း နိုင်ငံတော်ရေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်သည်သာ အနာဂတ်သုခ၊ အနာဂတ် သောမနဿတို့ကို ထာဝရပွေ့ပိုက်ထားနိုင်မည့် တစ်ခုတည်းသောလမ်း၊ တစ်ကြောင်းတည်းသောလမ်း၊ လမ်းမြွာမရှိသောလမ်း ဖြစ်သောကြောင့် ယင်းလမ်းပေါ်၌ နိုင်ငံသားအားလုံး တက်တက်ကြွကြွ လျှောက်လှမ်းရင်း ပန်းတိုင်ကိုဆုပ်ကိုင်နိုင်ဖို့ မမိုတ်မသုန်ရှိနေကြရမည်။ ထို့ကြောင့် "လမ်းစဉ် (၇)ရပ် အောင်မြင်ရေး နိုင်ငံသားတို့အရေး"ဟု အမြဲကြွေးကြော်နေရမည့်အချိန် ရောက်နေလေပြီ။

အမှန်အားဖြင့် ယင်းမူဝါဒလမ်းစဉ် (၇) ရပ်ကို ကုလသမဂ္ဂ အဖွဲ့ကြီးကလည်း ထောက်ခံအားပေးထား၏။ အာဆီယံအသင်းကြီးကလည်း ကြိုဆိုအားပေးလျက်ရှိ၏။ ကြည်လင်သောဝန်းကျင်ရှိ နိုင်ငံများကလည်း အားရစွာ ဩဘာပေးလျက်ရှိ၏။ မြန်မာနိုင်ငံအတွင်း တိုင်းနှင့် ပြည်နယ် ၁၄ ခုရှိ ပြည်သူအပေါင်းတို့ကလည်း နှစ်ထောင်းအားရစွာ ထောက်ခံပွဲကြီးများကျင်းပလျက် တက်တက်ကြွကြွ ထင်းထင်းထင်ထင် ကြိုဆိုခဲ့ပြီးဖြစ်၏။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံစေတီတော်ခြေရင်း အားကစား ကွင်းကြီးထဲ၌ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသူ တိုင်းရင်းသားပေါင်းစုံစုစည်းလျက် တစ်ခဲနက် ထောက်ခံပွဲကြီးကိုလည်း ကျင်းပခဲ့ကြပြီးဖြစ်၏။ ငြိမ်းချမ်းရေးရယူပြီးဖြစ်သော တိုင်းရင်းသားအဖွဲ့အစည်းပေါင်းစုံတို့ကလည်း နိုင်ငံတော်ဝန်ကြီးချုပ် ရှေ့မှောက်၌ ဝမ်းမြောက်စွာ ထောက်ခံလျက်ရှိကြ၏။ နိုင်ငံတော်အစိုးရကလည်း မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့် အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပနိုင်ရန် လိုအပ်သည့် ကော်မတီအရပ်ရပ်ဖွဲ့စည်းကာ လိုအပ်သလို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ၏။ တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိ။

ဤခရီး၌ အရေးအကြီးဆုံးသော အချက်တစ်ရပ်မှာ ရရှိပြီးဖြစ်သော တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ထွန်းကားပြီးဖြစ်သော ပြည်ထောင်စု စိတ်ဓာတ်တို့ကို အထိခိုက်မခံနိုင်ခြင်း၊ အပျက်အစီးမခံနိုင်ခြင်း၊ အဆုံးရှုံးမခံနိုင်ခြင်းဖြစ်၏။

တစ်နည်းပြောရလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ဘယ်အရာနှင့်မျှ အလဲအလှယ်မလုပ်နိုင်ခြင်း၊ အစားမထိုးနိုင်ခြင်းဖြစ်၏။ အဘယ်ကြောင့်နည်း။ ယင်းတိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ **"နိုင်ငံရေးသမာဓိတရား"**ဖြစ်သောကြောင့်တည်း။

ဤတွင် အမြဲမှန်လမ်းစဉ်တစ်ခုဖြစ်သည့် ဝိပဿနာလမ်းစဉ်နှင့် နှိုင်းယှဉ်ချိန်ထိုး ရှုမြင်အပ်၏။ ဝိပဿနာတရားပွားများအားထုတ်သောယောဂီ၏ ဝိပဿနာခရီး၌ သမာဓိတရားသည် အရေးကြီး၏။ သမာဓိကို ဘာနှင့်မျှ အလဲအလှယ်လုပ်မရ။ အဆုံးစွန်ပြောရလျှင် ဝိပဿနာလမ်းစဉ်၌ သမာဓိပျက်မည် စိုးသောကြောင့် ဘုရားရှိခိုးခြင်းကိုပင် ခွင့်မပြုကြောင်း ယောဂီတိုင်းသိရှိကြ၏။ "ဘုရားရှိခိုးတာလဲ ကုသိုလ်ပဲ"ဟု အစွဲကြီးကြီးဖြင့် ဘုရားရှိခိုးနေလျှင် ယောဂီအတွက် သမာဓိပျက်သောကြောင့် ဉာဏ်စဉ် မတက်နိုင်တော့သည်မှာ ဝိပဿနာအားထုတ်ဖူးသူတိုင်း ကိုယ်တွေ့ဖြစ်၏။ ဉာဏ်စဉ်မတက်လျှင်၊ သို့မဟုတ် ရှေ့တစ်ဆင့်အတွက် ထစ်နေလျှင် လိုရာခရီးမရောက်နိုင်တော့ရကား လောကီဉာဏ်အမြင့်ဆုံးဖြစ်သည့် သင်္ခါရုပက္ခာဉာဏ်စခန်းသို့ လုံးဝ မလှမ်းနိုင်တော့ချေ။ သို့ဖြစ်လျှင် ယောဂီမျှော်မှန်းသည့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဟူသော လောကုတ္တရာဉာဏ်စခန်းကား ဝေးမှဝေးလျက် ဝါးဝါးမျှ မထင်နိုင်တော့ချေ။ ဒုံရင်းဒုံရင်းဖြစ်လေတော့၏။ ယင်းသည် သမာဓိပျက်ခြင်း၏ အကျိုးဆက်ပေတည်း။

ဝိပဿနာလမ်းစဉ်၌ သမာဓိတရား အပျက်မခံဘဲ အမြဲတည်နေအောင် သတိတရားဖြင့် တရစပ်ပံ့ပိုးပေးထားရ၏။ သတိတစ်ချက်လွတ်သွားသည်နှင့် တစ်ပြိုင်နက် သမာဓိပျက်ကာ လိုရာစခန်း အလှမ်းဝေးသွားသောကြောင့် သတိမလွတ်ရအောင် သတိကိုသီလဖြင့် ချုပ်စပ်ထားရလေ၏။ ထို့ကြောင့် သီလ၊ သတိ၊ သမာဓိသည် ဝိပဿနာလမ်းစဉ်၏ လက်တွေ့ကျင့်စဉ် ဖြစ်တော့သည်။ ယင်းလက်တွေ့ ကျင့်စဉ်သည်ပင် လမ်းခွဲလမ်းမြွာ မရှိသည့် တစ်ကြောင်းတည်းသော လမ်းမှန်ဖြစ်တော့၏။ ဝိပဿနာစကားနှင့်ပြောရလျှင် "ဧကာယနော မဂ္ဂေါ"ပေတည်း။

ယခုနိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် သည်လည်း ထိုသဖွယ်ဖြစ်ဘိ၏။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့သည် နိုင်ငံရေးသမာဓိတရားစစ်စစ်ဖြစ်၏။ ယင်းနိုင်ငံရေး သမာဓိတရား မြဲမြဲနေအောင် နိုင်ငံရေးသတိဖြစ်သည့် အမျိုးသားရေးသတိဖြင့် တရစပ်ပံ့ပိုးနေအပ်၏။ တစ်ဖန် ယင်းနိုင်ငံရေးသတိ လွတ်ထွက်မသွားစေရန် နိုင်ငံရေးသီလဖြင့် ချုပ်စပ်ထားအပ်ကြပြန်ပါသည်။

နိုင်ငံရေးသီလဟူသည် အဘယ်နည်း။

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ မပြိုကွဲအောင် ထိန်းသိမ်းစောင့်ရှောက်ဆောက်တည်ရေးသည်နိုင်ငံရေး ပထမသီလသိက္ခာပုဒ် ဖြစ်၏။

၂။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ မပြိုကွဲအောင် ထိန်းသိမ်းစောင့်ရှောက်ဆောက်တည်ရေးသည် နိုင်ငံရေးဒုတိယသီလသိက္ခာပုဒ်ဖြစ်၏။

၃။ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက် ဆောက်တည်ရေးသည် နိုင်ငံရေး တတိယသီလသိက္ခာပုဒ် ဖြစ်၏။

ယင်းနိုင်ငံရေး သီလသိက္ခာပုဒ် သုံးပါးကို နိုင်ငံသားတိုင်း၊ ပြည်ထောင်စုသားတိုင်း ခါးဝတ်ပုဆိုးသဖွယ် မြဲမြဲမြံမြံ ဝတ်ဆင်ဆောက်တည်အပ်ကြ၏။ ယင်းနိုင်ငံရေး သီလသိက္ခာပုဒ် သုံးပါးကို အခြေခံပြုနိုင်မှသာ နိုင်ငံရေးသတိနိုးကြားပြီး နိုင်ငံရေးသမာဓိ တိုးပွားကာ လိုရာပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာ၍ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့် ဒီမိုကရေစီနိုင်ငံတော်သို့ အရောက်လှမ်းနိုင်ကြပါမည်။

ဤတွင် ယခုဆက်လက်ဖော်ညွှန်းမည့် ဝိပဿနာလမ်းစဉ် သဘောတရားတစ်ခု ပေါ်လွင်လာပြန်၏။ အခြားမဟုတ်ပါ။ ဝိပဿနာ အားထုတ်သောယောဂီအတွက် ဦးဆောင်ညွှန်ပြပေးနိုင်သော ဆရာသမားကောင်း လိုအပ်ခြင်းဖြစ်၏။ ယောဂီသည် ဆရာမရှိဘဲ မိမိကိုယ်မိမိ ဆရာကြီးလုပ်ကာ တရားအားထုတ်၍ မရချေ။ မိမိဘယ်လောက်တတ်တတ်၊ ဘယ်လောက်တော်တော် ဝိပဿနာ လမ်းစဉ်၌ ဆရာမရှိ၍မရချေ။ ဆရာသမားကောင်း၏ ညွှန်ကြားပြသမှု၊ စောင့်ရှောက်အားပေးမှုကို မလွဲမသွေ ခံယူနိုင်မှသာ လိုရာခရီးရောက်၏။ ယောဂီတိုင်းအသိ။

ထိုသဖွယ် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်စပ်လျဉ်း၍လည်း ဦးဆောင်မှုပေးနိုင်သော ဆရာကောင်းသဖွယ်ဖြစ်သည့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုကိုခံယူရန် အမှန်ကေန် လိုအပ်၏။ ဦးဆောင်မှုကို မခံယူဘဲ ထင်ရာစိုင်းလျှင် ဆင်ကန်းတောတိုးသာ ဖြစ်ပေလိမ့်မည်။

ထိုမှတစ်ပါး ဝိပဿနာလမ်းစဉ်၌ ဆရာတစ်ဦးကို အခြားဆရာတစ်ဦးက ဆရာကြီးလာမလုပ်ဖို့၊ ဝင်မစွက်ဖို့၊ ခြေမရှုပ်ဖို့ အထူးလိုအပ်ပြန်၏။ ဥပမာ– မဟာစည် ရိပ်သာရပ်ဝန်း၌ တရားအားထုတ်နေသော ယောဂီအား မိုးကုတ်ရိပ်သာရပ်ဝန်းမှ ကမ္မဋ္ဌာနာစရိယ (တရားပြဆရာ)က လာရောက်စွက်ဖက်ဖို့ မလိုအပ်သလို မိုးကုတ် ရိပ်သာရပ်ဝန်း၌ တရားအားထုတ်နေသော ယောဂီအား မဟာစည် ရိပ်သာရပ်ဝန်းက ဝင်ရောက်စွက်ဖက်ဖို့ မလိုအပ်ပါ။ ဝင်ရောက်စွက်ဖက်သော ဖြစ်စဉ်မျိုးလည်း မရှိပါ။ ဆရာသမားကောင်းတို့ စောင့်ထိန်းအပ်သော စည်းကို အသီးသီး သိပြီးမြင်ပြီး စောင့်ထိန်းပြီးသာ ဖြစ်ကြပါသည်။

ထိုသဖွယ် မြန်မာနိုင်ငံ၊ မြန်မာရပ်ဝန်း၌ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို ရည်မှန်းချက်ထားလျက် မူဝါဒ(၇)ရပ်ဖြင့် အဆင့်ဆင့်လျှောက်လှမ်းရာ၌ အခြားနိုင်ငံ၊ အခြားရပ်ဝန်းတစ်ခုခုက ဆရာကြီးလာမလုပ်ဖို့၊ ဝင်မစွက်ဖို့၊ ခြေမရှုပ်ဖို့၊ ဖိအားတွေမပေးဖို့ အထူးလိုအပ်၏။

အခြားနိုင်ငံ၊ အခြားရပ်ဝန်း၊ အခြားဆရာကြီးသည် သူ့နည်းစနစ်မှ သူ့နည်းစနစ်။ သူ့နည်းစနစ်မှ ဒီမိုကရေစီစစ်စစ်ဟု ထင်နေပါမူကား ယင်း အထင်ကိုယ်၌က အတ္တဝါဒ ဥပါဒါန်ဖြစ်သောကြောင့် ယင်းဒီမိုကရေစီသည် ဆန္ဒစွဲဒီမိုကရေစီသာ ဖြစ်လိမ့်မည်။ တစ်နည်းပြောရလျှင် ဆန္ဒာဂတိ ဒီမိုကရေစီသာ ဖြစ်လိမ့်မည်။ ယင်းသို့သော နိုင်ငံခြားဖြစ် ဆန္ဒာဂတိဒီမိုကရေစီသည် ယနေ့မြန်မာနိုင်ငံ လျှောက်လှမ်းနေသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့်တော့ ကွဲပြားကောင်းကွဲပြားနိုင်ပြီး ခြားနားကောင်း ခြားနားနိုင်လေသည်။ အရေးကြီးဆုံးသော်မူကား ထိုဆရာကြီးတို့သည် ဆန္ဒာဂတိဒီမိုကရေစီကို မိတ္တူဆွဲကူးကာ ဤရပ်ဝန်းသို့ ဝင်ရောက်ဖတ်မပြကြဖို့ဘဲ ဖြစ်လေ၏။

တစ်ဖန် ဝိပဿနာလမ်းစဉ်၌ တရားအားထုတ်သူ ယောဂီအား ပတ်ဝန်းကျင်တစ်ခုလုံးက အားပေးဖို့၊ စောင့်ရှောက်ဖို့ လိုအပ်ပုံ ထင်ရှားလျက်ရှိ၏။ ယောဂီအတွက် ပစ္စည်းလေးပါး (စားဝတ်နေရေးနှင့် ကျန်းမာရေး)ပြည့်စုံ၍ စိတ်အေးချမ်းစွာ တရားအားထုတ်နိုင်အောင် ပတ်ဝန်းကျင်က အားပေးဖို့ လိုအပ်၏။

ထိုသဖွယ် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ကာ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းလာရေးအတွက် ပတ်ဝန်းကျင်၏ အားပေးမှုများ၊ ကူညီမှုများ၊ ထောက်ခံမှုများ လိုအပ်၏။ ပတ်ဝန်းကျင်အနေဖြင့် ယင်းအချက်ကိုသာ ထက်မြက်စွာ အထူးအာရုံစိုက်သင့်၏။

နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ဤသို့ပြောကြားထားပြီ။

"နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ဖြစ်ထွန်းရေး ဆင့်ကဲဆင့်ကဲ ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်အတွက် တစ်မျိုးသားလုံး၏ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုများ၊ နိုင်ငံတကာ၏ အားပေးထောက်ခံကူညီမှုများသည် မရှိမဖြစ် အဓိက လိုအပ်ချက်များပင်ဖြစ်ကြောင်း"။

ထို့ကြောင့် မြန်မာနိုင်ငံတော်ကြီးကို ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် မြင်လိုပါသည်ဆိုသော ထိုထိုရပ်ဝန်းတို့သည် စိတ်ရင်းကောင်း၊ စေတနာမှန် ဖြင့်သာ အားပေးထောက်ခံ ကူညီသင့်ကြပါ၏။ အကယ်၍ ကူညီဖို့ထက် နှောင့်ယှက်ဖို့သာ ဇောသန်မာန်ထားနေကြပါမူကား . . .။

"နှောင့်နှေးကြန့်ကြာအောင်၊ လုပ်ငန်းစဉ်တစ်ခုခုပျက်ပြားအောင် နှောင့်ယှက်ဟန့်တားကြသည်နှင့်အမျှ အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဆိုသည့်ပန်းတိုင်မှာ နီးလျက်နှင့် ဝေးနေဦးမှာဖြစ်ကြောင်း"။

ယင်းသတိပေးသံကို အနိုင်နိုင်ငံကြားအောင် ပြတ်သားစွာနှင့်ပွင့်လင်းစွာ ဖွင့်ဟလိုက်ခြင်းဖြစ်၏။ တစ်မျိုးသားလုံး၏ အနာဂတ်ပုံဒြပ်အဖြစ် ထုဆစ်ဆဲ အရေးကြီးကာလမျိုး၌ တွန်း၊ ထိုး၊ ဖျက်၊ နှောင့်နေခြင်းကြောင့် ရုပ်သွင်ပီပီ ပေါ်မလာဘဲ တန့်နေ၊ တစ်နေ၊ ထစ်နေပါမူကား တရားခံသည် ထိုနှောင့်ယှက်သူတို့ သာတည်း။

(င)

- ဝိပဿနာလမ်းစဉ်၌ သီလ၊ သတိ၊ သမာဓိ ကျင့်စဉ် ရှိသကဲ့သို့ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ်၌ နိုင်ငံရေးသီလ၊ နိုင်ငံရေးသတိ၊ နိုင်ငံရေးသမာဓိ ရှိနေပါ၏။
- ဝိပဿနာလမ်းစဉ်၌ ဆရာကောင်းရှိဖို့လိုအပ်သကဲ့သို့ နိုင်ငံတော်ရှေ့ခရီး၌ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု အမှန်လိုအပ်ပါ၏။
- ဝိပဿနာလမ်းစဉ်၌ ဤရပ်ဝန်း၊ ဤရိပ်သာ၊ ဤဆရာကို ထိုရပ်ဝန်း၊ ထိုရိပ်သာ၊ ထိုဆရာက ဝင်ရောက် ဆရာကြီးလုပ်ဖို့ လုံးဝမလိုအပ်သကဲ့သို့ ဤရပ်ဝန်း၊ ဤနိုင်ငံ၊ ဤအစိုးရကို ထိုရပ်ဝန်း၊ ထိုနိုင်ငံ၊ ထိုအစိုးရက ဝင်ရောက်စွက်ဖက်ကာ ဆရာကြီး လာလုပ်ရန် လုံးဝမလိုအပ်ပါ။
- ဝိပဿနာလမ်းစဉ်၌ တရားအားထုတ်သူ ယောဂီ အား ပတ်ဝန်းကျင်က အားပေးကူညီရန် လိုအပ် သကဲ့သို့ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ် အောင်မြင်ရေး အားပေးကူညီရန် လိုအပ်ပါသည်။

(စ)

"နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်းစီသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ရပ်တည်နိုင်ရေးအတွက် ခိုင်မာသည့် ဖွဲ့စည်းပုံဥပဒေသစ် ဖြစ်ပေါ်လာရေးနှင့် ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးကို နိုင်ငံရေးဦးတည်ချက်အဖြစ်သတ်မှတ်ကာ အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

"သို့ဖြစ်ရာ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေးအတွက် ပဓာနလုပ်ငန်းဖြစ်သော အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပရေးကို ရရှိထားသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုအင်အားဖြင့် တိုင်းရင်းသား ပြည်သူအားလုံးက ဦးတည်ကြိုးပမ်း အကောင်အထည်ဖော်ကြရန် အထူးလိုအပ်ပါသည်။

"နိုင်ငံတော်က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ရိုးရှင်းပွင့်လင်းစွာ ထုတ်ဖော်ကြေညာထားပြီးဖြစ်ပါသည်။ အဆိုပါ မူဝါဒလမ်းစဉ် (၇)ရပ်သည် စည်းကမ်းပြည့်ဝသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာစေရန်အတွက် တိုင်းရင်းသားပြည်သူအားလုံးက မမိုတ်မသုန် ဦးတည်ချီတက်ကြရမည့် ခရီးလမ်းပင်ဖြစ်ပါသည်။

"တိုင်းချစ်ပြည်ချစ်စိတ်ရှိသော တိုင်းရင်းသား ပြည်သူများက ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်အပြည့်အဝဖြင့် ထိုခရီးလမ်းတစ်လျှောက် တည့်မတ်ဖြောင့်ဖြူးစွာ လျှောက်လှမ်းကြရန် ဖြစ်ပါသည်"။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ
၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက်
ပြည်ထောင်စုနေ့ အခမ်းအနားသို့
ပေးပို့သော သဝဏ်လွှာကောက်နုတ်ချက်။

(ဆ)

နီတျာတျာ အရုဏ်အကျင်းဝယ် သာရကာ ကျေးမင်းတို့၏ အလင်းကြို တွန်ကျူးသံတို့က သတ္တလောကကို နိုးထစေ၏။

ရောင်နီပျို့ပစ္စုပ္ပန်၏ အနာဂတ်အလင်းဝန်းသည် တင့်ထွန်းတောက်ပစွာ ဖြန့်ကြက်ရန်အသင့်ဖြစ်နေ၏။

ကြည်လင်သောဝန်းကျင်နှင့် သစ်လွင်သော မြန်မာနိုင်ငံကား ရှေ့ခရီးအတွက် နံနက်ဦးလေပြည်သန့်ကို လက်ဆန့်ရှူရှိုက်နေသတည်း။ ။

■ **ကျောဖုံးမှ**

အုပ်စုတို့နှင့်နီးစပ်မှုရှိကြောင်းကိုလည်း ရေးသားဖော်ပြခဲ့သည်။ ၎င်းမှာ ပုံတောင်ပရိုင်းမိတ်ရုပ်ကြွင်းကို အစောဆုံးတွေ့ရှိချက်နှင့် လေ့လာဖော်ပြချက်ပင် ဖြစ်သည်။

လူတူပရိုင်းမိတ်

၁၉၂၃ခုနှစ်တွင် အမေရိကန်သဘာဝသမိုင်းပြတိုက်မှ Barnum Brown ဆိုသူက ပုလဲမြို့နယ် မိုးကောင်းကျေးရွာအနီးတွင် လူတူပရိုင်းမိတ် ရုပ်ကြွင်းတစ်မျိုးကို တွေ့ရှိခဲ့ပြန်သည်။ ၎င်းကိုE.H Colbert က လေ့လာပြီး၊



မြန်မာ-ပြင်သစ် ပူးပေါင်းအဖွဲ့က ဗဟင်းကျေးရွာအနီး ယာရှည်ကျစ်ချောင်မှ တွေ့ရှိခဲ့သော ဗဟင်းနီးယား ပုံတောင်ဂျန်းစစ် အပေါ်မေးရိုးများ။

Amphipithecus mogaungensis ဟု အမည်ပေးခဲ့ပြီး လူတူပရိုင်းမိတ်ဖြစ်နိုင်ကြောင်း ထပ်မံ၍အဆိုပြုခဲ့သည်။

အစောဆုံးနှင့်အဆင့်မြင့်ဆုံး

ဤသို့ဖြင့် ပုံတောင်ပရိုင်းမိတ်ရုပ်ကြွင်းများရှာဖွေဖော်ထုတ်မှုသည် အဆက်ပြတ်ခဲ့ပြီး ၁၉၇၈ခုနှစ်တွင် မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာနမှ ကထိက ဦးဘမော်နှင့်ဦးသော်တင့်တို့အဖွဲ့က Pondaungia cotteri ၏ ရုပ်ကြွင်းနှင့် Amphipithecus mogaungensis ရုပ်ကြွင်းများကို ထပ်မံရှာဖွေ တွေ့ရှိခဲ့ကြသည်။ ဦးဘမော်နှင့် ဦးသော်တင့်တို့အဖွဲ့ တွေ့ရှိသော Pondaungia ရုပ်ကြွင်းကို Ba Maw, Russell L. Ciochon, Donald E. Savage တို့က ၁၉၇၉ခုနှစ်တွင် စာတမ်းရေးသားခဲ့ကြပြီး အဆင့်မြင့် လူတူပရိုင်းမိတ်ဖြစ်ကြောင်း ဖော်ပြခဲ့ကြသည်။ ဦးဘမော်နှင့်ဦးသော်တင့်တို့အဖွဲ့က တွေ့ရှိသော Amphipithecus ရုပ်ကြွင်းကို ၁၉၈၅ခုနှစ်တွင် Russell L. Ciochon, Donald E. Savage, Thaw Tint and Ba Maw တို့က စာတမ်းရေးသားခဲ့ကြပြီး အစောဆုံး လူတူပရိုင်းမိတ် ဖြစ်ဟန်ရှိကြောင်း ရေးသားဖော်ပြခဲ့ကြသည်။

သို့ရာတွင် ၁၉၉၄ခုနှစ်တွင်မူ Russell L. Ciochon နှင့် Patricia Holryod တို့က Pondaungia နှင့်ပတ်သက်၍ စာတမ်းတစ်စောင် ရေးသားခဲ့ကြပြန်သည်။ အဆိုပါစာတမ်းတွင် ဖော်ပြချက်မှာ Pondaungia သည် အဆင့်မြင့် လူတူပရိုင်းမိတ်မဟုတ်ပါ။ အဆင့်နိမ့် Prosimian ပရိုင်းမိတ်အုပ်စုမှ Adapid မိသားစုမျိုးနွယ်ဝင် ဖြစ်နိုင်ကြောင်း ပြောကြားခဲ့ပြန်သည်။ အမှန်စင်စစ် Russell L. Ciochon သည် ပညာရှင်ပီသခြင်း မရှိပါ။ Pondaungia ပရိုင်းမိတ်ကို ၁၉၇၉ခုနှစ်တွင် အဆင့်မြင့် လူတူပရိုင်းမိတ်ဖြစ်သည်ဟု ပြောဆိုခဲ့ပြီး ၁၉၉၄ခုနှစ်တွင်မူ Pondaungia အား အဆင့်မြင့်လူတူပရိုင်းမိတ်မဟုတ်ဘဲ အဆင့်နိမ့် ပရိုင်းမိတ်အုပ်စုဝင်ဟု ပြောကြားခဲ့သည်။

ကမ္ဘာသို့ကြေညာနိုင်

၁၉၉၇ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန စစ်မဟာဗျူဟာလေ့လာရေးရုံးမှ ဌာနမှူး ဗိုလ်မှူးကြီးသန်းထွန်း(ယခု ဗိုလ်မှူးချုပ်သန်းထွန်း) ဦးဆောင်သည့်ပုံတောင်ဒေသ ကျောက်ဖြစ်ရုပ်ကြွင်းရှာဖွေရေးအဖွဲ့က ပုလဲမြို့နယ် မိုးကောင်းကျေးရွာအနီးနှင့် မြိုင်မြို့နယ် ဗဟင်းကျေးရွာအနီးရှိ နေရာများတွင် Pondaungia နှင့် Amphipithecus တို့၏ ရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိခဲ့ကြသည်။ အဆိုပါရုပ်ကြွင်းများကို ၁၉၉၈ခုနှစ်တွင် မြန်မာပညာရှင်များနှင့် ပြင်သစ်ပညာရှင်များ ပူးပေါင်းအဖွဲ့မှ လေ့လာ၍ ၁၉၉၈ ခုနှစ်နှင့် ၁၉၉၉ခုနှစ်များတွင် စာတမ်းများရေးသားပြုစုခဲ့ရာ ပုံတောင်ပရိုင်းမိတ်တို့သည် အဆင့်မြင့်လူတူပရိုင်းမိတ်များဖြစ်ကြောင်း ကမ္ဘာသို့ဖော်ထုတ်ကြေညာနိုင်ခဲ့ကြသည်။

ပုံတောင်ပရိုင်းမိတ် တစ်မျိုးဖြစ်သည့် Myanmarpithecus ကို မြန်မာ+ဂျပန်ပညာရှင်ပူးပေါင်းအဖွဲ့မှ ၁၉၉၈ခုနှစ် နိုဝင်ဘာလတွင် မြိုင်မြို့နယ် ဗဟင်းကျေးရွာအနီးတွင် တွေ့ရှိခဲ့ကြသည်။ အဆိုပါ ရုပ်ကြွင်းအကြောင်းကို ၂၀၀၁ခုနှစ်တွင် မြန်မာ+ဂျပန်ပညာရှင်များက စာတမ်းရေးသားခဲ့ကြပြီး ရှေးကျသော လူတူပရိုင်းမိတ်အဖြစ် ကြေညာနိုင်ခဲ့ကြသည်။ အမှန်စင်စစ် Myanmarpithecus တွင် အဆင့်နိမ့်အင်္ဂါရပ်များနှင့် အဆင့်မြင့်အင်္ဂါရပ်များ ပေါင်းစပ်ပါရှိကြသည်။သို့ရာတွင် အဆင့်မြင့်အင်္ဂါရပ်များက ပိုမိုများပြားသဖြင့် အဆင့်မြင့်လူတူပရိုင်းမိတ်ဟု သတ်မှတ်ခြင်းဖြစ်သည်။အရွယ်အစားအားဖြင့် ၎င်းသည် Bahinia ပရိုင်းမိတ်ထက် ပိုမိုကြီးမားပြီး Pondaungia နှင့် Amphipithecus တို့ထက် ပို၍ငယ်သည်။

ထူးခြားသောဗဟင်းနီးယား

ပုံတောင်ပရိုင်းမိတ်များတွင် ထူးခြားသည်မှာ Bahinia မျိုးစုဖြစ်သည်။ ၎င်းကို ၁၉၉၈ ခုနှစ် နိုဝင်ဘာတွင် မြန်မာ+ပြင်သစ်ပညာရှင်များအဖွဲ့က မြိုင်မြို့နယ် ဗဟင်းကျေးရွာအနီးတွင် တွေ့ရှိခဲ့ခြင်း ဖြစ်သည်။အဆိုပါပရိုင်းမိတ်သည် ပုံတောင်ပရိုင်းမိတ်များအားလုံးတွင် အရွယ်အစားအသေးငယ်ဆုံးဖြစ်သည်။ ၎င်းတွင် အဆင့်နိမ့်အင်္ဂါရပ်များနှင့် အဆင့်မြင့်အင်္ဂါရပ်များ ပေါင်းစပ်ပါဝင်နေရာ အဆင့်မြင့်အင်္ဂါရပ်များက ပိုမိုများပြားစွာပါဝင်နေမှုကြောင့် အဆင့်မြင့် လူတူပရိုင်းမိတ်အဖြစ် သတ်မှတ်ကြခြင်းဖြစ်သည်။

လူတူပရိုင်းမိတ်များ၏ မူလအစနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာလူတူပရိုင်းမိတ်များနှင့် ပတ်သက်သော ကွန်ဖရင့်ကို အမေရိကန်နိုင်ငံ Pittsburgh မြို့အနီး Powdermill Nature Reserve တွင် ၂၀၀၁ခုနှစ် ဧပြီလတွင် ကျင်းပခဲ့၏။ သက်ဆိုင်ရာတို့၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံမှ ရန်ကုန်တက္ကသိုလ် ဘူမိဗေဒပါမောက္ခစာရေးသူနှင့် ဒဂုံတက္ကသိုလ် ဘူမိဗေဒဌာန မှ ပါမောက္ခဒေါက်တာအေးကိုအောင်တို့ တက်ရောက်ခဲ့ကြသည်။ အဆိုပါကွန်ဖရင့်တွင် နိုင်ငံပေါင်း ရှစ်နိုင်ငံမှ ပညာရှင် ၄၀ တက်ရောက်ခဲ့ကြသည်။ ပုံတောင်ပရိုင်းမိတ်များနှင့် ပတ်သက်၍ စာရေးသူက Pondaungia နှင့် Amphipithecus ပရိုင်းမိတ်များအကြောင်း စာတမ်းတင်သွင်းဖတ်ကြား၍ မြန်မာပညာရှင်များနှင့် ပူးပေါင်း၍ သုတေသနပြုနေသော ဂျပန်ပညာရှင်များ၏ Myanmarpithecus ပရိုင်းမိတ်အကြောင်းစာတမ်းကိုလည်းကောင်း၊ မြန်မာ



မြန်မာ-ဂျပန် ပုံတောင်ဒေသ ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေလေ့လာရေးအဖွဲ့က ဗဟင်းကျေးရွာအနီး ယာရှည်ကျစ်ချောင်မှ ရှာဖွေတွေ့ရှိခဲ့သည့် မြန်မာပီသီးကပ် ယာရှည်ယန်းစစ် ပရိုင်းမိတ်။

ပညာရှင်များနှင့်ပူးပေါင်း၍ သုတေသနပြုနေသော ပြင်သစ်ပညာရှင်များ၏ Bahinia ပရိုင်းမိတ်အကြောင်းစာတမ်းကိုလည်းကောင်း တင်သွင်းဖတ်ကြားကြသည်။ ပညာရှင်များအားလုံး၏ ဆွေးနွေးချက်များအရ ပုံတောင်ပရိုင်းမိတ်များသည် အဆင့်မြင့်လူတူပရိုင်းမိတ်များဖြစ်ကြသည်။ အရေးကြီးဆုံးမှာBahinia ဖြစ်ပြီး ၎င်းသည် လူတူပရိုင်းမိတ်တို့၏ မူလမျိုးနွယ်ဖြစ်နိုင်ကြောင်း သတ်မှတ်ကြသည်။

သို့သော်လည်း ပုံတောင်ပရိုင်းမိတ်များနှင့်ပတ်သက်၍ မကျေမချမ်းဖြစ်နေသူများမှာ Russell L.Ciochon, Gregg F. Gunnell နှင့် ၎င်းတို့၏ အပေါင်းပါများဖြစ်ကြသည်။ ၎င်းတို့သည် ၁၉၉၈ခုနှစ်တွင် ပုံတောင်ဒေသမှ တွေ့ရှိသော ပရိုင်းမိတ်လက်မောင်းရိုးများအကြောင်းကို စာတမ်းရေးသားပြီး ပုံတောင်ပရိုင်းမိတ်တို့သည် အဆင့်မြင့်လူတူပရိုင်းမိတ်များ မဟုတ်ကြပါဟု ငြင်းဆိုခဲ့သည်။ ၎င်းတို့သည် အဆိုပါလက်မောင်းရိုးများအကြောင်းကို ၂၀၀၁ခုနှစ်တွင် စာတမ်းရေးသားခဲ့ကြ၏။ ပုံတောင်ပရိုင်းမိတ်၏ လက်မောင်းရိုးများသည် အရွယ်အစားကြီးမားနေခြင်းကြောင့် Pondaungia ၏ လက်မောင်းရိုးများ ဖြစ်နိုင်ကြောင်းနှင့် Pondaungia သည် အဆင့်မြင့်လူတူပရိုင်းမိတ်မဟုတ်ဘဲ အဆင့်နိမ့်ပရိုင်းမိတ်အုပ်စုဖြစ်သည့် Adapiform အုပ်စုဝင်သာဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ကြသည်။

အဆင့်မြင့်ကြောင်းတင်ပြခဲ့

သို့သော် ၂၀၀၃ခုနှစ်တွင် မြန်မာပညာရှင်များနှင့် ပြင်သစ်ပညာရှင်များ ပူးတွဲ၍ ပုံတောင်ဒေသရှိ မိုးကောင်းရွာအနီး ဓိးချောင်းကျစ်ချောင်နေရာမှ

နဝမမြောက်ရွှေစင်တိပိဋကဓရ ဆရာတော်ဝိဇာတမွေးနေ့ပူဇာနှင့် ရွှေစင်တိပိဋက ကျောင်းတော်ရေစက်ချ အလှူတော်မင်္ဂလာကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ သားတပည့် မင်းကွန်းတောင်ရိုး တိပိဋကဓမ္မနာဒပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာန နာယက တိပိဋက=နိကာယ သာသနာပြု ဥပဋ္ဌာက အဖွဲ့ကြီး၏ စီမံအုပ်ချုပ်မှု နာယက ဆရာတော်များအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မင်းကွန်း တိပိဋကဓရ ဓမ္မနာဒရေ အလှူတော်အဖွဲ့ကြီး၏ အကျိုးတော်ဆောင် ဖြစ်တော်မူသော နဝမမြောက် ရွှေစင်တိပိဋကဓရဆရာတော် ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရ၏ သက်တော် (၃၆)နှစ်ပြည့် ဝိဇာတမွေးနေ့ ပူဇာ မဟာမင်္ဂလာနှင့် မင်းကွန်းတောင်ရိုး တိပိဋက ဓမ္မနာဒ ပရိယတ္တိစာသင် တိုက်ကြီးအတွင်း၌ မန္တလေးမြို့ မျက်ပါးရပ်နေ ကျောင်းဒါယကာကြီး ဦးသူတော် ကျောင်းဒါယိကာမကြီး ဒေါ်ခင်စိန် ရွှေစင်အကယ်ဒမီ ရွှေဆိုင်းနှင့် ရွှေသန့်လုပ်ငန်း မိသားစုတို့ ဆောက်လုပ်လှူဒါန်းအပ်သော ရွှေစင်တိပိဋက ကျောင်းတော်ကြီး ရေစက်ချ အလှူတော်မင်္ဂလာပွဲတော်ကို ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့ရာ မင်းကွန်းတောင်ရိုး တိပိဋကဓမ္မနာဒ ပရိယတ္တိစာသင်တိုက်ကြီးအတွင်း၌ ၁၃၆၅ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက် (မတ်၆ရက်) စနေနေ့တွင် ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညို ပူဇော်နိုင်ကြောင်း သိရသည်။

(က-ပ)

ဝိဇာတမင်္ဂလာနှင့် ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ပါဒကြီးစံပြကျေးရွာ ဆုတောင်းပြည့် ပါဒငါးထပ်ကြီးဘုရားနှင့် ကျိုက်ပါဒကြီး ဆံတော်ရှင်စေတီတော်အနီးရှိ ပါဒကြီး ပရိယတ္တိစာသင်တိုက်၏ ဦးစီး ပဓာန နာယကဆရာတော် မြို့နယ် သံဃနာယက တွဲဖက်အကျိုးတော်ဆောင် ဘဒ္ဒန္တစန္ဒိမာ(သာသနဓဇ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) အရှင်သူမြတ်၏ သက်တော် ၆၁ နှစ်ပြည့် ဝိဇာတ(မွေးနေ့)မင်္ဂလာပွဲနှင့် (၁၄)ကြိမ်မြောက် စာအောင်သံဃာတော်၂၆ပါးတို့အား ၁၃၆၅ခု တပေါင်းလဆန်း၁၂ရက် မတ် ၂ ရက် (အင်္ဂါနေ့)၌ စာအောင်ဂုဏ်ပြုပူဇော်မည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

တရားဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

တောင်သာမြို့ အမှတ် (၃)ရပ်ကွက် ကွမ်းခြံကျေးရွာတွင် တည်ထားကိုးကွယ်သော ရွှေတိဂုံစေတီတော် ပုံတူ အောင်စေသိန်းပြည့်ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား ဌာပနာပိတ်ပွဲ၊ ထီးတော်တင်လှူပွဲ၊ အနေကဇာတင်ပွဲမင်္ဂလာအခမ်းအနား၌ မတ် ၃ရက်မှ ၅ရက်အထိရန်ကုန်မြို့ အင်းစိန်မြို့နယ် မိုးကုတ်ဓမ္မရိပ်သာ ညောင်ပင်သာကျောင်းတိုက် ပဓာန နာယက ဆရာတော်ဦးမာလာစာရ(ဓမ္မာစရိယ) က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်
နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၂၉-၂-၂၀၀၄)ရက်နေ့
၂၀၀၄ ခုနှစ်၊ မတ်လအတွက်
(၁၄-၃-၂၀၀၄)ရက်နေ့ နှင့်
(၂၈-၃-၂၀၀၄)ရက်နေ့

၂၀၀၁ခုနှစ်တွင် တွေ့ရှိခဲ့သောပရိုင်းမိတ်၏ ခြေမျက်စိရိုးအကြောင်းကို စာတမ်းရေးသားထုတ်ပြန်ခဲ့ကြသည်။ အဆိုပါစာတမ်းတွင် တွေ့ရှိရသော ပရိုင်းမိတ်၏ ခြေမျက်စိရိုးသည် အရွယ်အစားအားဖြင့် Amphipithecus အရွယ်အစားခန့်ရှိရာ Amphipithecus ၏ခြေမျက်စိရိုးပင်ဖြစ်မည်ဟု ယူဆရကြောင်း၊ ၎င်းခြေမျက်စိရိုးတွင် အဆင့်မြင့်လူတူပရိုင်းမိတ်တို့၏ ခြေမျက်စိရိုးတွင်ပါရှိသည့် အင်္ဂါရပ်များအားလုံးပါရှိသောကြောင့် ပုံတောင်ပရိုင်းမိတ်တို့သည် အဆင့်နိမ့်ပရိုင်းမိတ် Adapiform များမဟုတ်ကြဘဲ အဆင့်မြင့်လူတူပရိုင်းမိတ် (Anthropoid Primate)များသာဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့ကြပေသည်။

ပုံတောင်ဒေသတွင် ယနေ့အထိ တွေ့ရှိထားပြီးဖြစ်သော လူတူပရိုင်းမိတ်မျိုးစုလေးမျိုးမှာ (၁) Pondaungia ၊ (၂) Amphipithecus၊ (၃) Myanmarpithecus နှင့် (၄) Bahinia တို့ဖြစ်ကြသည်။ အဆိုပါ ပရိုင်းမိတ်ရုပ်ကြွင်းများ၏ သက်တမ်းမှာ ဘူမိသက်တမ်းအားဖြင့် အီအိုဆင်း အလယ်နှောင်းပိုင်း(Late Middle Eocene)သက်တမ်းအချိန်ကဖြစ်၍ လွန်ခဲ့သည့်နှစ်သန်း ၄၀ ခန့်က ဖြစ်သည်။ ၎င်းတို့သည် လူသားမျိုးနွယ်များဆင်းသက်ပေါက်ဖွားလာရာ အစောဆုံးသော အဆင့်မြင့် လူတူပရိုင်းမိတ်များဖြစ်ကြသည်။ နှစ်စဉ် နှစ်တိုင်းနိုဝင်ဘာနှင့်ဒီဇင်ဘာလတို့တွင်ပြင်သစ်ပညာရှင်များနှင့် ဂျပန်ပညာရှင်များတို့သည် မြန်မာဘူမိဗေပညာရှင်များနှင့်ပူးပေါင်း၍ ပုံတောင်ဒေသသို့ကွင်းဆင်းပြီး ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများကိုဆက်လက်ရှာဖွေသုတေသနပြုနေကြဆဲဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)





ဗဟင်းကျေးရွာအနီး ယာရှည်ကျစ်ချောင်မှ ရှာဖွေတွေ့ရှိရသည့် အင်ဖီပီသီးကပ်၏ အောက်မေးရိုးအစုံ။

တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ စစ်ကြောင်းကြီးများ တည်းခိုနေထိုင်ရာစခန်းများစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

(၅၉)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် ယမန်နေ့နံနက်ပိုင်းက (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်ကြောင်းကြီးများ တည်းခိုနေထိုင်ရာ စခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ရှေးဦးစွာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် နံနက် ၁၀ နာရီတွင် (၅၉)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် ကျန်စစ်သား စစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းတို့မှ စစ်ရေးပြလေ့ကျင့်နေသည့် မြို့မကွင်းသို့ ရောက်ရှိလာရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်၊အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်မှ ဗိုလ်မှူးကြီးမြတ်သူ၊ ကျန်စစ်သားစစ်ကြောင်း စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသိန်းတန်၊ မြဝတီစစ်ကြောင်း စစ်ကြောင်းမှူး ဗိုလ်မှူးကြီးကံညွန့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် (၅၉)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် မြို့မကွင်းအတွင်း(၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် ကျန်စစ်သား စစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းတို့၏ စစ်ရေးပြလေ့ကျင့်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စစ်ကြောင်းများမှ အရာရှိ၊အရာခံ၊အကြပ်စစ်သည်များအား စစ်ရေးပြအရည်အသွေးမြင့်မားစေရန် လေ့ကျင့်သားပြည့်ဝရေး အလေးထားဆောင်ရွက်ကြရန်နှင့် သတ်မှတ်စည်းကမ်းများ အတိုင်းလိုက်နာရေးတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက်(၅၉)နှစ်မြောက်'တပ်မတော်နေ့'ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ကျန်စစ်သားစစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းတို့မှ တပ်မတော်သားများတည်းခိုနေထိုင်သည့် အိပ်ဆောင်များ**(ယာပုံ)**၊ စားရိပ်သာများ၊ မီးဖိုဆောင်များ၊ ရိက္ခာစတိုများကိုလည်းကောင်း၊သက်သာချောင်ချိရေး အရောင်းဆိုင်များကိုလည်းကောင်း၊မြဝတီဆက်ဆံရေးစခန်း၌ စစ်သည်များဖတ် ရှုလေ့လာနိုင်ရန် မှတ်တမ်းဓာတ်ပုံများ၊နေ့စဉ်ထုတ်သတင်းစာများ၊ စာစောင်များ၊ မဂ္ဂဇင်းနှင့် ဂျာနယ်များပြသထားမှု အခြေအနေများနှင့် စာအုပ်အရောင်းဆိုင်တို့ကိုလည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်နိုင်ရန် ဆေးပေးခန်းအခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား (၅၉)နှစ်မြောက် စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် တပ်မတော်သားအဆင့်အတန်းအားလုံး ကျန်းမာရေးနှင့်ညီညွတ်စေရန်၊ စခန်းများအလိုက်ထုတ်ပြန်ထားသည့် စည်းကမ်းချက်များကိုလိုက်နာ စေရေး ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရီးသည်အများအပြား စီးနင်းနိုင်သော ဘတ်စကားများတီထွင်ထုတ်လုပ် စက်မှုဇုန်လုပ်ငန်းရှင်များ ရရှိပြီးအစဉ်အလာကောင်းများ ထိန်းသိမ်း

ရန်ကုန် ဖေဖော်ဝါရီ ၂၇

တောင်ဥက္ကလာပစက်မှုဇုန်တာဝန်ခံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံသည် ယမန်နေ့ညနေ ၄ နာရီက တောင်ဥက္ကလာပမြို့နယ် အမှတ်(၈)ရပ်ကွက် ၂လမ်းရှိ လူထုရိပ်သာခမ်းမရုံ၌ ကျင်းပသော စက်မှုဇုန်မှလုပ်ငန်းရှင်များအားတွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအံ့ကျော်၊ စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဗိုလ်ဆိုင်နှင့် စက်မှုဇုန်မှ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စက်မှုဇုန် တာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက အမှာစကား ပြောကြားရာတွင် တောင်ဥက္ကလာပစက်မှုဇုန်အနေဖြင့် နိုင်ငံခြားမှ တင်သွင်းရမည့် စက်အစိတ်အပိုင်းများအစား မိမိတို့ စက်မှုဇုန်မှ တီထွင်ထုတ်လုပ်နိုင်ရန်နှင့် ဂျစ်ကား၊ ဝက်ဂွန်း၊ (၂)တန်ကုန်တင်ယာဉ်တို့အပြင် ခရီးသည်အများအပြား စီးနင်းနိုင်သော ဘတ်စကားများ ကြိုးစားတီထွင်ထုတ်လုပ်နိုင်ရန်နှင့် စက်မှုဇုန် လုပ်ငန်းရှင်များအနေဖြင့် စုစုစည်းစည်း ညီညီညွတ်ညွတ်နှင့် ရရှိပြီးသား အစဉ်အလာကောင်းကို ထိန်းသိမ်းသွားကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအံ့ကျော်က စက်မှုဇုန်များအား ပံ့ပိုးကူညီထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တောင်ဥက္ကလာပစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဗိုလ်ဆိုင်က စက်မှုဇုန်မှ ထုတ်လုပ်လျက်ရှိသော စက်ပစ္စည်းများ၊ မော်တော်ယာဉ် များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော စက်မှုဇုန်မှ လုပ်ငန်းရှင်များက ဆွေးနွေးကြသည်။

ထို့နောက် စက်မှုဇုန်တာဝန်ခံ ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက နိဂုံးချုပ် အမှာစကားပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လမ်းမတော်မြို့နယ် စက်ရေတွင်းဖွင့်ပွဲ ဒုတိယမြို့တော်ဝန် တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် အမှတ်(၂) ရပ်ကွက် (၆)လမ်းရှိ စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက စက်ရေတွင်းကို ဖဲကြိုးဖြတ်၍လည်းကောင်း၊ ရေပေးမောင်းတံနှိပ်၍လည်းကောင်း ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

ယင်းနောက် ရပ်မိ၊ ရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါအား စက်ရေတွင်းဖွင့်ပွဲအောင်မြင်ခြင်း အထိမ်းအမှတ်အလံကို ပေးအပ်သည်။

ထို့နောက် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် လမ်းမတော်နှင့် လသာမြို့နယ်အတွင်း၌ လူသွားစင်္ကြံလမ်းများ ခင်းကျင်းနေမှုကို လည်းကောင်း၊ ကမ်းနားလမ်းနှင့် ဗိုလ်ချုပ်လမ်းသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် အောင်ရတနာလမ်း ကတ္တရာလမ်းချောခင်းနေမှုကို လည်းကောင်း၊ လမ်းမတော်မြို့နယ်အတွင်း၌ ရေနုတ်မြောင်းများ တူးဖော်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ၈ ရက်က ၁၉၅၈ မှ ၂၀၀၀ ခုနှစ်အထိ နတ်မောက်စက်မှုလက်မှု အထက(၁)တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသားဟောင်းများက အသက်(၆၀)ကျော် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား အဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရွှေကျင်သာသနလင်္ကာရမဟာဓမ္မဗိမာန်တော်၌ ကျင်းပစဉ်။ (က-ပ)

ဖေဖော်ဝါရီ ၁၄ရက်က မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပြည်ထောင်စုလမ်းလယ်ကျွန်းပေါ်တွင်စိမ်းလန်းစိုပြည်ပြီး ပန်းများဝေဆာစွာဖူးပွင့်စေရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးဆွေနှင့် တာဝန်ရှိသူများ စုပေါင်း၍ လမ်းလယ်ကျွန်းပန်းခုံများတွင် ရာသီပန်းများ စိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

ဖေဖော်ဝါရီ ၁၆ ရက်က ပုသိမ်မြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အဖွဲ့ရုံးမှဝန်ထမ်းများဦးဆောင်၍ မီးသတ်သင်တန်းဖွင့်လှစ်ပြီး မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်မှုကို ပုသိမ်မြို့ ရွှေပြည်သာဈေးအတွင်း၌ပြုလုပ်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး) ဦးဆန်းမော်ခင်က ကြည့်ရှုအားပေးကြစဉ်။ (မြို့နယ်စည်ပင်)

အရက်ကြောင့်ဖြစ်သည့်ရောဂါများ

အရက်ကို လွန်ကျူးစွာနှင့် စွဲလမ်းစွာသောက်သုံးခြင်းကြောင့် ဖြစ်ပွားတတ်သော ရောဂါများမှာ–

–အသည်းရောင်ခြင်း
–အသည်းခြောက်ခြင်း
–သွေးအန်ခြင်း
–အစာအိမ်ရောဂါဖြစ်ခြင်း
–နှလုံးရောဂါဖြစ်နိုင်ခြင်း
–ဦးနှောက်နှင့်အာရုံကြောထိခိုက်ခြင်း
–စိတ်ရောဂါများဖြစ်ခြင်း စသည်တို့ဖြစ်ပါသည်။

အရက်ကြောင့် ဖြစ်တတ်သောစိတ်ရောဂါများမှာ–

၁။ ကယောင်ကတမ်းဖြစ်ခြင်း(Delirium Tremers)၊ ကြောက်လန့်ခြင်း၊ အချိန်၊ နာရီ၊ နေရာ၊ လူ ခန့်မှန်းနိုင်စွမ်းမရှိခြင်း၊ ကြောက်စရာ လန့်စရာများမြင်ရခြင်း၊ အသံဗလံများ ကြားရခြင်း၊ ပိုးမွှားများ ခန္ဓာကိုယ်ပေါ် ရွစိရွစိသွားသလို ခံစားရခြင်း၊ လက်တုန်ရောဂါ ဖြစ်တတ်ခြင်း။
၂။ အရက်အလွန်အကျွံသောက်သည့်အခါတွင် လူမရှိဘဲ နားထဲတွင်ခေါ်သံများ၊ ခြိမ်းခြောက်သံများ၊ စော်ကားမော်ကားသံများ ကြားနေရတတ်ခြင်း(Alcoholic Hallucinosis)။
၃။ အတက်ကြီးရောဂါဖြစ်ခြင်း(RumFits) (ဝက်ရူးပြန်ရောဂါကဲ့သို့ တက်ခြင်း)။
၄။ စိတ်ဓာတ်ကျရောဂါ ဖြစ်တတ်ခြင်း(Depressive Illness)။
၅။ စိတ်ဖောက်ပြန်ခြင်း(Alcoholic Psychosis)။
၆။ ဦးနှောက်ချို့ယွင်းခြင်း။
၇။ အရက်နှင့် မတည့်သောသူများသည် အရက်အနည်းငယ်သောက်ရုံဖြင့် ရုတ်တရက် စိတ်ဖောက်ပြန်တတ်ခြင်း(Pathological Drunkenness)။
၈။ မိမိ၏ဇနီးကို အထင်အမြင်လွဲမှားခြင်းများ ဖြစ်တတ်ခြင်း(Morbid Jealousy)။
၉။ အရက်ကြောင့် ရာဇဝတ်မှုကျူးလွန်သည်အထိ ဖြစ်နိုင်ခြင်း။

အထက်ပါဆိုးကျိုးများကို မခံစားရစေရန် အရက်သောက်သုံးခြင်း၊ အထူးသဖြင့် အလွန်အကျွံသောက်သုံးခြင်း၊ အရက်ကို စွဲလမ်းစွာသောက်သုံးခြင်းတို့မှ ရှောင်ကြဉ်ရန် တိုက်တွန်းအပ်ပါသည်။ အရက်စွဲရောဂါဖြစ်ပွားပါက စိတ်ကျန်းမာရေးဆေးရုံနှင့် ကုသရေးဌာနများတွင် စနစ်တကျ ကုသမှုခံယူရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

■ ရှေ့ဖုံးမှ

မြန်အောင်မြို့နယ် အတွင်းရှိ မမြရေလှောင်တမံစီမံကိန်းမှာလည်း တစ်ခု အပါအဝင်ဖြစ်သည်။

အဓိကရည်ရွယ်

စီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံတော်၏ စီးပွားရေးကို အကျိုးပြုသော စပါး၊ကြံ၊ဝါနှင့် ပဲမျိုးစုံ စိုက်ပျိုးမြေများအား ဆည်ရေပေးနိုင်ရန် အတွက်လည်း ကောင်း၊ ဧရာဝတီမြစ်၏ အရှေ့ခြမ်း၊ အနောက်ခြမ်း ဒေသများတွင် ရေကြီးနစ်မြုပ်ခြင်း၊ ရေတိုက်စားခြင်းအန္တရာယ်မှကာကွယ်နိုင်ရန်အတွက်လည်းကောင်း၊ ရေအားလျှပ်စစ်များ တစ်နိုင်တစ်ပိုင် ဖြန့်ဖြူးနိုင်ရန်အတွက်လည်းကောင်း ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။



ဧရာဝတီတိုင်း မြန် အောင် မြို့နယ် မမြရေလှောင်တမံ စီမံကိန်း ဆိုင်ရာ အချက်အလက်များကို ဦးကိုကိုနိုင် (ဦးစီးအရာရှိ မမြရေလှောင်တမံနှင့် ရေပိုလွှဲလုပ်ငန်း) က ရှင်းပြနေစဉ်။
ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)

မြန်အောင်မြို့နယ်

မမြရေလှောင်တမံ တည်ဆောက်နေခြင်းနှင့်ပတ်သက်၍ လေ့လာသိရှိနိုင်ရန်အတွက် မမြရေလှောင်တမံစီမံကိန်းတည်ရှိရာ ဧရာဝတီတိုင်း မြန်အောင်မြို့နယ်အတွင်း ပုသိမ်–မုံရွာကားလမ်းမကြီးဘေး မျှင်ဝါးတောင်ရွာအနောက်မြောက်ဘက် တစ်မိုင်ခွဲခန့်အကွာ၌ရှိသော မမြရေလှောင်တမံသို့ ဖေဖော်ဝါရီ ၂၁ ရက်က သတင်းအဖွဲ့သွားရောက်ခဲ့ကြသည်။

မမြရေလှောင်တမံသို့ရောက်ရှိသောအခါ ရေလှောင်တမံကို တာဝန်ယူဆောင်ရွက်နေသည့် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)မှ ဦးစီးအရာရှိ ဦးကိုကိုနိုင်က ရှင်းလင်းပြောကြားရာတွင် မမြချောင်းစီမံကိန်းကို ၂၀၀၁–၂၀၀၂ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး၂၀၀၄–၂၀၀၅ခုနှစ်တွင်ပြီးစီးနိုင်ရန် ကြိုးစားလုပ်ဆောင်နေကြောင်း၊ မမြရေလှောင်တမံစီမံကိန်းကိုအကောင်အထည်ဖော်ရာ၌ အဓိကလုပ်ငန်းရပ်ကြီးအနေဖြင့် ငါးရပ်ရှိကြောင်း၊ ၎င်းတို့မှာ တမံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေထုတ်ပြွန် တည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်း၊ ရေလွှဲဆည် တည်ဆောက်ခြင်းလုပ်ငန်း၊ ဆည်ရေသောက်စနစ် တည်ဆောက်ခြင်း လုပ်ငန်းများ ဖြစ်ကြောင်းဖြင့် ရှင်းပြသည်။

ရေစိမ့်တားနံရံ

မမြရေလှောင်တမံတည်ဆောက်ရာတွင် မမြချောင်း၏အောက်ဘက်မှ ချောင်းအားလုံးသည် ကျောက်စရစ်များဖြစ်သည်။ မြေအောက်အနက် ပေ ၄၀ ခန့်အထိ ကျောက်စရစ်များ ဖြစ်သည့်အတွက် မြေပေါ်မှ စက်ယန္တရားကြီးဖြင့် မည်မျှပင်ကြိတ်သော်လည်း ရေကို တား၍မရနိုင်သဖြင့် ရေစိမ့်တားနံရံ တည်ဆောက်သည့် ယန္တရားကြီးဖြင့် မြေအောက်တွင်ရှိသော ကျောက်များကိုချေ၍ ဘိလပ်မြေနှင့် ဗင်တိုနိုက်ခေါ်သော ရွှံ့စေးမြေကို ရောစပ်ပြီး ရေစိမ့်တားနံရံကို တည်ဆောက်ခဲ့ကြသည်။

အရှည်ဆုံးနံရံ

ရေစိမ့်တားနံရံမှာ ပေအရှည် ၂၂၀၀ ရှည်၍အထူမှာတစ်ပေရှိသော ရေစိမ့်တားနံရံဖြစ်သည်။ ရေစိမ့်တားနံရံကို ဆည်များတွင်တည်ဆောက်ခဲ့ကြရာ၌ မမြရေလှောင်တမံသည် ငါးခုမြောက်တည်ဆောက်သောဆည်ဖြစ်သည့်အပြင် မမြရေလှောင်တမံ တည်ဆောက်သော ရေစိမ့်တားနံရံသည် အရှည်ဆုံးဟု ခေါ်ဆိုနိုင်သည်။ ယင်းကဲ့သို့ ရေစိမ့်တားနံရံ တည်ဆောက်ခြင်းသည် ဆည်တည်ဆောက်ခြင်း၏ အသက်ဟုခေါ်ဆိုရမည်ဖြစ်သည်။ ဆည်အတွင်းသို့ရေများ စီးဝင်လာပြီး သိုလှောင်ရာတွင် မြေသားအောက်မှ ရေများစိမ့်ဝင်ထွက်သွားခြင်းဖြင့် ရေများဆုံးရှုံးသွားနိုင်ခြင်းတို့ကြောင့် ရေစိမ့်တားနံရံကို လိုအပ်သောဆည်များတွင် အဓိကထားဆောင်ရွက်ကြခြင်းပင်ဖြစ်သည်။

ချောင်းနှစ်ခု ပေါင်းစပ်စီးဆင်း

မမြရေလှောင်တမံသည် ရခိုင်ရိုးမမှ စီးဆင်းလာသော မမြချောင်းနှင့် မမြလေးချောင်းနှစ်ခု ပေါင်းစပ်၍ မမြချောင်းဖြစ်လာခြင်းဖြစ်ပြီး ရေဆင်းဧရိယာစတုရန်းမိုင်၆၀ရှိသည်။ နှစ်စဉ်ပျမ်းမျှမိုးရေချိန်လက်မ ၅၀ခန့် ရှိ၍ နှစ်စဉ်ပျမ်းမျှ စီးဝင်ရေမှာ ဧကပေ ၁၂၉၀၀၀ပေ ဖြစ်ကြောင်း သိရသည်။

ရေနစ်မြုပ်မှုကာကွယ်နိုင်

မမြချောင်းသည် ဧရာဝတီမြစ်အနောက်ဘက်ကမ်းတွင် ရှိသောချောင်းများတွင် ရေစီးရေလာအများဆုံးနှင့် အပြင်းထန်ဆုံးချောင်းတစ်ခုဖြစ်သည်။ မိုးကြီး၍ ရေကျလာချိန်တွင် ပုသိမ်–မုံရွာ လမ်းမကြီးပေါ်၌ ရေဖြတ်ကျော်စီးသော မမြချောင်း၏ရေကြောင့် မမြချောင်း၏ အောက်ဘက်ဝဲယာရှိလယ်ကွင်းများ၊ ကျေးရွာများမှာ ရေနစ်မြုပ်မှု၊ ရေတိုက်စားမှုဒဏ်ကို နှစ်စဉ် ခံကြရသောကြောင့် ယင်းအန္တရာယ်များမှ မမြဆည်သည် ကာကွယ်ပေးနိုင်မည် ဖြစ်ပေသည်။

မမြရေလှောင်တမံတွင် ရေသိုလှောင်နိုင်ရန်အတွက် မြေသားတမံကို အလျားပေ ၁၁၈၀၀၊ တမံအမြင့်ပေ ၁၅၀ရှိသည်။ တမံထိပ်အမြင့်မှာ ပင်လယ် ရေမျက်နှာပြင်အထက်အမြင့်ပေ၃၃၀ရှိပြီး ကန်ရေပြည့်အမှတ်သည် ပင်လယ်ရေမျက်နှာပြင်မှ အထက် ၃၁၅ပေဖြစ်၍ ကန်ရေသေအမှတ်သည် ပင်လယ်ရေ မျက်နှာပြင်မှအထက် ၂၁၆ပေရှိမည် ဖြစ်သည်။

ကန်ရေပြည့် ရေလှောင်ပမာဏသည် ဧကပေ၇၀၀၀၀ဖြစ်ပြီး ကန်ရေသေ ရေလှောင်ပမာဏသည် ဧကပေ ၄၅၀၀ဖြစ်၍ ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာဧကသည်၁၃၃၀ရှိမည် ဖြစ်သည်။

မြန်မာ့အလင်းအဖွဲ့ရောက်ရှိသည့် ဖေဖော်ဝါရီ ၂၁ ရက်ကသံကူကွန်ကရစ်အမျိုးအစား ရေထုတ်ပြွန်ကို တည်ဆောက်လျက်ရှိရာ မြေကြီးလုပ်ငန်း သတ်မှတ်ကျင်းပမာဏ ရာနှုန်းပြည့် တည်ဆောက်ပြီးစီး၍ ကွန်ကရစ်လုပ်ငန်းမှာ ၈၂ရာခိုင်နှုန်းပြီးစီးလျက်ရှိသည်ကို တွေ့ခဲ့ရပြီး ကျောက်စီခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့်ပြီးစီးလျက်ရှိသည်ကို တွေ့ရသည်။

ဧရာဝတီတိုင်း မြန်အောင်မြို့နယ် မမြရေလှောင်တမံစီမံကိန်းတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများမြေသယ်ခြင်း၊ မြေဖို့ခြင်း၊ တမံမြေသားညက်အောင် ဆောင်ရွက်ခြင်း၊ ရေဖျန်းခြင်းလုပ်ငန်းများဆောင်ရွက်နေသည်ကို ဤသို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)

သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား အစ္စရေးသံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးသံအမတ်ကြီး H.E Mr. Yaacov Avrahamyသည် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် နှစ်နိုင်ငံသမဝါယမဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်း၊ သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်းအထွေထွေမန်နေဂျာ ဦးမျိုးသန့်နှင့် ဝန်ကြီးရုံးမှ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဧရာဝတီတိုင်းမြန်အောင်မြို့နယ် မမြရေလှောင်တမံစီမံကိန်းရှိ ရေထုတ်ပြွန်တည်ဆောက်ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။
ဓာတ်ပုံမှတ်တမ်း– သိန်းဝင်းလေး (မြန်မာ့အလင်း)

ရေအားလျှပ်စစ်ထုတ်နိုင်

ရေထုတ်ပြွန်တည်ဆောက်ရာတွင် အလျားပေ ၆၄၀ရှိသော ၄ပေx ၆ပေအရွယ်ရှိ ပြွန်နှစ်ပေါက်နှင့်အတူ ၁ဒသမ၉၁ပေ အချင်းရှိသော ပိုက်နှစ်လုံးကိုလည်း ရေထုတ်ပြွန်တည်ဆောက်ရေးလုပ်ငန်းတွင်တည်ဆောက်ပြီးစီးပြီဖြစ်သည်။ ရေထုတ်လွှတ်နိုင်သည့်အချိန်တွင် နှစ်မဂ္ဂါဝပ်ရှိရေအားလျှပ်စစ်ကိုထုတ်နိုင်ရန် ဆောင်ရွက်ထားရှိသည်။ရေထုတ်ပြွန်မှ ရေစီးနှုန်း ၄၀၀ကုဗပေ/စက္ကန့်ဖြင့်လွှတ်ပေးမည်ဟု သိရသည်။

ရေပိုလွှဲတည်ဆောက်

မမြရေလှောင်တမံတွင် (Ogee Type)သံကူကွန်ကရစ်အမျိုးအစား ရေပိုလွှဲကိုတည်ဆောက်ရာတွင်ရေပိုလွှဲ အကျယ်သည် ပေ ၁၅၀ရှိသည်။ ၎င်းအပြင် အရေးပေါ်ရေပိုလွှဲအကျယ် ပေ ၅၀၀ရှိသောအရေးပေါ်ရေပိုလွှဲကိုလည်း တည်ဆောက်မည်ဟုသိရသည်။အရေးပေါ်ရေပိုလွှဲတည်ဆောက်ရခြင်းမှာ နှစ်စဉ်စီးဝင်လာမည့်ရေသည် ဧကပေ ၁၃၀၀၀၀ခန့်ဖြစ်ပြီးရေလှောင်ကန်ရေပြည့်ရေလှောင်နိုင်သောပမာဏမှာဧကပေ၇၀၀၀၀ဖြစ်သောကြောင့် ပိုလာသောရေဧကပေ ၆၀၀၀၀ခန့်ကို ရေပိုလွှဲတစ်ခုဖြင့် လွှတ်ပေးလျှင် မထိန်းနိုင်မည်ကိုစိုးရိမ်သဖြင့် အပိုရေပိုလွှဲတည်ဆောက်၍ ရေလွှဲပေးရန်စီစဉ်ဆောင်ရွက်ကြခြင်းဖြစ်သည်။

မမြရေလှောင်တမံကို တည်ဆောက်ရာတွင် နိုင်ငံတော်က ခန့်မှန်းငွေကျပ်သန်းပေါင်း ၁၈၀၀ အကုန်အကျခံ၍ တည်ဆောက်လျက်ရှိသည်။ တစ်နိုင်ငံလုံးတွင် ဆည်မြောင်းတာတမံများ တည်ဆောက်လျက်ရှိရာတွင် အခြေအနေပေးသည့် နေရာများ၌ ရေအားလျှပ်စစ်စီမံကိန်းပါဝင်သည့် အကြီးစားဆည်မြောင်းတာတမံစီမံကိန်းများ၊ ကျောက်တောင်ကိုဖောက်ထွင်းပြီး ရေလွှဲယူရသည့် အဆင့်မြင့်နည်းပညာအသုံးပြုသည့်အကြီးစားဆည်မြောင်း တာတမံ စီမံကိန်းကြီးများအပြင် ဒေသတစ်ခုအတွင်း ဆည်မြောင်း တာတမံစွမ်းအားကို စုစည်းရယူသည့် စီမံကိန်းများစသည့်ဖြင့် တီထွင်ကြံဆမှု၊ အဆင့်မြင့်နည်းပညာအသုံးပြုမှု၊ အဆင့်အလိုက်စီမံကိန်းများ ဆင့်ကဲဆင့်ကဲအကောင်အထည်ဖော်မှုနည်းလမ်းအသွယ်သွယ်ဖြင့် တောင်သူလယ်သမားများ၊ကျေးလက်နေပြည်သူများ အကျိုးဖြစ်ထွန်းရေးအတွက် အဘက်ဘက်မှ အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ဘုရားကြီးကိုးဆူတန်ဆောင်းအသစ်ပန္နက်တော်တင်မင်္ဂလာကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ တတိယအကြိမ် ဘက်စုံပြန်လည် ပြင်ဆင်မွမ်းမံရေး၏ ဒုတိယမြောက်လုပ်ငန်းအဖြစ် စေတီတော်ကြီးနှင့် အလွန်နီးကပ်စွာ တည်ရှိနေသော ဘုရားကြီး ကိုးဆူတန်ဆောင်းကို ရင်ပြင်လျှောက်လမ်း ကျယ်ဝန်းစေရန် အသစ်ပြန်လည်တည်ဆောက်ခြင်းအတွက် ဘုရားကြီးကိုးဆူ တန်ဆောင်း ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါစေတီတော်၏ရင်ပြင်တော်၌ ကျင်းပသည်။

ပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ တတိယအကြိမ် ဘက်စုံပြန်လည် ပြင်ဆင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဗဟိုဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းလှ၊ စေတီတော် ဂေါပက အဖွဲ့ဝင်များ၊ မြန်မာမှုပညာရှင်များ၊ ရောမင်းသိန်း (မန္တလေး) ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးသန်းလှက အသစ် ပြန်လည်တည်ဆောက်မည့် ဘုရားကြီးကိုးဆူတန်ဆောင်း ပန္နက်တော်တင်မင်္ဂလာ ကျင်းပမည့်နေရာတွင် ပထဝီဇယမန္တန်ကို ရွတ်ဖတ်ပူဇော်သည်။

ပန္နက်တိုင်စိုက်ထူ

မင်္ဂလာအချိန်တွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း သည် ပန္နက်တိုင်ကို စိုက်ထူရိုက်သွင်းပေးပြီး **(အပေါ်ပုံ)** ပန္နက်တော်အား အောင်သပြေခက်ဖြင့် အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဘက်စုံပြန်လည် ပြင်ဆင်မွမ်းမံ တည်ဆောက်ရေး လုပ်ငန်းကော်မတီ အသီးသီးတို့မှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ ဂေါပက အဖွဲ့ဝင်များက ပန္နက်တော်အား နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နံနက်ပိုင်းတွင် ဗုဒ္ဓစက်တော်ရာ တန်ဆောင်း၌ ရွှေဘုန်းပွင့်စေတီတော် မြတ်ကြီး၏ဩဝါဒါစရိယ ဆရာတော်ကြီးများအား ရောမင်းသိန်း(မန္တလေး) ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် မိသားစုနှင့် ဝန်ထမ်းများက အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ရွှေဘုန်းပွင့်စေတီတော် မြတ်ကြီး၏ တတိယအကြိမ် ဘက်စုံ ပြန်လည်ပြင်ဆင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်း ဗဟိုဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း သည် စေတီတော်မြတ်ကြီးအား ဆီမီး၊ ရေချမ်းနှင့် အမွှေးနံ့သာတိုင်များ ထွန်းညှိပူဇော်၍ ဆက်ကပ်လှူဒါန်းသည်။

သီတဂူဆရာတော်တရားဟောမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ၊ ထေရဝါဒဗုဒ္ဓတက္ကသိုလ်၏ ဂုဏ်ထူးဆောင်ပါမောက္ခ၊ အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မဟာဓမ္မကထိက၊ ဗဟုဇနဟိတဓရ သီတဂူဆရာတော် အရှင်ဉာဏိဿရ (D.Litt) အရှင်သူမြတ်၏ နိဗ္ဗာန်ရောက်ကြောင်း တရားပွဲကို မတ် ၅ ရက် (သောကြာနေ့) ည ၇ နာရီတွင် သုဝဏ္ဏ ၂၉ ရပ်ကွက် ကောက်လျင်လမ်းတွင် ကျင်းပမည်ဖြစ်ရာ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)



အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ သတ္တုတွင်းအသင်းနှင့် မလိခအသင်းတို့ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိ သရေပွဲ ဖြစ်သွားသည်။

ယခုနှစ် ဘောလုံးရာသီ၌ ပထမတန်းမှ အဆင့်မြင့်တန်းသို့ တက်ရောက်လာသော နှစ်သင်းဆုံတွေ့ခြင်းဖြစ်သလို အမှတ်ပေးဇယား အောက်ဆုံးမှ နှစ်သင်းယှဉ်ပြိုင်ကစားရခြင်းဖြစ်၍ သူတစ်ပြန် ကိုယ်တစ်ပြန် အကြိတ်အနယ် ယှဉ်ပြိုင်ကစားပြီး ဂိုးမရှိ သရေကျကာ တစ်မှတ်စီခွဲယူလိုက်ရသည်။ ပွဲစဉ်အလိုက်အကောင်းဆုံးဆုကို သတ္တုတွင်းအသင်းမှ ဂိုးသမား ဝင်းဇော်က ရရှိသည်။

ယနေ့ပွဲစဉ်အပြီးတွင် မလိခအသင်းက ရှစ်ပွဲကစား တစ်ပွဲနိုင် နှစ်ပွဲသရေ ငါးပွဲရှုံး ငါးမှတ်ဖြင့် အဆင့်(၁၅) ၌ ရပ်တည်နေသည်။ သတ္တုတွင်း အသင်းက ကိုးပွဲကစား တစ်ပွဲနိုင် တစ်ပွဲသရေ ခုနစ်ပွဲရှုံး လေးမှတ်ဖြင့် အဆင့်(၁၆) ၌ရပ်တည်နေသည်။

ယနေ့ပွဲ

ဖေဖော်ဝါရီ ၂၈ ရက်(ယနေ့) ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ စွမ်းအင်အသင်းနှင့် ဘဏ္ဍာ/အခွန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီအစည်းအဝေး (၂/၂၀၀၄)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ရုံးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)နှင့် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင်(သန်းမောင်)၊ ဦးမြင့်သိန်း (မြင့်သိန်းအောင်)၊ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)၊ တွဲဖက်အတွင်းရေးမှူးများနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် သဘာပတိအဖြစ် ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ (ရွှေစွန်ညို) က ဆောင်ရွက်သည်။

တင်ပြ

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)က ဗဟိုအမှုဆောင်အစည်းအဝေး(၁/၂၀၀၄) ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုကို တင်ပြသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ ရုံးအဖွဲ့၊စည်းရုံးရေးလုပ်ငန်းအဖွဲ့၊ဘဏ္ဍာရေးလုပ်ငန်းအဖွဲ့၊ စာအုပ်ထုတ်ဝေရေးနှင့် ဟောပြောဆွေးနွေး လေ့လာရေးလုပ်ငန်းအဖွဲ့၊ ရန်ပုံငွေရှာဖွေရေးလုပ်ငန်းအဖွဲ့၊ သက်သာချောင်ချိရေး လုပ်ငန်းအဖွဲ့၊ နိုင်ငံတကာဆက်သွယ်ရေးလုပ်ငန်းအဖွဲ့နှင့် စာပေရန်ပုံငွေကြီးကြပ်ရေးအဖွဲ့တို့၏ ခေါင်းဆောင်များက အကြံပြုဆွေးနွေးကြသည်။

ထို့နောက်အစည်းအဝေးသဘာပတိ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က ၂၀၀၄ ခုနှစ် ဇွန်လတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုဦးစီး အစည်းအဝေးကျင်းပရန်ရှိသဖြင့် လုပ်ငန်းများ ကြိုတင်ညှိနှိုင်း ဆောင်ရွက်သွားကြရန် နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၈-၂-၂၀၀၄

(စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ် တရားတော်
၇:၂၅	၂။	ကျန်းမာစေဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	စားကြမယ်ဟော့ကောင်းကောင်း
၈:၀၅	၆။	အရေးပြိုင်ပွဲ
၈:၁၅	၇။	ဂမုန်းရေလှောင်တမံ
၈:၃၀	၈။	International News
၈:၄၅	၉။	Grammar made Easy.
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၃၀	၃။	ပြည်တွင်းသတင်း
၁၁:၄၀	၄။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၅	၅။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃:၃၅	၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"** (အပိုင်း-၁၉)
၁၄:၀၀	၇။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၄:၁၅	၈။	**"အခမဲ့ကူလီထမ်းခြင်း အကျိုး"** (ဇော်ဦး၊ သျှားညို၊ ခင်စိုးပိုင်၊ နွဲ့နွဲ့စန်း) (ဒါရိုက်တာ-အောင်မြင့်မြတ်)
၁၄:၄၅	၉။	International News.

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၀	၄။	အကပဒေသာ
၁၆:၅၅	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ) [သင်္ချာ]
၁၇:၁၀	၆။	တေးဂီတအစီအစဉ်
၁၇:၂၅	၇။	နှားဝင်ပီယံသူ့လက်သံ
၁၇:၄၀	၈။	**"သစ်ဆိမ့်ဖူးစာ"** (သျှားညို၊ မိုးဒီ၊ မြင့်မြင့်ခိုင်၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ-ကြည်စိုးထွန်း)
၁၇:၅၅	၉။	ဘိုင်းဒါးရေလှောင်တမံ
၁၈:၀၅	၁၀။	တေးဂီတအစီအစဉ်
၁၈:၁၅	၁၁။	စားကြမယ်ဟော့ကောင်းကောင်း
၁၈:၃၀	၁၂။	ညနေခင်းသတင်း
၁၉:၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၄။	Discovery.
၁၉:၁၅	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးမြေဆုံးစေတော့ကွယ်"** (အပိုင်း-၂၂)
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	မြန်မာဗီဒီယိုဇာတ်လမ်း **"မိုးစက်တစ်ပွင့်"** (အပိုင်း-၁) (နှင်းနှင်း၊ ထက်ထက်မိုးဦး) ဒါရိုက်တာ-မောင်မောင်ဦး (စနိုးပိုက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့
ပြည်လမ်း၊ ရန်ကုန်မြို့

မြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့တို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သမိုင်းဘာသာ သင်ခန်းစာများကို ဆက်လက်ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ

သမိုင်းဘာသာ သိကောင်းစရာ

၂၀၀၄ ခုနှစ် မတ်လမှာကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသူ ကျောင်းသားများအတွက် သမိုင်းဘာသာ သိကောင်းစရာများကို တင်ပြသွားပါမယ်။ ပထမဦးစွာ မေးခွန်းပုံစံနဲ့ပတ်သက်ပြီး ရှင်းလင်းတင်ပြသွားပါမယ်။

သမိုင်းမေးခွန်းဟာ (၃)နာရီမေးခွန်းဖြစ်ပြီး အမှတ်(၁၀၀)ပေးမယ်။

သမိုင်းဘာသာရပ်မေးခွန်းမှာ အပိုင်းလေးပိုင်း ပါဝင်ပါတယ်။

အပိုင်း(က)၊အပိုင်း(ခ)၊ အပိုင်း(ဂ)နဲ့ အပိုင်း(ဃ)တို့ဖြစ်တယ်။

အပိုင်း(က)တွင် ဓမ္မဓိဋ္ဌာန်မေးခွန်း(၂၀) ပါဝင်ပါတယ်။ မြန်မာ့သမိုင်းမှ (၁၀)ပုဒ်၊ ကမ္ဘာ့သမိုင်းမှ (၁၀)ပုဒ် ပါဝင်ပါတယ်။ ပေးမှတ်မှာ(၂၀)ဖြစ်တယ်။ မေးခွန်းအားလုံး ဖြေဆိုရပါမယ်။

အပိုင်း(ခ)ကတော့ မှတ်စုတိုပုံစံဖြစ်ပါတယ်။ ခြောက်ပုဒ်မေးပြီး လေးပုဒ်ဖြေဆိုရပါမယ်။ မြန်မာ့သမိုင်းမှ မှတ်စုတို သုံးပုဒ်၊ ကမ္ဘာ့သမိုင်းမှ မှတ်စုတို သုံးပုဒ်မေးပါမယ်။ ပေးမှတ်မှာ(၂၀)ဖြစ်တယ်။

အပိုင်း(ဂ)မှာ မေးခွန်းရှည်ပုံစံဖြစ်တယ်။ မြန်မာ့သမိုင်းမှ လေးပုဒ်မေးပါမယ်၊ နှစ်ပုဒ်ဖြေဆိုရမယ်။ တစ်ပုဒ်လျှင်(၁၅)မှတ်ဖြင့် စုစုပေါင်းအမှတ်(၃၀)ပေးမယ်။

အပိုင်း(ဃ)မှာလဲ မေးခွန်းရှည်ပုံစံဖြစ်တယ်။ ကမ္ဘာ့သမိုင်းမှ လေးပုဒ်မေးပါမယ်၊ နှစ်ပုဒ်ဖြေဆိုရပါမယ်။ တစ်ပုဒ်လျှင်(၁၅)မှတ်ဖြင့် စုစုပေါင်းအမှတ်(၃၀)ပေးမယ်။

ဆက်လက်ပြီး မြန်မာ့သမိုင်းသင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းတွင် နှစ်ပိုင်းပါဝင်တယ်။ ကိုလိုနီခေတ်နဲ့ လွတ်လပ်ပြီးခေတ်တို့ ဖြစ်တယ်။

ကိုလိုနီခေတ်ကို လေ့လာမယ်ဆိုရင် ပထမဦးစွာ သူ့ကျွန်ဘဝ ကျရောက်ခဲ့ရတာကို မခံမရပ်နိုင်ဖြစ်ရတဲ့ တိုင်းရင်းသားတို့ တောင်ပေါ်မြေပြန့်မကျန် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခဲ့ကြပုံကို လေ့လာဖို့ လိုပါတယ်။

ကိုလိုနီခေတ်ဦး လက်နက်ကိုင်တော်လှန်မှုများ ကျဆုံးပြီးနောက် ငုပ်လျှိုးသွားခဲ့တဲ့ မြန်မာတို့ရဲ့ အမျိုးသားစိတ်ဓာတ် မကြာမီပြန်လည်နိုးကြားလာတဲ့အပိုင်းကို လေ့လာတဲ့အခါ ဝိုင်အမ်ဘီအေ ဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှု၊ ဂျီစီဘီအေ ဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှု ဟူ၍ လေ့လာသင့်တယ်။

ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းကို ခုနှစ် အပိုင်းအခြားဖြင့်လဲ လေ့လာသင့်တယ်။ ၁၉၀၆ မှ ၁၉၂၀ ကာလအတွင်း အမျိုးသားစိတ်ဓာတ် နိုးကြားလာခြင်းဆိုပြီး မေးရင်လဲ ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုကို ဆိုလိုခြင်းဖြစ်ကြောင်း သိရှိဖို့လိုအပ်ပါတယ်။ သမိုင်း ဘာသာရပ်တွင် ခုနှစ်သက္ကရာဇ်တိုင်းကို သိရှိဖို့မလိုအပ်ပေမယ့် အရေးပါတဲ့ ခုနှစ်သက္ကရာဇ်တွေကို သိရှိရပါမယ်။

၁၉၂၀ မှ ၁၉၃၀ ကာလအတွင်း မြန်မာနိုင်ငံ အမျိုးသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့တဲ့ အဖွဲ့အစည်းမှာ ဂျီစီဘီအေခေါ် မြန်မာအသင်းချုပ်ကြီးဖြစ်တယ်။

မြန်မာနိုင်ငံရဲ့ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုသမိုင်းတွင် 'တို့ဗမာအစည်းအရုံး'၏ အခန်းကဏ္ဍမှာလည်း အရေးပါတယ်။

၁၉၃၀ပြည့်နှစ်မှာတော့ မြန်မာနိုင်ငံတွင် ဆရာစံဦးဆောင်တဲ့ တောင်သူလယ်သမားအရေးတော်ပုံ ပေါ်ပေါက်ခဲ့တယ်။ နယ်ချဲ့ကို လက်နက်စွဲကိုင် တော်လှန်ခဲ့ခြင်းဖြစ်တယ်။

မြန်မာ့သမိုင်းတွင် မြန်မာသက္ကရာဇ် ၁၃၀၀ပြည့်၊ ခရစ်နှစ် ၁၉၃၈ ဟာ ထူးခြားတဲ့နှစ်ဖြစ်တယ်။ ဒီနှစ်အတွင်း ပေါ်ပေါက်လာတဲ့ နိုင်ငံရေးလှုပ်ရှားမှုကို ၁၃၀၀ပြည့်အရေးတော်ပုံလို့ မော်ကွန်းတင်ခဲ့တယ်။ ၁၃၀၀ပြည့်အရေးတော်ပုံ ဂယက်ကြောင့် မြန်မာတိုင်းရင်းသားတွေရဲ့ နယ်ချဲ့ဆန့်ကျင်မှုနဲ့ လွတ်လပ်ရေး ကြိုးပမ်းမှုဟာ ပိုမိုပြင်းထန်လာခဲ့တယ်။

မြန်မာ့သမိုင်းတွင် ၁၉၄၀-၁၉၄၅အထိ ကာလအပိုင်းအခြားဟာ အမျိုးသားလွတ်မြောက်မှုတော်လှန်ရေး ဆင်နွှဲတဲ့ အပိုင်းဖြစ်တယ်။ ဒီအပိုင်းကို အဆင့်နှစ်ဆင့်ခွဲခြားပြီး လေ့လာသင့်တယ်။ ပထမအဆင့်မှာ ၁၉၄၀-၁၉၄၂ ကာလအတွင်း အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ခြင်းဖြစ်တယ်။

အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ ဒုတိယအဆင့်မှာ ဖက်ဆစ်ဂျပန်တော်လှန်ရေး (၁၉၄၂-၁၉၄၅)ဖြစ်တယ်။ ဒီအပိုင်းမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးဆင်နွှဲရန် ဖန်တီးပေးတဲ့ အခြေအနေများ၊ အခြေခံသဘောထားနှင့် အစီအမံများ၊ အောင်မြင်မှုများဟူ၍ အပိုင်းပိုင်းပြီး လေ့လာဖို့လိုပါတယ်။

လွတ်လပ်ရေးရယူခြင်းအပိုင်းကို လေ့လာရာတွင် ဖဆပလအဖွဲ့အနေဖြင့် ဘုရင်ခံအမှုဆောင်ကောင်စီတွင် မပါဝင်မီနဲ့ ပါဝင်ပြီးနောက်ပိုင်း အခြေအနေတို့ကို လေ့လာဖို့လိုပါတယ်။

အင်္ဂလိပ်ခေတ်နဲ့ ဂျပန်ခေတ်တွေရဲ့ ယေဘုယျအခြေအနေတွေကို လေ့လာတဲ့အခါမှာ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ဟူ၍ အပိုင်းလိုက်သိရှိရန် လိုအပ်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံအခြေအနေကို လေ့လာရာတွင် ၁၉၄၈-၁၉၅၈ခုနှစ်ကာလအပိုင်းအခြားဟာ ဖဆပလအစိုးရ အုပ်ချုပ်တဲ့ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်တွင်းရောင်စုံ သောင်းကျန်းသူများ ပေါ်ပေါက်လာပုံ၊ ဖဆပလပြိုကွဲပုံတွေကို ဦးစားပေးလေ့လာရမှာဖြစ်တယ်။

မြန်မာ့သမိုင်းတွင် ၁၉၅၈-၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရ တာဝန်ယူတဲ့ ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရ ပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့ လုပ်ငန်းစဉ်ကြီးလေးရပ်၊ အိမ်စောင့် အစိုးရရဲ့ အောင်မြင်မှုတွေကို ဦးစားပေးလေ့လာသင့်တယ်။

မြန်မာ့သမိုင်းတွင် ၁၉၆၀-၁၉၆၂အထိ ကာလဟာ ပြည်ထောင်စု(ပထစ)အစိုးရ တာဝန်ယူခဲ့တဲ့ ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်ထောင်စုကြီးပြိုကွဲရမယ့်အခြေအနေနဲ့ ရင်ဆိုင်ခဲ့ရပုံတွေကို အလေးထား လေ့လာသင့်တယ်။

မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရများလက်ထက် ယေဘုယျအခြေအနေ တွေကို ထည့်သွင်းထားပါတယ်။ ယေဘုယျအခြေအနေတွေမှာ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေ တွေကို ဦးစားပေး လေ့လာသင့်တယ်။

မြန်မာ့သမိုင်းသင်ရိုးကို မျက်မှောက်ကာလအထိ ရေးဆွဲထားတဲ့အတွက် ၁၉၈၈ မှ ယနေ့အထိ ကာလကိုလဲ လေ့လာဖို့လိုပါတယ်။ ဒီအပိုင်းမှာလဲ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရ ဟူ၍ နှစ်ပိုင်းခွဲ၍ လေ့လာသင့်တယ်။ ဒီလို လေ့လာရာမှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရများလက်ထက် စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အခြေအနေတွေကို လေ့လာသင့်တယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါမယ်။

ပထမဦးစွာ ပထမကမ္ဘာ့စစ်အကြောင်းကို လေ့လာမယ်ဆိုရင် စစ်ဖြစ်ပွားရတဲ့အကြောင်းရင်းတွေကို သိရှိဖို့လိုတယ်။ ဖြစ်ပွားရတဲ့အကြောင်းရင်းမှာလဲ အခြေခံအကြောင်းရင်းနဲ့ လတ်တလောအကြောင်းရင်း ဟူ၍ နှစ်ပိုင်းရှိတယ်။

ပထမကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုများအနေနဲ့ ပါရီငြိမ်းချမ်းရေးညီလာခံ၊ ဗာဆိုင်းစာချုပ်တွေကို လေ့လာဖို့ လိုပါမယ်။

နိုင်ငံပေါင်းချုပ်အသင်းကြီးကို လေ့လာမယ်ဆိုရင် ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းပုံဆိုပြီး ပိုင်းခြားလေ့လာ သင့်တယ်။

ကမ္ဘာ့သမိုင်းမှာ ပထမကမ္ဘာစစ်အပြီး ထူးခြားတဲ့ဖြစ်စဉ်ကတော့ ဆိုရှယ်လစ်ရုရှနိုင်ငံ ပေါ်ပေါက် လာခြင်းဖြစ်တယ်။

ပထမကမ္ဘာစစ်အပြီးမှာ အမျိုးသားလှုပ်ရှားမှုများ ပိုမိုအားကောင်းလာတယ်။ အမျိုးသားလှုပ်ရှားမှု အပိုင်းကို လေ့လာမယ်ဆိုရင် အိန္ဒိယ၊ အရှေ့တောင်အာရှ၊ တရုတ်ဟူ၍ ဒေသအလိုက် လေ့လာသင့်ပါတယ်။

ပထမကမ္ဘာစစ်အပြီး ဥရောပနိုင်ငံတွေမှာ ကြီးမားတဲ့နိုင်ငံရေး၊ စီးပွားရေးပြဿနာတွေနဲ့ရင်ဆိုင် ခဲ့ရတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကိုချမှတ်ပြီး ပြဿနာများကိုဖြေရှင်းပေမယ့် မအောင်မြင်ခဲ့ဘူး။ ဒါကြောင့်နိုင်ငံအချို့မှာ အမျိုးသားဝါဒနဲ့ စစ်ဝါဒကိုအခြေခံတဲ့ အရင်းရှင်စနစ်၏ အကြမ်းတမ်းဆုံးနဲ့ အဆိုးရွားဆုံးဖြစ်တဲ့ ဖက်စစ်အာဏာရှင်စနစ် ပေါ်ပေါက်လာခဲ့တယ်။ ဖက်ဆစ်စနစ်ဟာ အီတလီမှာ ရှေးဦးစွာ ပေါ်ပေါက်လာပြီး ဂျာမနီ၊ ဂျပန်နိုင်ငံတွေမှာ ဆက်လက် ပေါ်ပေါက်ခဲ့တယ်။

အီတလီ၊ ဂျာမနီနဲ့ ဂျပန်နိုင်ငံတွေမှာ ဖက်ဆစ်စနစ် အားကောင်းလာခြင်းဟာ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားစေဖို့ အခြေအနေများ ဖန်တီးလာတယ်။

ဒုတိယကမ္ဘာစစ်ဖြစ်ပွားရတဲ့ အကြောင်းရင်းတွေကို လေ့လာရင် အခြေခံအကြောင်းရင်းများနဲ့ လတ်တလော အကြောင်းဟူ၍ နှစ်ပိုင်းလေ့လာဖို့ လိုပါတယ်။

ဒုတိယကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုတွေကတော့ အမေရိကန်ပြည်ထောင်စု ထိပ်သီးအင်အားကြီး နိုင်ငံဖြစ်လာခြင်း၊ ဆိုဗီယက်ထိပ်သီး အင်အားကြီးနိုင်ငံဖြစ်လာခြင်းနဲ့ ကိုလိုနီလက်အောက်ခံနိုင်ငံများ လွတ်လပ်ရေးရရှိလာခြင်းတို့ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ဥရောပ၌ ဆိုရှယ်လစ်စနစ်ကျယ်ပြန့်လာတယ်။ ဒုတိယကမ္ဘာစစ် အတွင်းက အရှေ့ဥရောပနိုင်ငံများဖြစ်ကြတဲ့ ပိုလန်၊ ချက်ကိုစလိုဗက်ကီးယား၊ ရူမေးနီးယား စတဲ့နိုင်ငံတွေဟာ နာဇီဂျာမနီရဲ့ လက်အောက်ခံအဖြစ် ကျရောက်ခဲ့တယ်။

ဂျာမန်လက်အောက်ခံ အရှေ့ဥရောပနိုင်ငံများတွင် နာဇီဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေးစစ်ပွဲများ ဆင်နွှဲရာမှာ ဆိုဗီယက်နိုင်ငံမှ အကူအညီများပေးခဲ့တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အရှေ့ဥရောပ နိုင်ငံတွေဟာ ဆိုဗီယက်အကူအညီနဲ့ ဆိုရှယ်လစ်အစိုးရများကို ထူထောင်ခဲ့ကြတယ်။

ဒုတိယကမ္ဘာစစ်အပြီးတွင် လွတ်မြောက်သော အရှေ့ဥရောပနိုင်ငံများအား စုစည်းကာ ဆိုဗီယက် ဦးဆောင်တဲ့ ဆိုရှယ်လစ်အုပ်စုအဖြစ် ပေါ်ပေါက်လာခြင်းဟာ ထူးခြားတဲ့သမိုင်းဖြစ်ရပ်တစ်ခု ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်အပြီးကာလတွင် ပေါ်ပေါက်လာခဲ့တဲ့ စစ်အေးဟာ ထူးခြားတဲ့သမိုင်းဖြစ်စဉ်တစ်ခု ဖြစ်တယ်။ စစ်အေးအကြောင်း လေ့လာတဲ့အခါ စစ်အေးရဲ့သဘောနဲ့ ပေါ်ပေါက်လာပုံတို့ကို လေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်အပြီးတွင် အမေရိကန်နိုင်ငံဟာ အနောက်ဥရောပနိုင်ငံများကို စီးပွားရေးနဲ့ စစ်ရေး အကူအညီများပေးပြီး ခေါင်းဆောင်နေရာကို ရယူခဲ့တယ်။ အနောက်ဥရောပနိုင်ငံများအနေနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့များကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။

တစ်ဖက်မှာလဲ ဆိုဗီယက်ဦးဆောင်တဲ့ ကွန်မြူနစ်အုပ်စု ပေါ်ပေါက်လာတယ်။

အမေရိကန်နဲ့ ဥရောပနိုင်ငံတွေဟာ စစ်ရေးအရလည်း ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလာကြတယ်။ ထင်ရှားတဲ့ သာဓကတွေကတော့-

(၁) မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (NATO)
(၂) အန်ဇတ် (ANZUS)
(၃) အရှေ့တောင်အာရှစာချုပ်အဖွဲ့ (SEATO)
(၄) ဗဟိုစာချုပ်အဖွဲ့

များဖွဲ့စည်းခြင်းဖြစ်တယ်။

ဆိုဗီယက်နိုင်ငံကလည်း အားကျမခံ ဝါဆောစစ်စာချုပ်အဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ ဒီလိုနဲ့ ဆိုဗီယက် ဦးဆောင်တဲ့ အရှေ့အုပ်စုနဲ့ အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုတို့ဟာ စစ်အုပ်စုများ အပြိုင်အဆိုင် ဖွဲ့စည်းပြီးနောက် မဟာဗျူဟာလက်နက်များ အပြိုင်အဆိုင် တပ်ဆင်လာကြတယ်။

စစ်အေးကာလတွင် နိုင်ငံတကာအရေးအခင်းများလည်း ပေါ်ပေါက်လာတယ်။ ထင်ရှားတဲ့ နိုင်ငံတကာ အရေးအခင်း တွေကတော့-

(၁) ဂျာမန်ပြဿနာ၊ ဘာလင်ပိတ်ဆို့မှု
(၂) ကိုရီးယားစစ်
(၃) စူးအက်အရေးအခင်း
(၄) ကျူးဘားဒုံးပျံအရေးအခင်း

တို့ဖြစ်တယ်။ နိုင်ငံတကာအရေးအခင်းတွေ ဘယ်လိုပေါ်ပေါက်လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို မည်ကဲ့သို့ ခြိမ်းခြောက်ခဲ့ပုံကို လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းတွင် ဆိုရှယ်လစ်ရုရှနိုင်ငံ အပြောင်းအလဲဖြစ်ခြင်း၊ ဆိုရှယ်လစ်အုပ်စု ပြိုကွဲခြင်းနှင့် စစ်အေးကာလပြီးဆုံးခြင်း ခေါင်းစဉ်တွေဟာလဲ နိုင်ငံတကာရေးရာမှာ ထူးခြားတဲ့ခေါင်းစဉ်များ ဖြစ်တဲ့ အတွက် ဦးစားပေး လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းသင်ရိုးတွင် အာရှနိုင်ငံတစ်ခုဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကြောင်းကိုလည်း လေ့လာရမှာဖြစ်တယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြောင်းကို လေ့လာရာမှာ နိုင်ငံရေး၊ စီးပွားရေးနဲ့ နိုင်ငံခြားဆက်ဆံရေးဟူ၍ ခွဲခြားလေ့လာသင့်တယ်။

အလားတူပဲ အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံကိုလဲ အလေးထားလေ့လာသင့်တယ်။ လေ့လာတဲ့အခါမှာ ၁၉၄၅ မှ ၁၉၅၂အထိ အသိမ်းပိုက်ခံကာလ အနေအထားနဲ့ ခေတ်ပြိုင်ဂျပန်နိုင်ငံ အနေအထားတွေကို နှိုင်းယှဉ် လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းကိုလေ့လာရာတွင် အရှေ့တောင်အာရှဒေသကိုလဲ လေ့လာသင့်တယ်။ အရှေ့တောင်အာရှ ဒေသနဲ့ပတ်သက်ပြီး လေ့လာမယ်ဆိုရင် နိုင်ငံသစ်များ ပေါ်ပေါက်လာခြင်းနှင့် အရှေ့တောင်အာရှနိုင်ငံများရဲ့ နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းမှုဟူ၍ ခွဲခြားလေ့လာရမှာ ဖြစ်တယ်။

အရှေ့တောင်အာရှသမိုင်းကို လေ့လာရာတွင် အာဆီယံ(အရှေ့တောင်အာရှနိုင်ငံများအသင်း)ဟာ အရေးပါတဲ့အတွက် ဦးစားပေးလေ့လာသင့်တယ်။ အာဆီယံအသင်းနှင့် ပတ်သက်ပြီး ပေါ်ပေါက်လာပုံနှင့် ရည်ရွယ်ချက်တို့ကို အလေးထား လေ့လာရမှာဖြစ်တယ်။

နိဂုံးချုပ်အနေနဲ့ ပြောလိုတာကတော့-

(၁) သမိုင်းဘာသာရပ်ကို လေ့လာရာတွင် သမိုင်းစဉ် ဆက်စပ်မှုကို သတိထားရန်၊
(၂) ခေါင်းစဉ်ကိုရွေး၍ မလေ့လာရန်၊
(၃) ပြဋ္ဌာန်းစာအုပ်ကို အလေးပေးလေ့လာရန်၊
(၄) မေးခွန်းကို သေသေချာချာဖတ်ရန်၊
(၅) မေးသည်ကိုသာ ဖြေဆိုရန်

ဖြစ်ကြောင်းတင်ပြရင်း ပို့ချချက်ကို ရပ်နားလိုက်ပါတယ်။ ။

အာဆင်နယ်နောက်သို့ မန်ယူနှင့်ချယ်လ်ဆီးတို့ အမီလိုက်ပါသော်လည်း . . .

ဟိန်းသန့်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပရီမီယာရှစ်၌ အာဆင်နယ်၏ အနေအထား ကောင်းသည်ထက် ကောင်းနေပြီ ဖြစ်သည်။ ဒုတိယနေရာက မန်ယူကို ၇မှတ်၊ တတိယနေရာက ချယ်လ်ဆီးကို ၉မှတ်ဖြတ်ပြီး ဦးဆောင်နေသည်။ ခြေစွမ်းမှာလည်း အကောင်းဆုံးဖြစ်နေသည်။ ပြီးခဲ့သည့်ရာသီကကြုံခဲ့ရသည့် ခါးသီးသည့် အတွေ့အကြုံတွေကလည်း ရှိနေသည်။ ထို့ကြောင့် အာဆင်နယ် မပေါ့မဆဘဲ ယခုပုံစံအတိုင်း ဆက်သွားနိုင်မည်ဆိုပါက ပရီမီယာရှစ်ဖလားမှာ အာဆင်နယ် လက်ထဲရောက်ဖို့ ၇၅ရာခိုင်နှုန်းခန့် သေချာနေပြီ ဖြစ်သည်။ ထားတော့--။ ထိပ်ပိုင်းအသင်း သုံးသင်း၏ အနေအထား အဖြေထွက်သလောက်ရှိနေပြီ။ သည်တော့ ဇယားအောက်ဘက်သို့ တစ်ဖက် ကြည့်လိုက်မိသည်။ စိတ်ဝင်စားစရာ ကောင်းနေသည်။ အဆင့် ၂၀က လိဒ်စ် ၂၁မှတ်၊ အဆင့် ၁၉က လက်စတာ ၂၂မှတ်၊ အဆင့် ၁၈က ဝုလ်ဖ်နှင့် အဆင့် ၁၇က ပို့စ်မောက် ၂၃ မှတ်စီ၊ အဆင့် ၁၆က အဲဗာတန်က ၂၆မှတ်၊ ထို့ကြောင့် ဇယားအောက်ပိုင်းမှ အသင်းများ၏ အတန်းမဆင်းရရေး ပြိုင်ဆိုင်မှုကပါ အကြိတ်အနယ် ရှိမည့်ပုံပင်။ ယခုပုံစံအတိုင်းဆိုလျှင် ရမှတ် ၂၇မှတ်စီ ရထားကြသည့် အဆင့် ၁၄နှင့် ၁၅က မန်စီးတီးနှင့် ဘလက်ဘန်း တို့ပင်စိတ်မချရသေး။ အတန်းမဆင်းရရေးအတွက် စိတ်ချရသည့် နေရာသို့ ရောက်အောင် ကြိုးစားရဦးမည် ဖြစ်သည်။

ယခုလာမည့်ပွဲစဉ် ၂၇ ၌မူ ဇယားအောက်ဆုံးက လိဒ်စ်က လီဗာပူးကို အိမ်ကွင်း၌ လက်ခံကစားရမည်ဖြစ်သလို ဝုလ်ဖ်နှင့် လက်စတာတို့ လက်စတာကွင်း၌ ထိပ်တိုက် ရင်ဆိုင်ကြရမည်ဖြစ်ရာ အတန်းမဆင်းရရေး အတွက် ပြင်းထန်သော ပြိုင်ဆိုင်မှုများကို မြင်တွေ့ရဖွယ် ရှိနေသည်။ ထိပ်ဆုံးက သုံးသင်းအနေဖြင့်မူ အာဆင်နယ်က ချာလ်တန် (အိမ်ကွင်း)၊ မန်ယူက ဖူလ်ဟမ်(အဝေးကွင်း)၊ ချယ်လ်ဆီးက မန်စီးတီး (အဝေးကွင်း)အသီးသီးဆုံတွေ့ကြမည်ဖြစ်ရာ ထိပ်ဆုံးသုံးသင်း၏ ပွဲအနေအထားကလည်း မှုတသည်ဟု ဆိုနိုင်သည်။ ထိပ်ဆုံးက အာဆင်နယ်ပဲ အိမ်ကွင်း၌ ခြေချော်မလား။ မန်ယူ၊ ချယ်လ်ဆီးတို့ပဲ အာဆင်နယ်ရဲ့အမှတ် ထပ်ဖြတ်သွားခြင်းမျိုး ကြုံရမလား၊ စိတ်ဝင်တစား စောင့်ကြည့်ကြရဦးမည် ဖြစ်သည်။

ပွဲစဉ် (၂၇) ၂၈-၂-၂၀၀၄

အာဆင်နယ်-ချာလ်တန်

အာဆင်နယ် ခြေမှန်နေသည်။ ၂၆ပွဲ ကစားပြီးသည် အထိ ရှုံးပွဲမကြုံသေး။ ပရီမီယာရှစ်ကို ရှုံးပွဲမရှိ ဆွတ်ခူးပြချင်စိတ်များလည်း အာဆင်နယ်အသင်းသားများအတွင်း ကိန်းအောင်းနေနိုင်သည်။ ပါကား မရှိတော့သည့် ချာလ်တန်မှာ ယိုင်သလိုဖြစ်သွားရာမှ ပြီးခဲ့သည့်ပွဲစဉ် ၂၆၌ ဘလက်ဘန်းကို ပြန်နိုင်ပြီး တည့်မတ်လာသလိုရှိသည်။ သို့သော် ထိုပွဲကစားသွားသည့် ခြေစွမ်းကတော့ သိပ်အကောင်းကြီး မဟုတ်သေး။ အထူးသဖြင့် ချာလ်တန်၏ ခံစစ်ကို စိတ်ချ ထား၍ မရ။ ထိုခံစစ်မျိုးဖြင့် အာဆင်နယ်၏ တိုက်စစ်ကို ထိန်းနိုင်ရန် ခက်လှ၏။ ပြီးခဲ့သည့် သုံးရာသီ ဆက်တိုက် အာဆင်နယ်ကွင်း၌ ဒီနှစ်သင်းဆုံတိုင်း အကြိတ်အနယ်ရှိလှသည်။ အာဆင်နယ်က၂-၀ (၂၀၀၂-၂၀၀၃)မှာ ၅-၃(၂၀၀၀-၂၀၀၁)တွေကနိုင်ထားသည်။ ချာလ်တန်က ၄-၂(၂၀၀၁-၂၀၀၂)တွင် တစ်ကြိမ်နိုင်သည်။ ပထမအကျော့ ပွဲအဖြေမှာလည်း ၁-၁ သရေကျထားကြရာ ဒီနှစ်သင်း၏ အနေအထားက စိတ်ဝင်စားစရာ ကောင်းနေသည်။ သို့သော် အာဆင်နယ်က ခြေတက်နေ၊ ချာလ်တန်က နာလန်ထစ ခြေမျိုးသာ ရှိနေသေးသည်နှင့် ချိန်ဆလိုက်လျှင်မူ ယခုပွဲ၌ အာဆင်နယ် နိုင်ရန် အလေးသာနေသည်ဟု ဆိုရပေတော့မည်။

ဘာမင်ဂမ်-ဘော်လ်တန်

ယခုပွဲကတော့ ဘော်လ်တန်အသင်း လိဂ်ဖလားဗိုလ်လုပွဲကို ၂၉ရက်တွင် ကစားရမည်ဖြစ်၍ ရက်ရွှေ့ထားလိမ့်မည်။

ဘလက်ဘန်း-ဆောက်သမ်တန်

ဘလက်ဘန်းလည်း ကြိုးစားရုန်းကန်နေရသည်။ သို့သော် ခြေစွမ်းကမမှန်၊ အတက်အကျမြန်လွန်းနေသည်။ စိန့်တွေကလည်း နည်းပြ အပြောင်းအလဲကြား ခြေစွမ်းမှန်းရခက်နေသေးသည်။ သို့သော် ကြိုးစားအားထုတ်မှု ကောင်းကြောင်း ပွဲစဉ်(၂၆)အဲဗာတန်နှင့် ၃-၃ သရေပွဲ၌ တွေ့လိုက်ရသည်။ ဖိလစ်၊ဘီတီ ဂိုးသွင်းနိုင်ပြီလား။ ထိုအချက်က စိန့်တွေအတွက်အရေးကြီးသည်။ ဘလက်ဘန်းကတော့ အတန်းမဆင်းရရေး စိတ်အေးရရန်အတွက် အိမ်ကွင်း၌ ရှက်ကုန်ဖွင့်နိုင်သည်။ ဘလက်ဘန်း၏ တက်စုံရှက်ကုန်ကို စိန့်ခံနိုင်ရည်မရှိမှာဘဲ စိုးရိမ်နေရသည်။ လောလောဆယ် စိန့်တို့၏ ခံစစ်ကလည်း စိတ်ချထား၍ မရ။ ပြီးခဲ့သည့် နှစ်ရာသီစလုံး ဘလက်ဘန်းကွင်း၌ စိန့်တို့ ရှုံးပွဲများသာ တိုးထားသည်ကလည်း ဒီပွဲ၌ စိန့်တို့ ဘလက်ဘန်းကို နိုင်ရန်မလွယ်ဟု ပြနေသလိုရှိသည်။ ဘလက်ဘန်းသရေ သို့မဟုတ် အနိုင်ရရန် နီးစပ်နေသည်။

အဲဗာတန်-အက်စတန်ဗီလာ

အတန်းဆင်းဇုန်နား ကပ်လာနေသည့် အဲဗာတန် ပြန်ရုန်းထွက်ပြရတော့မည် ဖြစ်သည်။ အသင်းကစားပုံက အိမ်ကွင်း၌ အားပိုကောင်းသည်။ ဂိုးသွင်းနိုင်မည့်သူများလည်း ရှိသည်။ သို့သော် အဲဗာတန်၏ ခံစစ်ကစားပုံက စိတ်မချရ။ ဗီလာလည်း ခြေမှန်နေသည်။ ယခုနောက်ပိုင်း၌ ရှုံးပွဲပျောက်နေသည်။ အိမ်ကွင်း၊ အဝေးကွင်းမရွေး ခြေမှန်နေသည်။ ဂိုးသွင်းပေးနိုင်မည့် ဟစ်ဇ်ပါဂါလို တိုက်စစ်မှူးလေးတစ်ယောက်လည်း တိုးလာနေသည်။ ဒီနှစ်သင်း ပြီးခဲ့သည့် ဆုံခဲ့သည့် ရလဒ်များအရလည်း တစ်သင်းနှင့်တစ်သင်း အကြိတ်အနယ် ကစားရလေ့ ရှိသည်။ ၂-၁၊ ၃-၂၊၀-၁၊၀-၀ အဲဗာတန် နှစ်ပွဲနိုင်၊ ဗီလာတစ်ပွဲနိုင် သရေတစ်ကြိမ် ကျသည်။ပြီးခဲ့သည့်နှစ်ရာသီ ဆက်တိုက်နိုင်ထားသည်က အဲဗာတန်၊ ပထမအကျော့ ဗီလာမြေတုန်းကလည်း ၀-၀ သရေပွဲဖြစ်ထားကြသည်။ ယခုဆုံချိန်တွင်မူ အဲဗာတန်အတွက်က အမှတ်ရရန် ပိုအရေးကြီးနေသည့်အချိန်လည်းဖြစ်နေသည်။ အားလုံးပေါင်းစပ်၍ စဉ်းစားလိုက်လျှင် ယခုပွဲ၌ အဲဗာတန်နိုင်ရန် အလားအလာ ကောင်းနေသည်။

ဖူလ်ဟမ်-မန်ယူ

ဖူလ်ဟမ်ပရိသတ်တွေ ဆာဟာပြန်အလာကို ကြိုနေလိမ့်မည်။ ကောင်းသော ကြိုခြင်းတော့ ဖြစ်နိုင်လိမ့်မည် မဟုတ်။ ခရစ္စကိုးလ်မင်း၏ရင်ထဲ၌လည်း ဆာဟာနှင့် ပတ်သက်ပြီး အစိုင်အခဲတွေ ရှိနေနိုင်သည်။ သည်တော့ သူ့အသင်းက မန်ယူအား ဖြိုခွင်းနိုင်ရန် အသေအချာ ပြင်ဆင်ထားလိမ့်မည်။ ဖာဂီ၏တပ်ဖွဲ့၌ ဆာဟာကို ပွဲထုတ်မည်လား။ ပွဲထုတ်ခဲ့လျှင်ရော ဆာဟာတစ်ယောက် သူ့ပရိသတ်ဟောင်းရှေ့၌ အစွမ်းပြနိုင်ဖို့ ကြိုးစားနိုင်ပါမည်လား။ သည်လိုမျိုး ကြုံဖူးသူ ကစားသမားများ အများကြီး ရှိနေသည်။ အထင်ရှားဆုံးမှာ ဖီဂိုဖြစ်သည်။ ဖာဂီ၏ မန်ယူမှာလည်း ရှုံးထားသည်များကို ပြန်အဖတ်ဆယ်ပြရန်လိုနေသည်။ သို့သော် ဖာဂီ၏ အားပျော့ပါသည်ဟူသော ခံစစ်၌ ဆီလ်ဗက်စတာ ထပ်လျော့ဖွယ် ရှိနေသည်။ ဂယ်ရီနဗီးလ်ကလည်း မသေချာ။ သူတို့သာမပါခဲ့လျှင် ရှိုင်ကိန်း နောက်ဆင်းရဖွယ်ရှိနေသည်။ ကွင်းလယ်၌လည်း ပေါစခိုးလ်သာ ပွဲပယ်ထိထားပါက ကွင်းလယ်ပါ အားနည်း ဖွယ်ရှိနေသည်။ ဖူလ်ဟမ်ကလည်း တစ်ဖက်တွင် ငြိုးမာန်များဖြင့် ရင်ဆိုင်မည်ဖြစ်ရာ ဖူလ်ဟမ်ကွင်း၌ ဖာဂီ အခက်ကြုံရဦးမည့်ပုံပေါ်နေသည်။ ပြီးခဲ့သည့်နှစ်ရာသီ ဖူလ်ဟမ်ကွင်း၌ ဆုံခဲ့စဉ်က မန်ယူတို့ ၁-၁ သရေ တစ်ပွဲ (၂၀၀၂-၀၃) ၃-၂ ဖြင့် နိုင်ပွဲ တစ်ပွဲ (၂၀၀၁-၀၂) ရထားသည်။ အခြားကိန်းဂဏန်း အချက်အလက် များဖြင့် နှိုင်းယှဉ်ကြည့်ပါကလည်း အသာစီးရထားသည်က မန်ယူပင်။ လူစုဖွဲ့မှုတွင်လည်း ကြည့်ဦးမလား မန်ယူပင်။ သို့ရာတွင် တစ်ခါတလေ၌ ကိန်းဂဏန်းများ၊ စာရွက်ပေါ်မှ လူစာ ရင်းများကို မေ့ထားသင့်သည်။ သည်ပွဲတွင်လည်း မန်ယူတို့ နိုင်ပွဲရဖို့ ခက်နေဦးမည်ဟု ထင်သည်။ Laftus Road ၌ ဖူလ်ဟမ်၏ အငြိုးတကြီးဖြင့် ရှာသွန်းသော ဂိုးမိုးစက်များကြား ဖာဂီ၏ နီရဲနေသော မသာမယာ မျက်နှာကြီးကို မြင်တွေ့ရဦးမည် ထင်သည်။

လိဒ်စ်-လီဗာပူး

လိဒ်စ်တို့၏ ရုန်းထွက်အားကို နောက်ဆုံးနှစ်ပွဲ၌ မြင်ထားရပြီ ဖြစ်သည်။ သည်ပွဲ၌ ဗီဒူကာလည်း ပြန်ပါလာနိုင်ရာ အိမ်ကွင်း၌ ဗီဒူကာ၊ စမစ် တိုက်စစ်အတွဲဖြင့် လိဒ်စ်တိုက်စစ် အသက်ဝင်နေဦးမည့်ပုံပင်၊ လီဗာပူးကလည်း ခပ်ယဲ့ယဲ့သာ ကျန်တော့သည်။ ဟူလီးယားကိုယ်တိုင်ပင် သူ့အသင်းကို စိတ်ပျက်နေပြီဖြစ်သည်။ ပြီးခဲ့သည့် လေးရာသီ ဆုံတွေ့မှုများအရ အသာစီးရှိသည်က လီဗာပူး။ လေးကြိမ်တွေ့ရာ သုံးကြိမ်နိုင်ထားဖူးသည်။ သို့သော် ယခုအခြေအနေက ပြောင်းနေသည်။ ပထမအကျော့ လီဗာပူးကွင်း၌ လီဗာပူး ၃-၁ဖြင့် နိုင်ထားသော်လည်း ယခုပွဲ၌ ထိုအဖြေမျိုးကို စိတ်ကူးယဉ်ထား၍ မရတော့။ အတန်းမဆင်းလိုစိတ်ဖြင့် ပေါက်ကွဲထွက်ပြမည့် လိဒ်စ်ကိုမြင်ရလိမ့်မည်ထင်သည်။

လက်စတာ-ဝုလ်ဖ်

လက်စတာအားထုတ်မှု ကောင်းနေသည်။ တော့တင်ဟမ်နှင့် ၄-၄ သရေပွဲ၌ လက်စတာ၏ ရုန်းထွက်အားကို အပြည့်အဝမြင်လိုက်ရသည်။ ယခုကစားရမည်ကအိမ်ကွင်း။ ထို့အပြင် ပထမအကျော့ ဝုလ်ဖ်ကွင်း၌ဆုံခဲ့စဉ်ကလည်း ၃-၀အနိုင်မှ ၄-၃ဖြင့် ပြန်ရှုံးခဲ့ရသည်ကို လက်စတာ မေ့နိုင်မည်မထင်၊ ဝုလ်ဖ်၏ အဝေးကွင်းကစားပုံကလည်း သိပ်မစွံလှရာ ယခုပွဲ၌ လက်စတာကို အနိုင်ပေးထားမှ သင့်တော်ပေလိမ့်မည်။

မန်စီးတီး-ချယ်လ်ဆီး

မန်စီးတီးဖောင်လာ၏ သွင်းဂိုးများနှင့် သွေးပြန်ကြွလာပြီဖြစ်သည်။ ချယ်လ်ဆီး အာဆင်နယ်နောက် အမီလိုက်နိုင်ရန် ကြိုးစားနေသော်လည်း မန်စီးတီး အနိုင်ကို ပြန်ဆာလောင်နေပုံနှင့်ဆိုလျှင် လွယ်မည်မထင်။ သို့ရာတွင် ပြီးခဲ့သည့် သုံးရာသီအတွင်း နှစ်ကြိမ်ဆုံရာ နှစ်ကြိမ်စလုံးနိုင်ထားသည့်အတွက် ချယ်လ်ဆီး စိတ်ဓာတ်ရေးရာအရ



ပရီမီယာရှစ်ပွဲစဉ်(၂၆) ချယ်လ်ဆီးနှင့်အာဆင်နယ် ပွဲတွင် အာဆင်နယ်မှ အီဒူးဂိုးသွင်းအပြီး အောင်ပွဲခံနေစဉ်။ (ထိုပွဲတွင် အာဆင်နယ်က နှစ်ဂိုး၊တစ်ဂိုးဖြင့် အနိုင်ရရှိသည်။)

တစ်ပန်းသာနေနိုင်သည်။ ပထမအကျော့ စတန်းဖို့ဒ်ဘရစ်ဂျ်၌လည်း နိုင်ထားသည် ချယ်လ်ဆီး ၁-၀ ဆိုတော့ ကြည့်လိုက်လျှင် ချယ်လ်ဆီးသာသလို ဖြစ်နေသည်။ သို့သော် အိမ်ရှင်မန်စီးတီး၏ ရုန်းထွက်အားကို လျှော့မတွက်ထားရဲရာ ယခုပွဲကို သရေပွဲဟုသာ မှန်းထားချင်သည်။

ပို့စ်မောက်-နယူးကာဆယ်

နယူးကာဆယ် လူစုံနေပြီဖြစ်သည်။ ဘယ်လာမီလည်း တဖြည်းဖြည်း အရှိန်ရလာလောက်ပြီဖြစ်ရာ နယူးကာဆယ် တိုက်စစ်အား ပြန်တက်လာနိုင်သည်။ ပို့စ်မောက်ကလည်း အိမ်ကွင်း မာကျောသည်။ အတွေ့အကြုံရှိသူတွေပါနေသည်။ ထို့အပြင် အတန်းမဆင်းရရေးအတွက်လည်း ရုန်းထွက်ပြရဦးမည်ဖြစ်ရာ နယူးကာဆယ် ခက်ခက်ခဲခဲကစားရမည့်ပွဲမျိုးဖြစ်သည်။ သို့သော် ဘော်ဘီရော့ဘတ်ဆင်၏ အတွေ့အကြုံ ချန်ပီယံလိဂ်ဝင်ခွင့်ကို ချဉ်းခြင်းတပ်နေကြသည့် ကစားသမားများ၏စိတ်၊ ထိုနှစ်ခု ပေါင်းစပ်မိသွားပါကပွဲ၌ အနိုင်ရသည့်အသင်းမှာ နယူးကာဆယ်ဖြစ်သွားဖွယ်ရှိသည်။

မစ်ဒယ်ဘရော့-တော့တင်ဟမ်

မစ်ဒယ်ဘရော့၏ လိဂ်ဖလားဗိုလ်လုပွဲကြောင့် ယခုပွဲကို ရက်ရွှေ့ထားဖွယ်ရှိသည်။ **(မြန်မာ့အလင်း)**

e- Education Learning Centre

သင်ခန်းစာ ထုတ်လွှင့်မည့်အစီအစဉ်

နေ့လယ်၁၃း၀၀ နာရီမှ ၁၅း၀၀ နာရီထိ

၁-၃-၂၀၀၄ (တနင်္လာနေ့)

❑ ပထဝီဝင်ဘာသာဟောပြောမှု
– တက္ကသိုလ်ဝင်တန်း ကျောင်းသူ ကျောင်းသားများ

❑ ပထဝီဝင်ဘာသာဟောပြောမှု
– တက္ကသိုလ်ဝင်တန်း ကျောင်းသူ ကျောင်းသားများ

၃-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

❑ ရှေးဟောင်းမြန်မာ မူရင်းအရေးအသား ကမ္ပည်းစာများ၏ သဘောသဘာဝ

❑ မဟာဝိဇ္ဇာ ဒုတိယနှစ်အထူးပြုသင်တန်း၊ ပါရဂူ အကြိုသင်တန်း၊ ဘာသာစကား အထူးပြု သင်တန်းများ

❑ Introduction to Linguistics
အင်္ဂလိပ်စာဒီပလိုမာသင်တန်းသားများ

၄-၃-၂၀၀၄ (ကြာသပတေးနေ့)

❑ Isostasy, Continental Drift and Plate
တတိယနှစ်၊ နောက်ဆုံးနှစ် ဂုဏ်ထူးတန်း ၊ မဟာဝိဇ္ဇာ ၊ ပါရဂူဘွဲ့ကြိုသင်တန်း

❑ လီဒိုလမ်း၏ အတိတ်နှင့်အနာဂတ် မျှော်လင့်ချက်များ
– ပါရဂူဘွဲ့သင်တန်းများ

၆-၃-၂၀၀၄ (စနေနေ့)

❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

၇-၃-၂၀၀၄ (တနင်္ဂနွေနေ့)

❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ

ဇန်နဝါရီ ၃၀ရက်က မိုးမိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးကျော်ဌွေးနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ဆောင်ရွက်ပြီးစီးသွားသော ညောင်ပင်စောက်-သရက်တောကျေးလက် ကျောက်ချောလမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
(ဦးလှရွှေ)-ဒေါ်ခင်နှင်းရီတို့၏ မြေး
(ဦးအေးမြင့်-ဒေါ်လှလှကြွယ်)
တို့၏သားကြီး
ဒေါက်တာလင်းပိုပို M.B.,B.S (Ygn)
နှင့်
ရန်ကုန်မြို့နေ
(ဦးကျော်လွင်)-ဒေါ်ခင်ခင်စန်း
တို့၏သမီးကြီး
ဒေါက်တာခင်သန္တာလွင် M.B.,B.S (Ygn)

တို့အား ၅-၂-၂၀၀၄ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးသော တွဲဖက်တိုင်း တရားသူကြီး ဒေါ်သိန်းသိန်းညွန့်အားလည်းကောင်း၊ ၅-၂-၂၀၀၄ရက်တွင် ဓမ္မစေတီကျောင်း မင်္ဂလာဦး ဆွမ်းကျွေးသို့ ကြွရောက် ချီးမြှင့်သော ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ ၁၄-၂-၂၀၀၄ ရက်တွင် Sedona Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၏ဇနီး ဒေါ်ထွေးထွေးညွန့်အားလည်းကောင်း၊ မင်္ဂလာ အောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြည်ဝင်းနှင့်ဇနီး ဒေါ်ခင်မြမွန် တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးသော ဗိုလ်မှူးချုပ်သိန်းမြင့် (တပ်မတော်လေ)နှင့် ဇနီး ဒေါ်မြင့်မြင့်ရီ တို့အား လည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးသော၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဌာနကြီးမှူး ဗိုလ်မှူးချုပ်ခင်အောင်နှင့်ဇနီး ဒေါ်ကြည်သင်းမေတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက် ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ မင်္ဂလာ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးဝင်းတင်၊ မင်္ဂလာပန်းကြဲပေးသော မအိစံပယ်မင်း၊ မင်္ဂလာ ပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မကေကလျာအောင်၊ သတို့သား သတို့သမီးအရန်များ အဖြစ် ဆောင်ရွက်ပေးသော ကိုအောင်ကျော်မြတ်နှင့် ကိုစိုးရ၊ မယုကလျာစန်းအောင်နှင့်မခင်နဒီထွဋ်အောင်၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင်ရတနာဦးနှင့် စန္ဒရားသိန်းမြင့်သန်းအဖွဲ့၊ သတို့သမီး ဝတ်စုံချုပ်လုပ်ဆင်မြန်းပေးသော မမဋ္ဌူ၊ မိတ်ကပ်ဆံပင် အလှဆင်ပေးသော အောင်အောင် (တောင်ကြီး)နှင့် အဖွဲ့၊ ပန်းအလှဆင်ပေးသောနီနီပွိုင့်၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးသော စိုင်းဘုန်းထူးနှင့် အဖွဲ့အား လည်းကောင်း၊ ၁၄-၂-၂၀၀၄ရက် ညတွင် ကျင်းပပြုလုပ်သော မင်္ဂလာဦး ညစာစားပွဲသို့ တက်ရောက်ကြသော သူငယ်ချင်းများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဒေါက်တာလင်းပိုပို-ဒေါက်တာခင်သန္တာလွင်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender) များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender) များကို ပေးသွင်းရန်ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	10 (T)3/MR(CMO) 2003-2004	(1) Eye Surgical Instruments	3 - Items
		(2) Surgical & Orthopaedic Minor Surgical Instruments	5 - Items
2.	12(T)30/MR(MT) 2003-2004	(1) Rolled Steel Locomotives Steel Tyre(Rough Tum) Drg ; No.S-3214/LL	784 - Nos
		(2) Equalizor Bcam (Long & Short),	4 - Scts
		Expressor Complete (Air Compressor & Exhauster)	1 - No

တင်ဒါပိတ်ရက်နှင့်အချိန် - ၄-၃-၂၀၀၄(ကြာသပတေးနေ့)(၁၂:၀၀)နာရီ
တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန် - ၄-၃-၂၀၀၄(ကြာသပတေးနေ့)(၁၄:၀၀)နာရီ } စဉ် (၁)အတွက်
တင်ဒါပိတ်ရက်နှင့်အချိန် - ၆-၄-၂၀၀၄(အင်္ဂါနေ့)(၁၂:၀၀)နာရီ
တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန် - ၆-၄-၂၀၀၄(အင်္ဂါနေ့)(၁၄:၀၀)နာရီ } စဉ် (၂)အတွက်

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၆-၂-၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့
ဖုန်း-၂၉၁၉၈၂၊ ၂၀၁၅၅၅-လိုင်းခွဲ-၆၀၂၊ ၆၀၅၊ ၆၁၂

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်တင်ဦး အသက်(၇၇)နှစ် (မိုးကုတ်ယောဂီ) ဟသ်ာတ

ဦးကိုကိုဇော်(အောင်ငွေယံကုမ္ပဏီလီမိတက်)-ဒေါက်တာချိုမာလှိုင်တို့၏ မိခင်ကြီး ဒေါ်တင်ဦး အသက်(၇၇)နှစ်သည် ၂၃-၂-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒါရိုက်တာအဖွဲ့၊မင်္ဂလာရွှေမောင်းကုမ္ပဏီလီမိတက်။

အမည်ပြောင်း

ကျိုက်လတ်မြို့နယ်၊ ကျုံကလွတ်ကျေးရွာနေ အဖဦးသန်းစိန်၏သမီး မမြင့်မြင့်မော်အား မခင်ဇာဝင်းဟု ခေါ်ပါရန်။ **မခင်ဇာဝင်း**
၁၄/ကလန(နိုင်)၀၈၁၅၈၈

ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ ဒုတိယ ဥက္ကဋ္ဌ(၂) အေဝမ်းဦးလှမျိုး ကွယ်လွန်သည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး။

ဦးဝင်းသိန်းထွန်း
B.Sc Bot (RASU)
ကြာကန်၊ကန်ဘက်
အသက်(၄၇)နှစ်

လပွတ္တာမြို့နယ် ကန်ဘက်ကျေးရွာနေ (ဦးရွှေဝင်း)-ဒေါ်လှသိန်းတို့၏ သားငယ်၊ မြောင်းမြမြို့နယ်၊ ကြာကန်မြို့သစ်နေ ဦးပြည်စိုး-(ဒေါ်ခင်စိန်)တို့၏ သားသမက်၊ ကန်ဘက်ကျေးရွာနေ ဦးမောင်မောင်စိန်-ဒေါ်ခင်ခင်ထွေး၊ ရန်ကုန်မြို့အလုံမြို့နယ်၊ ဆင်ရေကန်လမ်းနေ ဦးဝင်းမောင်သိန်း-ဒေါ်အေးအေးသန်းတို့၏ ညီ/မောင်၊ ကြာကန်မြို့သစ်နေ ဒေါ်တင်တင်ရီ(ခ) ဒေါ်ချိုချို၏ခင်ပွန်းသည် ၁၇-၁-၂၀၀၄ ရက်တွင် ကြာကန်မြို့သစ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၀၄ ရက်တွင် ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပြီဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးသာဖုံလှ [B.V.S (Ygn) 1974]
(ဒုတိယညွှန်ကြားရေးမှူး) (စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန)
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
အသက်(၅၄)နှစ်

စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာနမှ ဦးသာဖုံလှ(ဒုတိယညွှန်ကြားရေးမှူး)သည် ၂၄-၂-၂၀၀၄ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန။

မွေးနေ့ဆုမွန်

ချစ်ပါးပါး ဒေါက်တာဦးကျော်ဝင်း၏ ၂၈-၂-၂၀၀၄ ရက်တွင်ကျရောက်သော (၄၉)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကျန်းမာရွှင်လန်း၍ ချစ်ဇနီး၊ ချစ်သား၊ ချစ်သမီးများနှင့် အတူ အသက်ထက်ဆုံး နေထိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

ဇနီး - ဒေါ်ခင်စိန်
သားကြီး - မောင်နေခြည်အောင် 3rd Year Law
သားလတ် - မောင်ပြည်သစ်နိုင် 2nd M.B (IMII)
သားငယ် - မောင်ရဲဇော်ထွန်း 8 Standard(A) T.T.C
သမီးငယ်လေး - မမြတ်နိုးခင် Pre II, Section D (I.L.B.C)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ၁၅/၆ ဝေဠုဝန်အိမ်ရာစခန်းနေ
ဦးလှအောင် (Centre Manager, OSM Centre, United Engineering)
ဒေါ်စန်းစန်းအေး [Registrar (Retired) Cancer Registry, YGH]
တို့၏သားကြီး
ဒေါက်တာဇော်မိုးအောင် M.B.,B.S (Ygn)
နှင့်
ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၄၀၊ မြောင်းမြလမ်းနေ
ဒေါက်တာကြည်ဦး-ဒေါက်တာ ဥမ္မာသွင်
တို့၏သမီး
ဒေါက်တာဇင်မီဦး M.B.,B.S (Ygn)

တို့သည် ၁၂-၂-၂၀၀၄ရက် (ကြာသပတေးနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာဇော်မိုးအောင်-ဒေါက်တာ ဇင်မီဦး။



အမွေဆက်ခံခွင့် လက်မှတ်လျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့်
အကြောင်းကြားစာ
(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
၂၀၀၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၈
(ကွယ်လွန်သူဦးသန်းဖေကျန်ရှိရစ်သော ပစ္စည်းနှင့်စပ်လျဉ်းသည့်အမှု)

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊အမှတ် ၈ ရပ်ကွက်၊ သီတာ ၂လမ်း၊ အမှတ်၇၂/က နေ ဒေါ်လှသိန်းက ကွယ်လွန်သူ၏ဇနီးဖြစ်သည်ဟူ၍ ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊အမှတ် ၈ ရပ်ကွက်၊ သီတာ ၂ လမ်း၊ အမှတ် (၇၂/က) တွင် နေထိုင်ခဲ့သော ကွယ်လွန်သူဦးသန်းဖေ၏ ကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ အမွေဆက်ခံခွင့်လက်မှတ် ရလိုကြောင်း၊ ဤတရားရုံး၌ လျှောက်ထားလာသည်ဖြစ်၍ ကွယ်လွန်သူဦးသန်းဖေ၏ ကျန်ရှိရစ်သော ပစ္စည်းများ အပေါ်၌ ရရန်ရှိသူမည်သူမဆို ဤတရားရုံးသို့ ၂၀၀၄ ခုနှစ် မတ်လ ၄ ရက်နေ့ (၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၁၄ ရက်နေ့)တွင် လာရောက်အမှုဆိုင်နိုင်ကြောင်း ကြော်ငြာလိုက်သည်။ ယင်းနေ့ရက်တွင် လျှောက်ထားသူဒေါ်လှသိန်း၏ လျှောက်လွှာကို ကြားနာ၍ အမွေဆက်ခံခွင့်လက်မှတ် ရသင့် မရသင့်စစ်ဆေးကြားနာဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ဤတရားရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အေးအေးသိန်း
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးထွန်းစိန်
B.Sc,(Chem),R.A(P.d)
H.G.P,R.L
(တရားရုံးချုပ်ရှေ့နေ)
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၁၀၃ နေ (ဦးသိန်းမောင်-ဒေါ်မမလေး)တို့၏သား၊ဒေါ်တင်ကြည်၊ ဒေါ်အုန်းကြည်တို့၏အစ်ကို၊ ဒေါ်ချိုချို၏ခင်ပွန်း၊ မဇင်မာထွန်း (B.Com)၊ မောင်စည်သူထွန်းစိန်(2nd Yr, B.M)၊ မဝေမာထွန်းစိန် (1st Yr, Law၊ ဒဂုံတက္ကသိုလ်)တို့၏ဖခင်သည် ၂၂-၂-၂၀၀၄ရက် မွန်းလွဲ ၂:၂၀ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေး စုစ္ဆိကာဘာရ်စတန်ဥယျာဉ်တော်တွင် ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

လေးနိုင်ဦး၁၁/စတန(နိုင်) ၀၀၃၄၁၄ သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုး ပြုလုပ်ပြီးနောက် မိမိ၏ သဘောဆန္ဒအလျောက် အိမ်မှ ဆင်းသွားပါ၍ ၎င်းအား သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် စပ်လျဉ်းသည့် မည်သည့်ကိစ္စအဝဝကိုမျှ လုံးဝတာဝန် ယူမည်မဟုတ်ပါ။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးအေးသောင်း-ဒေါ်တင်ရွှေ။

ကန့်ကွက်ရန်ကြေညာခြင်း

ဒဂုံမြို့သစ်အရှေ့ပိုင်းမြေတိုင်းရပ်ကွက် ၁၃၂/၈၃၆ အမည်ပေါက် ဦးထွန်းကြည်ထံမှ တစ်ဆင့်ဝယ်ယူထားသော ပါမစ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ပါမစ်မိတ္တူ လျှောက်ထားလိုပါ၍ ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ကြောင်းနှင့် ပါမစ်မူရင်းလက်ဝယ်ရှိသူအား အရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။ **ဒေါ်မြင့်မြင့်ရီ (B/RGN -၀၁၃၅၅၆)**
အခန်း(၁၀)တိုက်(၁)လေမှုတ်စက်ဝင်း၊ဗိုလ်တထောင်

အမည်ပြောင်း

အဖဦးသိန်းထွန်းအောင်၏ သမီးများ ဖြစ်ကြသော အထက(၃) ဒဂုံနဝမတန်း(က)မှ မမေဦးလွင်အား မသဇင်နှင်းဟုလည်းကောင်း၊ မခိုင်ဦးလွင်အား မသူဇာနန်းထိုက် ဟုလည်းကောင်း ပြောင်းလဲ ခေါ်ပါရန်။

မသဇင်နှင်း
မသူဇာနန်းထိုက်။

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၀၄ ခုနှစ် မတ်လ ၂ရက်နေ့နှင့် ၅ ရက် (အင်္ဂါနေ့)နှင့်(သောကြာနေ့)သည် တောင်သူလယ်သမားနေ့နှင့် တပေါင်းလပြည့်နေ့ဖြစ်ပြီး အများပြည်သူအလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းနေ့များတွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်။

အမည်ပြောင်း

ဦးစိုးပိုင်(ခ)ဦးဟာနစ်(KTO-၀၆၁၆၅၅)၏ သားဖြစ်သူ မောင်ဇော်လင်းဦး ၁၂/ဥကတ(နိုင်)၀၀၀၆၈၅ အား မောင်သီဟထွန်းပိုင်ဟု ပြောင်းလဲ ခေါ်ဆိုပါရန်။ **မောင်သီဟထွန်းပိုင်။**

ရောင်းမည်
ပုံနှိပ်စက်အမြန်ရောင်းမည်
ဟာမာဒါစတား ၉၀၀၊
တစ်လက်ကိုင် ပစ္စည်းသန့်
ဖုန်း-၀၉-၉၉-၂၄၂၈၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ် (၂)၊ မြေကွက်အမှတ် ၆၉/က၊ မြေဧရိယာ ၀ ဒသမ ၀၅၆ဧက၊ အလျား ၂၇ ပေXအနံ ပေ၉၀ရှိ နှစ် ၆၀မြေငှားဂရန်ပေါ်ရှိ၊ အမှတ် ၄၇ (က)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်ဟုခေါ်တွင်သော နှစ်ထပ်တိုက်၊ အဆောက်အအုံတစ်လုံး၊ အမှုထမ်းတန်းလျားတစ်လုံးအပါအဝင်၊ အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စန်းယုမော်ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အပေါ် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို ပြုလုပ်ချုပ်ဆိုမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်ဝင်း (တရားရုံးချုပ်ရှေ့နေ)
H.G.P, LL.B, D.B.L, D.M.L
အမှတ် ၅၆၁(ပ) ထပ်၊ အခန်းအမှတ်၁၀၄/၁၀၅၊
M.A.C Tower ၃၅ လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းကြား
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀-၁၇၂၄၀

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှန်

အဖဦးမွန်စံအေး၏သား ကျွန်တော် မောင်ကျော်ကျော်မွန်၏ နိုင်ငံသား စိစစ်ရေးကတ်ပြား အမှတ်၁၂/ဒဂမ(နိုင်) ၁၀၁၉၁၂၏ အမှန်မှာ ၁၂/လမန(နိုင်) ၁၀၁၉၁၂ ဖြစ်ပါသည်။ **မောင်ကျော်ကျော်မွန်**
၁၂/လမန(နိုင်)၁၀၁၉၁၂

အမည်ပြောင်း

အဖဦးစိန်လွင်၏သမီး တောင်ငူတက္ကသိုလ် ပြည်သူ့ရေးရာ (တတိယနှစ်)မှ မချိုလွင်ထွေးအား မခိုင်ပုလဲလွင်ဟု ပြောင်းလဲခေါ်ပါရန်။

မခိုင်ပုလဲလွင်။

ဘုရားဒါယိကာမကြီး
ဒေါ်ထွေးတင်
ထောက်ရှာပင်(မင်းဘူး)
အသက်(၇၃)နှစ်

မင်းဘူးမြို့၊ ထောက်ရှာပင်ရွာနေ (ဦးမြသန်း)၏ဇနီး၊ (ဦးဇော်ထွန်း)-ဒေါ်လှလှဝင်း၊ ဒေါ်စမ်းစမ်းယဉ်၊ (ဦးသိန်းထွန်း)၊ ဆရာလေး ဒေါ်ပါရမီ၊ ဦးစိုးစိုး၊ ဒေါ်ခင်စိုးဝင်း၊ ဦးရဲညွန့်၊ ဒေါ်ခင်ဆွေဝင်း၊ ကိုကျော်စိုးမိုး၊ မလင်းလင်းသန်းတို့၏မိခင်၊ မောင်ဇင်မင်းထွန်း၊ မောင်နိုင်ထွန်းဦး၊ မကေသီဦး၊ မောင်ဝင်းပြည့်ကျော်၊ မငြိမ်းစုလင်းတို့၏ အဘွားသည် ၂၀-၂-၂၀၀၄ရက် ည ၉ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၁-၂-၂၀၀၄ရက် ညနေ ၄ နာရီတွင် မင်းဘူးမြို့ ထောက်ရှာပင်ရွာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးမိုးသူရ(ခ)
မောင်မောင်(ခ)
Charly
B.Sc (Physice)
Neptume Co.,Ltd.(S'Pore)
Stema Bulk (USA)
Lizstre Enterprise Co.,Ltd.
CYC Co.,Ltd.(Hong Kong)
အသက်(၄၀)

ဒေးဒရဲမြို့နေ ဆရာကြီးဦးငွေဇင်-ဆရာမကြီး ဒေါ်စိန်တင့်၊ ချောင်းဆုံမြို့၊ မရမ်းရွာနေ ဦးဘတင်-ဒေါ်ညိုမြတို့၏ မြေး၊ တိုက် ၃၅၇၊ အခန်း ၁၂ နေ (ဦးသိန်းတင်၊ ဌာနစိတ်မှူး၊ ငြိမ်း၊ PPSC)-ဒေါ်ကြည်ကြည် (လ/ထ ကထိက၊ YTTC)တို့၏တစ်ဦးတည်းသောသား၊ [ဦးညီညီ၊ စစ်ဆေးရေးအရာရှိ(ဟ)၊ ဧရာဝတီရုံး]-ဒေါ်ရွှေဇင် (ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)၊ (ခွဲထောက်စိန်မြ)-ဒေါ်စိုးစိုး၏တို့၏ တူ၊ ဦးအောင်လွင်(စက်မှု-၁)-ဒေါ်ခင်လဲ့ဦး (စက်မှု-၁)၊ ဦးမျိုးသန့်ဇင်(ဒု/အကောက်ခွန်မှူး၊အကောက်ခွန်ဌာန)-ဒေါ်ခိုင်ဇာမင်း၊ (ဦးမြင့်ခင်-ဒေါ်ဥမ္မာဇင်)၊ ကိုမျိုးမြင့်ဇင်(F.G)တို့၏ မောင်/ညီသည် ၂၂-၂-၂၀၀၄ရက် မွန်းလွဲ ၁၂:၂၅ နာရီတွင်ကွယ်လွန်သွားပါ၍ ၂၃-၂-၂၀၀၄ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမောင်နှမများ။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကုန်းမြင့်ရိပ်သာလမ်း (၇)မိုင် အမှတ် ၅/၁ (ဂ)နေ
ဦးမင်းနိုင်(အင်ဂျင်နီယာမှူးကြီး(ငြိမ်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-ဒေါ်ခင်မာကြိုင်တို့၏သားကြီး

မောင်ဇော်မင်းယု B.Sc (Maths), D.B.S
(Myanmar Megasteel Industries Ltd.)

နှင့်

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အောင်တေဇလမ်း ၇မိုင် အမှတ် ၅/၅၂နေ
ဦးဘစိန် (လ/ထ အထွေထွေမန်နေဂျာ) ပျဉ်းမနား (တောင်) သစ်ထုတ်ရေးဒေသ၊ မြန်မာ့သစ်လုပ်ငန်း-
ဒေါ်ခင်ခင်စန်း တို့၏သမီးဦး

မနန္ဒာဘစိန် B.Sc (physics) (Hons) , D.C.Sc
(Alpha Colour Separation)

တို့အား ၁၄-၂-၂၀၀၄ ရက်တွင် MTTC ၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်နှင့် ဇနီး ဒေါ်တင်ဌေးလှိုင်တို့အားလည်းကောင်း၊ ၂၂-၂-၂၀၀၄ရက်တွင် Yuzana Garden Hotel တွင်ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနား၌ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖေသန်းနှင့် ဇနီးဒေါ်ချိုချိုထွန်း တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော သစ်တောရေးရာဝန်ကြီးဌာနမြန်မာ့သစ်လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် ဇနီးဒေါ်ဆွေဆွေချစ် တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးသော သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၏ဇနီး ဒေါ်ခင်ဌေးမြင့်၊ ဒုတိယဝန်ကြီးများ၏ ဇနီးများ၊ ကြွရောက်ချီးမြှင့်ပေးကြသော ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ အသိအမှတ်ပြုကြသော ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မိတ်ကပ်ဆံပင် ကိုမာ၊ သတို့သမီးဝတ်စုံ လတ်လတ်၊ ဓာတ်ပုံနှင့် ဗီဒီယိုစိုင်းဘုန်းထူးတို့အားလည်းကောင်း၊ Yuzana Garden Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော သူငယ်ချင်းမိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်မင်းယု-မနန္ဒာဘစိန်။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ
ဒုအရာခံဗိုလ်တင်ထွန်း(ရေတပ်မှတ်တမ်းဌာန)-ဒေါ်မြင့်မြင့်ကြည်
တို့၏သား

ဗိုလ်ကြီးမင်းမင်းထွန်း B.E (Electronic) D.S.T.A
(တပ်မတော်-ရေ) နှင့်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ
ဦးမြင့်အုန်း(အထကကျောင်းအုပ်-ငြိမ်း)-ဒေါ်ခင်မိမိ
(အောင်ဖုန်းမြင့်လျှပ်စစ်စတိုး) တို့၏သမီး

မတင်မီလတ် B.Sc (Hons) Phys:
Master of Engineering Physics YrII. YU

တို့၏ ၇-၂-၂၀၀၄ ရက်တွင် Lion City Restaurant ၌ ပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ လက်ဆောင်မွန်ပေးပို့ချီးမြှင့်သော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကျော်ဝင်းနှင့် ဇနီး ဒေါ်ခင်စန်းသိန်း၊ အောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ဗိုလ်မှူးကြီးရဲထွဋ်နှင့် ဇနီးဒေါ်ညိုညိုအောင်၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော ရန်ကုန်တက္ကသိုလ် ရူပဗေဒ ပါမောက္ခ ဒေါက်တာစိန်ထွန်း (Dean of Engineering)နှင့် ဇနီး ဒေါ်တင်မူသိန်း၊ ကြွရောက်ချီးမြှင့်ပေးသော ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် ဇနီး ဒေါ်ချိုချိုဝင်း၊ ပံ့ပိုးကူညီပေးသော အမှတ်(၁)သံမဏိစက်ရုံ စက်ရုံမှူး ဒုတိယဗိုလ်မှူးကြီး ဒီအောင်ဒွန်းနှင့် ဇနီး ဒေါ်အမ်ဂျာနန်၊ ကြွရောက်ချီးမြှင့်ပေးသော စစ်ဘက် နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော သူငယ်ချင်းများနှင့် လုပ်ဖော်ကိုင်ဖက်များ၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးမင်းမင်းထွန်း-မတင်မီလတ်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးမှ
ခေတ္တရာဆရာကျော်
ဗေဒင်ဟောခန်းဖွင့်နေပြီ
(မိတ်ဟောင်းမိတ်သစ်များအား ကြိုဆိုပါသည်)

လစဉ် - အင်္ဂလိပ်လဆန်း ၁ရက်မှ ၁၅ရက်အထိ
လိပ်စာ - အမှတ် ၈၄၇၊ ဦးဌေးကိုင်လမ်း၊ (၄၁)ရပ်ကွက်၊
ဒဂုံမြို့သစ် (မြောက်ပိုင်း) ရန်ကုန်မြို့



ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

(၁) ယာဉ်မောင်း - (၂) ဦး
(၂) လုံခြုံရေး - (၄) ဦး

အမှတ်စဉ် (၁)အတွက် - အခြေခံပညာအထက်တန်းဆင့်ဖြစ်ရမည်။
ယာဉ်မောင်းသက်တမ်းအနည်းဆုံး(၃)နှစ်ရှိ၍ ကျန်းမာရေးကောင်းမွန်ရမည်။
အသက်(၃၀)အောက်ဖြစ်ရမည်။

အမှတ်စဉ် (၂)အတွက်- အခြေခံပညာအလယ်တန်းဆင့်ဖြစ်ရမည်။
လုပ်ငန်းအတွေ့အကြုံရှိ၍ ကျန်းမာရေးကောင်းမွန်ရမည်။ အသက် (၃၅) နှစ်အောက်ဖြစ်ရမည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူ ပါရှိရမည်။ ဤကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း မွန်းလွဲ **၁:၀၀နာရီမှ ၄:၀၀**နာရီအထိ ဆက်သွယ်ပါရန်။
ဖုန်း-545990၊ 545991
အမှတ်(၁)၊ ဝက်ပါလမ်း၊ စီဝိတဒါနသံဃာ့ဆေးရုံဘေးလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

ခြောက်လပြည့်
မွေးနေ့မင်္ဂလာဆုတောင်းလွှာ

သားလေး ဘုန်းမင်းသန့်၏ ၂၈-၂-၂၀၀၄ ရက်တွင် ကျရောက်သော မွေးနေ့မှသည် အသက်ထက်ဆုံး ကျန်းမာချမ်းသာပြီး ထူးချွန်ထက်မြက်သော သားလိမ္မာလေးဖြစ်ပါစေ။

ဖေဖေ - ကိုစိုးမင်းသန့် B.Sc (Botany)
မေမေ - မခင်စန်းဦး(ဆင်မင်းပွဲရုံမိတ္ထီလာ)
ကိုကို - စိုးမင်းထက်
ဒေါ်ဒေါ် - ဇာကြည်ဝင်း B.A(Eco)
ဦးဦး - ဗိုလ်လောင်းထွန်းထွန်းဝင်း
ဒုတိယနှစ်စစ်တက္ကသိုလ်(ပြင်ဦးလွင်)
ဒေါ်လေး - သွဲ့အိဖြူ(နဝမတန်း အထက ၅၊ရှမ်းတဲ)

အမည်ပြောင်း

ဦးလှိုင်ဦး-ဒေါ်အေးအေးမော် တို့၏ သားနှင့် သမီးများဖြစ်သော မော်လမြိုင်ကျွန်းမြို့ အထက(၁) သတ္တမတန်း(အေ)မှ မောင်ပြည့်စုံထက် ၁၄/မမက (နိုင်) ၁၈၀၃၈၂ အား မောင်တင်ထက်နိုင်ဟု လည်းကောင်း၊ ၁၄ လမ်း အမက၊ ဒုတိယတန်းမှ သမီး မဆုလေးဝေအား မဇင်မွန်မွန်သူ ဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း

မရမ်းကုန်းမြို့နယ်၊ အထက(၁) နဝမတန်းမှ မောင်နေဝင်းကိုအား မောင်နေဝင်းရွှေဟု ပြောင်းလဲခေါ်ပါရန်နှင့် မောင်နေဝင်းရွှေ၏ ဖခင်အမည်မှန်မှာ ဦးသောင်းရွှေဖြစ်ပါကြောင်း။ **မောင်နေဝင်းရွှေ**

သားအဖြစ်မှ
အမွေပြတ်စွန့်လွှတ်ခြင်း

မောင်ရဲမင်းထွန်း ၁၂/မဂတ (နိုင်) ဝ၈၂၃၆၆ သည် မိမိသဘောဆန္ဒ အလျောက် ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူပါ။

(မေးမြန်းခြင်းသည်းခံပါ။)

ဦးမျိုးအောင်
၁၂/မဂတ(နိုင်)၀၅၄၂၉၉
ဒေါ်ချိုချိုဝင်း
၁၂/မဂတ(နိုင်)၀၅၄၁၉၃

အမွေဆက်ခံခွင့်လက်မှတ် လျှောက်ထားခြင်းနှင့် စပ်လျဉ်းသည့်

အကြောင်းကြားစာ

အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၇၃
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၄ ခုနှစ် တရားမအထွေထွေမှုအမှတ်-၂၀

(ကွယ်လွန်သူ ဒုအရာခံဗိုလ်ဝင်းမြင့်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု)

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ ကံဘဲ့(၁၂) ရပ်ကွက်၊ ကာယသုခ (၃) လမ်း၊ အမှတ် ၁၁၉ နေ ဦးမြဝင်းက ကွယ်လွန်သူ ဒုအရာခံဗိုလ်ဝင်းမြင့်၏ သားအရင်းဖြစ်သည်ဟူ၍ အထက်ဖော်ပြပါလိပ်စာတွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဒုအရာခံဗိုလ်ဝင်းမြင့် ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ အမွေဆက်ခံခွင့်လက်မှတ်ရလိုကြောင်း လျှောက်ထားလာသည် ဖြစ်၍ ကွယ်လွန်သူ ဒုအရာခံဗိုလ်ဝင်းမြင့် ကျန်ရှိရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ မည်သူမဆို ဤတရားရုံးတော်သို့ ၂၀၀၄ ခုနှစ် မတ်လ ၈ ရက် (၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်) နံနက် ၁၀ နာရီအချိန်တွင် လာရောက်အမှုဆိုင်နိုင်ကြောင်း ကြော်ငြာလိုက်သည်။ ယင်းနေ့ရက်တွင် လျှောက်ထားသူ ဦးမြဝင်း၏ လျှောက်လွှာကိုကြားနာ၍ အမွေဆက်ခံခွင့် လက်မှတ် ရသင့်/မရသင့် စစ်ဆေးကြားနာ ဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်တွင် ဤတရားရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မောင် (တ/၁၅၃၀)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

၁၆-၂-၂၀၀၄ မှ ၂၉-၂-၂၀၀၄ ရက်ထိ Program (3) စတင်ပါပြီ။ Scmlv 040117000110- (VCD) စက်၊ Scmlv 0401290075 လျှပ်စစ်ဓာတ်ဘူး၊ Scmlv 04011600098 အံဆွဲဗီရို၊ Sghlv 0401280002813 (VCD) စက်၊ Sghlv 0401250002223 (ပေါင်မုန့်ကင်စက်)၊ Sghlv 0401270001899 (ဒီဖယ်မီးဖို)ဆုမဲရှင်များလာရောက်ထုတ်ယူပါရန်။ ဖုန်း-242236၊ 250841၊ 220027

ဒေါ်သိန်းရှင်
အသက်(၉၃)နှစ်

ရန်ကုန်တိုင်း၊ အလုံမြို့နယ်နေ (ဦးမင်းဆွေ၊ အငြိမ်းစား၊ နိုင်ငံခြားငွေကြေးကြပ်ရေးဝန်၊ အငြိမ်းစား၊ အမှုဆောင်ဒါရိုက်တာ၊ ပြည်သူ့ငွေချေး)၏ဇနီး၊ (ဒေါ်ခင်နွဲ့ဆွေ)၊ ဒေါက်တာသိမ်းဆွေ(ခေတ္တ–U.S.A)၊ ဒေါက်တာမျိုးဆွေ(ခေတ္တ–U.K)၊ ဒေါက်တာငြိမ်းဆွေ (သမားတော်ကြီး၊ မော်လမြိုင်ပြည်သူ့ဆေးရုံကြီး)–ဒေါက်တာမကြေည်(တာဝန်ခံဆရာဝန်၊ ဗဟိုဒေသန္တရ၊ မော်လမြိုင်)တို့၏မိခင်ကြီး၊ ခိုင်ဇော်ငြိမ်း၊ ဖြိုးအေးငြိမ်း(3rd Year B.D.S၊ ရန်ကုန်)တို့၏အဘွား၊ ဦးကြည်ခင်(အငြိမ်းစား၊ ဒု–အင်ဂျင်နီယာချုပ်၊ M.E.P.E)–ဒေါ်ညွှန့်ညွှန့်တင်တို့၏အစ်မကြီးသည် ၂၇–၂–၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၁၀ နာရီတွင် မော်လမြိုင်မြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၉–၂–၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
ဒေါ်အေး(ခ)အမေအေး (မော်လမြိုင်)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဓမ္မဝိဟာရလမ်း၊ အမှတ် ၁၀၄ နေ (ဦးဖေမြင့်)၏ဇနီး၊ (ဦးမျိုးမြင့်)၊ (ဒေါ်အေးအေးမြင့်)၊ ဒေါ်လှလှထွေး(အမက–၃၊ တာမွေ)၊ ဦးဉာဏ်မြင့်–ဒေါ်နွယ်နွယ်ရှိန်၊ ဦးကျော်လွင်–(ဒေါ်ရီရီနွဲ့)၊ ဦးကျော်လွင်–ဒေါ်စိုးစိုးမူ(ရန်ကုန်စာတိုက်ကြီး)၊ ဦးတင်မောင်ဆန်း(အငယ်တန်းအင်ဂျင်နီယာ–၂၊ မိုက္ကရိုဝေ့ဗ်)–ဒေါ်ယဉ်ယဉ်မြင့်(တာဝန်ခံ၊ မြောင်းတကာအိပ်ချိန်း)၊ ဦးကျော်ဝင်း(စုံစမ်းရေးမှူး၊ စစစ)–ဒေါ်ဖြူဖြူစော၊ ဦးကျော်မင်း–ဒေါ်စုဝင်းမြတ်တို့၏မိခင်၊ မြေး ၁၂ ယောက်တို့၏အဘွားသည် ၂၆–၂–၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၁ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈–၂–၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဇော်တင့် (ကိုထူး)
(Chief Engineer)
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၂(ခ)နေ ဒေါ်ခင်မေလတ်၏ခင်ပွန်း၊ ဦးဘရွှေ–ဒေါ်မြသိန်းတို့၏သား၊ (ဦးခင်မောင်လတ်)–ဒေါ်ညိမ်းညိမ်းတို့၏သားသမက်၊ ဦးဇော်လတ်(နည်းပြ၊ သချာဋ္ဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ မမေသက်နွယ်တို့၏ဖခင်၊ ဦးတင်ထွဋ်–ဒေါ်ခင်ဆွေလတ်၊ ဦးသူရ–ဒေါ်ညွှန့်ညွှန့်ဝေတို့၏အစ်ကို၊ တူ တူမငါးယောက်တို့၏ဘကြီးသည် ၂၇–၂–၂၀၀၄ရက်(သောကြာနေ့) ညနေ ၅း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂–၃–၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သိန်းတင်(ခ)ပေါက်ချေ
(မြေပုံမြို့)
အသက်(၆၇)နှစ်

ရခိုင်ပြည်နယ်၊ မြေပုံမြို့၊ သဲတန်းရပ်ကွက်နေ (ဦးထွန်းလှဖြူ–ဒေါ်အေးထင်)တို့၏တတိယသမီး၊ လှည်းကူးမြို့နယ်၊ မြို့မရပ်ကွက်၊နှင်းဆီလမ်းနေ ဦးမြင့်ဟန်၏ဇနီး၊ ထားဝယ်မြို့နေ ဦးသိန်းလွင်–ဒေါ်စိမ်းလှဲ့ဝါ၊ မင်္ဂလာဒုံမြို့နေ ဦးသိန်းရှည်–ဒေါ်အောင်ဝင်း၊ မြိတ်မြို့နေ ဦးမိုးကျော်သူ–ဒေါ်ခင်မာအေး၊ မြေပုံမြို့နေ ဦးသိန်းထိုက်–ဒေါ်အေးအေးခိုင်၊ မခင်ညိမ်းမြင့်၊ မောင်ညီညီ၊ မခင်ဘုန်းမြင့်တို့၏မိခင်၊ မြေး ၁၀ ယောက်တို့၏အဘွားသည် လှည်းကူးမြို့ နေအိမ်၌ ၂၀–၂–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၂–၂–၂၀၀၄ရက်တွင် လှည်းကူးသုသာန်၌သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်အေး
ကုန်သွယ်/လယ်ယာ(ငြိမ်း)
(ပဲခူးမြို့)
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၆၆၆၊ လှိုင်ထိပ်ခေါင်တင်လမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ (ဦးထွန်းဖေ–ဒေါ်အုန်းရွှေ)တို့၏သမီး၊ဦးနေဝင်း–ဒေါ်ချိုချိုသစ်တို့၏ညီမ၊ (ဦးအုန်းမြင့်)၏ဇနီး၊ ဦးတင်မျိုးအောင်–ဒေါ်သီရိခက်၊ ဦးဝင်းမြင့်ဦး–ဒေါ်သီရိသက်၊ ဦးနေမျိုးမင်း(ခ)ဦးဘိုဘို–ဒေါ်ခင်သန်းနွယ်အေးတို့၏မိခင်၊ မောင်ခန့်မင်းခန့်၊ မောင်အောင်ရဲရင့်တို့၏အဘွားသည် ၂၆–၂–၂၀၀၄ရက် နံနက် ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈–၂–၂၀၀၄ ရက် (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးသန်းအောင်(ခ)
ငွေမောင်း
အသက်(၄၄)နှစ်

ကြည့်မြင်တိုင်မြို့နယ်နေ (ဦးကိုကိုကြီး–ဒေါ်သန်းညွှန့်)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၁၄၊ တကောင်း ၁ လမ်း၊ (၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးမောင်မောင်–ဒေါ်မြရီ)တို့၏သားသမက်၊ ဦးလှထွန်း–ဒေါ်ခင်စောရီ၊ ဒေါ်ပပဝင်းတို့၏ညီ/မောင်၊ ဒေါ်လှလှတင့်၊ ဦးသိန်းဌေး၊ ဒေါ်တင်တင်ထွေးတို့၏အစ်ကို၊ ဒေါ်ခင်မကြီး(အမက–၅၊ မရမ်းကုန်း)၏ခင်ပွန်း၊ မလဲ့ရည်သန့်၏ဖခင်သည် ၂၇–၂–၂၀၀၄ ရက် နံနက် ၁း၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၉–၂–၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစိန်အောင်
မြို့နယ်အင်ဂျင်နီယာ
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
မော်လမြိုင်မြို့၊ မွန်ပြည်နယ်
အသက်(၅၈)နှစ်

မော်လမြိုင်မြို့နေ(ဦးလှဆင်–ဒေါ်ရွှေသန်း)တို့၏သားကြီး၊ (ဦးရွှေ–ဒေါ်အေးရီ)တို့၏သားသမက်၊ ဒေါ်ကျင်လှ၏မောင်၊ ဦးကျော်ဝင်း၊ ဦးဗိုလ်ဝင်း၊ ဦးသာဝင်း၊ ဒေါ်စန်းဌေးတို့၏ အစ်ကိုကြီး၊ မော်လမြိုင်မြို့၊ သီရိမြိုင်ရပ်၊ ၁၄ လမ်း၊ အမှတ် ၂၁ နေ (ဒေါ်မေမေသိန်း) ဒေါ်ရှုကြည်(ကျောင်းအုပ်၊အထက–၂၊ သံဖြူဇရပ်မြို့)၏ခင်ပွန်း၊ မခိုင်မာလာအောင်၊ မောင်လင်းသိန်းထက်၊ မောင်ဟိန်းမြတ်မင်း၊ မဖြိုးသူဇာတို့၏ဖခင်သည် ၂၇–၂–၂၀၀၄ရက် နံနက်တွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဖခင်အမည်မှန်

ကျွန်တော် မောင်အောင်အောင်ဖြိုး နဝမတန်း(ဒီ)နှင့် ကျွန်မ မခင်သော်သော်ဟန် အဌမတန်း(အေ) ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်းတို့၏ ဖခင်နှင့် မိခင်အမည်မှန်မှာ ဦးအောင်သိန်းဟန်နှင့် ဒေါ်ခင်ခင်ကြီး ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါသည်

မော်တော်ဆိုင်ကယ်အမှတ် ၁ယ/၇၃၅၃၉ (ကမ–၃)တွင် အမည်ပေါက်က(ကမ–၃) မိတ္တူ ပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူးရုံး(ပဲခူး)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊တိုင်းဦးစီးမှူးရုံး(ပဲခူး)။**

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း
ဒါယိကာမကြီး
ဒေါ်ကျင်ရွှေ (ဗဟိုစည်)
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊အမှတ် ၂၈၃၊ ၄/မြောက်ရပ်ကွက်၊ ၁၁ လမ်း၊ သာကေတမြို့နေ ဦးကျော်၊ (ဒေါ်အေး)နှင့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၂)ရပ်ကွက်၊ ဦးကြော့လမ်း၊ အိမ်အမှတ် ၉၆၄ နေ ဦးအောင်သန်းရွှေ(MSI.Co.,Ltd.)နှင့် ဒေါ်ကြည်အေး(အထက–၂၊အလုံ၊ငြိမ်း)တို့၏မိခင်၊ (ဦးလှအောင်)၏ဇနီးသည် ၂၆–၂–၂၀၀၄ရက် ည ၉း၃၀ နာရီတွင် အထက်ပါဒဂုံမြို့သစ်နေအိမ်၌ကွယ်လွန်သွားပါ၍ကွယ်လွန်သူ၏ဆန္ဒအရ ၂၇–၂–၂၀၀၄ရက်တွင် ထားဝယ်ချောင်သုသာန်၌မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောဘရစ္စတို
အလုပ်ရုံစုမှူး(ငြိမ်း)
သံမဏိစက်ရုံ၊အင်းစိန်(ရွာမ)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ အမှတ် ၄၇၂ (H)၊ အောက်ကြည့်မြင်တိုင်လမ်း၊ ဦးဖိုးခင်လမ်းသွယ်နေ (ဦးစောဒယ်နီရယ်မင်း–နော်ဒေါနှင်းမယ်)တို့၏ ဒုတိယမြောက်သား၊ နော်နီးလာ–(ဦးဘသာ)တို့၏မောင်၊ (ဦးစောဘတ်ထေမင်း–နော်ဒေးစေ)၊ (ဦးစောကြာထွေး–နော်မိုးလာ)တို့၏အစ်ကို၊ နော်ဖဲထူး၏ခင်ပွန်း၊ ဆရာမနော်ထူးဖေ–ဦးပြေသိန်း(အလက၊ လှိုင်ကော်)၊ နော်ဂေးလီ–ဦးဘိုကြည်၊ ဒေါက်တာနော်မော်လီ–စောမိုးဇက်၊ စောဒေးဗစ်၊ နော်စတဲလာ(ဆေးရုံ)၊ စောဂျိုးဇက်(VICTORIA Co.,Ltd.)တို့၏ဖခင်၊ မြေး ၁၃ ယောက်တို့၏အဘိုးသည် ၂၇–၂–၂၀၀၄ ရက် ညနေ ၃း၂၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၉–၂–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကြည့်မြင်တိုင် စမ်းချောင်း ကရင်နှစ်ခြင်းခရစ်ယာန် ဘုရားရှိခိုးကျောင်း သိန္ဓိလမ်း၊ သီတာရပ်ကွက်တွင် ဆုတောင်းပြီး ရေဝေး ကရင်နှစ်ခြင်း ခရစ်ယာန်သုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးခင်မောင်သိန်း
(ဒေါပုံသဘော်ကျင်း)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နဝဒေး ၁ လမ်း၊ အမှတ် ၁၈၁နေ (ဦးအောင်သိန်း–ဒေါ်ညို)တို့၏သား၊ ဒေါ်နွဲ့၏ခင်ပွန်း၊ ဦးစိုးလွင်–ဒေါ်ခင်မူ(အာမခံ)၊ ဦးအုန်းမြင့် (Wing Tak)–ဒေါ်အမာကြူတို့၏အစ်ကို၊ ဦးမင်းဇော် (M.D, Esteem Co.,)–ဒေါ်အေးအေးခိုင် (S.E.C.D)၊ ဦးစောလင်းသိန်း(ခ) မောင်တာ(Uniteam Co.,)–ဒေါ်တင်မိုးကြည်၊ ဦးရဲမင်းသိန်း(Victoria Co.,)–ဒေါ်ချိုချိုလွင်တို့၏ဖခင်၊ မောင်ဇော်ထက်ခိုင်(Uniteam Co.,)နှင့် မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၂၆–၂–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၈–၂–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
မောင်ဝင်းကျော်သူ(ခ)
မောင်ခွန်းအောင်
(မြစ်ကြီးနား)
အသက်(၃၇)နှစ်

မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ အမှတ် ၇၉ နေ ဦးအောင်ရှိန်း–ဒေါ်ဂျာအိန်တို့၏သားကြီး၊ ဦးချိန်စွမ်း–ဒေါ်မိမိရှိန်း(အထက–၁၊ပြည်)၊ ဒေါ်ကေသီရှိန်း၊ ဒေါ်ကေသွယ်ရှိန်း(ဗဟိုအမျိုးသမီးဆေးရုံကြီး)တို့၏မောင်၊ မောင်အောင်နိုင်သူ၊ မနန်ဒွဲဘူတို့၏အစ်ကို၊ မမေသန္တာလင်းတို့၏ဦးလေးသည် ၂၆–၂–၂၀၀၄ရက် ၁၀း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်ပါ၍ ၂၉–၂–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြုဆုတောင်းပြီး သဂြိုဟ်ပါမည်။ [အမှတ် ၂၅ (ခုနစ်လွှာ)၊ ကျောက်ရေတွင်းလမ်း၊ ကျောက်မြောင်း နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ဒါယိကာမကြီးနှင့်
ရဟန်းမယ်တော်ကြီး
ဒေါ်ယဉ်မေ (ပိန်းဇလုပ်မြို့)
အသက်(၉၂)နှစ်

ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့၊ ဘူတာရုံလမ်းနေ(ဦးရှမ်း–ဒေါ်ပု)တို့၏သမီး၊ (ဦးဘဘာဘ)၏ဇနီး၊ ဦးလှမြင့် (တနင်္သာရီတိုင်း ဆိပ်ကမ်းအရာရှိ၊ ငြိမ်း)–ဒေါ်ရှုကြူ၊ (ဦးလှဝင်း)–ဒေါ်လွင်လွင်သင်း၊ ဦးလှထွန်း(ရတနာစက်လှေ၊ မြိတ်မြို့) – ဒေါ်ခင်မာယု၊ ဒေါ်ခင်အေး(အထက်တန်းပြ၊ အထက–၁၊ အင်းစိန်) – ဒုရဲမှူးဖေမောင်ထွန်း (C.I.D˚ အင်းစိန်)၊ ဗိုလ်ကြီးဒေါ်ခင်နီ(ငြိမ်း)၊ ဒေါ်ခင်မြင့်မြင့်–ဦးဝင်းအောင်၊ ဦးကျော်စိုး–ဒေါ်ခင်ခင်ကြည်တို့၏မိခင်၊ ကိုအောင်အောင်သွင်၊ ကိုညီညီသွင်၊ မချိုချိုအေး၊ မသင်းသင်းအောင်၊ မခင်သုဇာအောင်(Final Years˚Maths)၊ မရဲဝင့်ဝင့်အေးထွန်း၊ မောင်မျိုးမင်းထွန်း (Final Years Maths)၊ မသန်းမြတ်ဝေ (Final Years˚ Eco)၊ မောင်အောင်ကျော်ခိုင် (အထက–၃၊ တာမွေ)တို့၏အဘွား၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၂၇–၂–၂၀၀၄ရက် (သောကြာနေ့) နံနက် ၃း၁၅ နာရီတွင် တိုက်အမှတ် ၄၊ အခန်း ၁၀၂၊ ညောင်တန်းအိမ်ရာ၊ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့၌ကွယ်လွန်သွားပါ၍ ၂၉–၂–၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ညောင်တန်းအိမ်ရာ နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
THRESA ဒေါ်မိမိလေး
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ အမှတ် ၂၂၊ လမ်း ၉၀ နေ (ဦးဘချစ်–ဒေါ်တင်တင်)တို့၏သမီး၊ (ဦးကိုကိုကြီး)၏ဇနီး၊ ဦးကိုကိုနိုင်(ဒုထွေ/ဂျာ၊ငြိမ်း၊ M.T.E)–ဒေါ်ခင်မမ၊ ဦးကိုကိုလတ်–ဒေါ်ကြည်ကြည်ဝင်း၊ ဦးကိုကိုဖြူ(O.E.L Lines Pte Ltd.)–ဒေါ်နန့်အယ်ဒီ၊ (ဦးကိုကိုသိုက်)၊ ဦးချစ်ကိုကို(UNICEF)–ဒေါ်တင်တင်ယု၊ ဦးကိုကိုလေး–ဒေါ်သန့်သန့်ဇင်၊ ဦးမြင့်စိုး–ANGELA˚ဒေါ်မြမြကိုတို့၏မိခင်၊ မြေး ၁၆ ယောက်၊ မြစ်ကိုးယောက်တို့၏ အဘွားသည် ၂၆–၂–၂၀၀၄ ရက် ည ၁၁း၂၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၈–၂–၂၀၀၄ ရက် နံနက် ၉ နာရီတွင် ကန်တော်ကလေး စိန့်အန်ထော်နီ ဘုရားရှိခိုးကျောင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေး ခရစ်ယာန်သုသာန်တွင် ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း
ဒါယိကာမကြီး
ဒေါ်စန်းစန်းရီ
(ယခင် သီရိမင်္ဂလာဈေး၊
သန့်ရှင်းရေးကန်ထရိုက်)
မဟာမြိုင် သန့်ရှင်းရေးကန်ထရိုက်
အသက်(၅၇)နှစ်

သာကေတမြို့နယ် (ဦးမောင်တင်–ဒေါ်အုန်းကြည်)တို့၏သမီး၊ မုံရွာမြို့၊ ဆူးလေကုန်းရပ်နေ (ဦးဘရွှေ–ဒေါ်သန်းကြွယ်)တို့၏သမီးချွေးမ၊ (ဦးငွေသိန်း)–ဒေါ်မြင့်ရီတို့၏ညီမ၊ (ဦးမြဟန်)–ဒေါ်သိန်းသိန်းရီ၊ ဦးမြင့်သိန်း–ဒေါ်မြသန်း၊ ဦးမောင်လှ (မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး သယ်ပို့ရုံးချုပ်)–ဒေါ်တင်စန်း၊ ဦးနေလင်း (လယ်စိုက်ရှင်း)–ဒေါ်စန်းစန်းဝင်း၊ ဦးမြတ်ကို (လယ်စိုက်ရှင်း)–ဒေါ်ထားထားရီ၊ ဦးစိန်ဝင်း (လယ်စိုက်ရှင်း)–ဒေါ်နီနီမာတို့၏အစ်မ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ တိုက်အမှတ် ၂၉/ A2 နေ (ဗိုလ်ကြီးတင်မောင်ဝင်း)သုရဲကောင်းမှတ်တမ်းဝင်၏ဇနီး၊ ဦးစံလှအောင်–ဒေါ်ခိုင်စန်းဝင်း၊ ဦးဝင်းသူရိန်ဝင်း–ဒေါ်အေးသီတာဝင်း၊ (ဦးအောင်သူရိန်ဝင်း)၊ ဦးလင်းမောင်(ဦးပိုင်)–ဒေါ်စန်းသီတာဝင်းတို့၏မိခင်၊ မသူဇာဝင်း၊ မချယ်ရီဝင်း၊ မလင်းသီတာထက်တို့၏အဘွား၊ တူ တူမ ၂၅ယောက်တို့၏ကြီးတော်သည် ၂၇–၂–၂၀၀၄ရက် (သောကြာနေ့) နံနက် ၃း၁၅ နာရီတွင် ရန်ကုန်တိုင်း ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၂၉–၂–၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးရွှေစောဦး
(စစ်တွေ၊ မင်းပြား)
(မော်ကွန်းဝင်ပထမဆင့်)
အသက်(၉၆)နှစ်

ရှေ့နေ (ဦးစောလှ–ဒေါ်ရွှေခိုင်ဖြူ)တို့၏သား၊ (ဦးကျော်ထွန်းဦး–ဒေါ်အုံးကြာ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်း၀ လမ်း ၂၀၊ အမှတ် ၁၈၉ နေ ဒေါ်စံဂိုးဖြူ၏ခင်ပွန်း၊ (ဦးထွန်းမြ)–ဒေါ်စောမြ၊ (ဒေါ်စောနုဖြူ)၊ (ဦးဒိုးအောင်)–ဒေါ်စောယဉ်၊ (ဒေါ်စောခိုင်)၊ ဦးစောဖော်အောင် – ဒေါ်ဦးကျော့စိန်၊ ဦးဘအောင်–ဒေါ်စောထွီးတို့၏အစ်ကိုကြီး၊ ဦးသန်းရွှေ၊ ဦးထွန်းအေး(3/E) ဒေါ်မြင့်မြင့်အေး၊ ဦးကျော်သိန်း–ဒေါ်ယဉ်ယဉ်ဌေး၊ ဦးစံရွှေအောင် (ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ တန့်ယန်း)–ဒေါ်ယဉ်ယဉ်မြင့်၊ ဒေါ်ကြည်ရွှေ (အမက–၅၊ တ/ဥက္ကလာ)၊ ဦးကျော်မောင်[C.E (H.T) မြန်မာ့ကြယ်ငါးပွင့်]–ဒေါ်သန်းသန်းစိုး၊ ဦးမောင်မောင်အေး(ဦးစီးအရာရှိသစ်တောဦးစီးဌာန၊ ရုံးချုပ်)–ဒေါ်အေးခင်ညွန့်၊ ဦးအေးထွန်းတို့၏ဖခင်၊မြေး ၁၄ယောက်တို့၏အဘိုးသည် ၂၆–၂–၂၀၀၄ရက် (ကြာသပတေးနေ့) ည ၇း၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈–၂–၂၀၀၄ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရခိုင်သဟာယအသင်း(ရန်ကုန်)
ဦးရွှေစောဦး
(စစ်တွေ၊ မင်းပြား)
အသက်(၉၆)နှစ်

ရခိုင်သဟာယအသင်း၏ သက်ကြီးပူဇော်ခံ ရာသက်ပန်အသင်းဝင် ဒေါ်စံဂိုးဖြူ၏ခင်ပွန်းသည် ၂၆–၂–၂၀၀၄ရက် (ကြာသပတေးနေ့)တွင် ၁၈၉၊ အင်း၀ လမ်း ၂၀၊(၆)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်တွင် ကွယ်လွန်သွားပါသဖြင့် ၂၈–၂–၂၀၀၄ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့။

ဦးတင်ရွှေ
မန်နေဂျာ(အင်/ယာ)
သစ်လုပ်ငန်းစီမံကိန်း (II)
အသက်(၅၈)နှစ်

ပျော်ဘွယ်မြို့နေ (ဦးဆွန်ဒါးဆင့်–ဒေါ်သန်းရင်)တို့၏သား၊ မန္တလေးမြို့နေ ဦးအောင်ခင်–(ဒေါ်ကြည်)တို့၏ သားသမက်၊ သစ်လုပ်ငန်းစီမံကိန်းနှင့် အမရပူရနေ ဒေါ်ကြင်ရွှေ၏ခင်ပွန်း၊ မတင်တင်ဝေ၊ မလီလီအောင်၊ မောင်သီဟရွှေ၊ မသီတာရွှေတို့၏ဖခင်သည် ၂၆–၂–၂၀၀၄ရက် (ကြာသပတေးနေ့) တွင် ကွယ်လွန်သွားပါ၍ ၂၈–၂–၂၀၀၄ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် တံတားကြိုးသုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုး မိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

မြစ်ကြီးနားအသင်း
မောင်ဝင်းကျော်သူ(ခ)
မောင်ခွန်းအောင်
အသက်(၃၇)နှစ်

မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်၊ အမှတ် ၇၉ နေ ဦးအောင်ရှိန်း–ဒေါ်ဂျာအိန်တို့၏ သားကြီး၊ အမှတ် ၂၅ (ခုနစ်လွှာ)၊ ကျောက်ရေတွင်းလမ်း၊ ကျောက်မြောင်း ရပ်ကွက်နေ ဦးချိန်စွမ်း–ဒေါ်မိမိရှိန်း၊ မကေသီရှိန်း၊ မကေသွယ်ရှိန်းတို့၏ မောင်၊ မောင်အောင်နိုင်သူ၊ မနန်ဒွဲဘူတို့၏အစ်ကိုသည် အထက်ပါနေအိမ်၌ ၂၆–၂–၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၉–၂–၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေး သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဦးနန္ဒာသီရိ
(ရပ်သစ်ကျောင်း၊ အမြင့်မြို့၊ ချောင်းဦးမြို့နယ်)
သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၃)ဝါ

စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ အမြင့်မြို့၊ ရပ်သစ်ကျောင်းတိုက်နာယကဆရာတော် ဦးနန္ဒာသီရိ (ကျေးရွာသံဃနာယကဥက္ကဋ္ဌ)သည် ၁၃၆၅ခုနှစ် တပေါင်းလဆန်း ၄ ရက် မွန်းလွဲ ၂း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် တန်ခူးလဆန်း ၄ ရက် (၂၄–၃–၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့တွင် ရပ်သစ်ကျောင်းတိုက်၌ အန္တိမအဂ္ဂိစျာပန သာခုကီဠနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမများ၊အမြင့်မြို့။

ဦးသိန်းမောင် (ကျောက်ဖျာရွာ)
မိုးကုတ်မြို့အနောက်ပိုင်း
အသက်(၇၇)နှစ်

မိုးကုတ်မြို့၊အနောက်ပိုင်း၊ကျောက်ဖျာရွာနေ (ဦးသန့်–ဒေါ်ဖီ)တို့၏ သား၊ မိုးကုတ်မြို့၊ စည်ပင်သာယာရပ် (ဦးခင်မောင်–ဒေါ်သိန်း)၊ နမ္မတူမြို့ (ဦးအာဂွန်း–ဒေါ်မြအိမ်)၊ ကျောက်ဖျာရွာနေ ဦးအောင်ညွှန့်–ဒေါ်ဖွားကြည်တို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၂၇၄ နေ ဦးသိန်းထွန်း–(ဒေါ်သန်း)၊ ငွေ့ပင်ရွာနေ (ဦးမောင်ရွှေ)–ဒေါ်အုန်းကြည်တို့၏အစ်ကို၊ ဆိပ်ကမ်းသာလမ်း၊မောင်မျိုးသန်း–မစန်းစန်းဝင်း(နဝရတ်ရုံ၊ ဗိုလ်ချုပ်ဈေး)၊ အောင်ကိုကိုတို့၏ဦးကြီး၊ ကျောက်တံခါးမြို့ ဒေါ်ခင်ညွှန့်၏ခင်ပွန်း၊ ကိုမျိုးသိန်း၏ဖခင်သည် ၂၆–၂–၂၀၀၄ရက် ည ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁–၃–၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (၂၇၄၊ ဆိပ်ကမ်းသာလမ်း နေအိမ်မှ ကားများ နံနက်၉ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ ၃–၃–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ မိုးကုတ်မြို့နယ် ကျောက်ဖျာကျေးရွာ နေအိမ်သို့ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

မောင်စိုင်းအာကာကျော်ကြား(ခ)
Andrew
အလက(၁၇)
အသက်(၁၄)နှစ်

မန္တလေးမြို့သစ်၊ ချမ်းမြသာစည်မြို့နယ်၊ ဏ(၅/၇၂)၊ ၆၄ X ၆၅ ကြား၊ သရဖီလမ်းနေ ဦးစိုင်းစံသိန်း (ဦးမောင်မောင်နှင့်သားများ ရေခဲသေတ္တာနှင့်လေအေးပေးစက် အပိုပစ္စည်းရောင်းဝယ်ရေး)–ဒေါ်အေးအေးမင်း(ကထိက၊ ငြိမ်း၊ စိတ်ပညာဌာန၊ မန္တလေးတက္ကသိုလ်)တို့၏သား၊ညောင်ရွှေမြို့နေ(ဦးကြွယ်)–ဒေါ်မြဟန်(ကျိုင်းတုံမြို့)၊ မိုးကုတ်မြို့နေ (ဦးမင်းဦး–ဒေါ်ယဉ်ယဉ်မော်)တို့၏မြေး၊ တောင်ကြီးမြို့နေ (ဦးလှရင်)–ဒေါ်စန်းရီ (စောဝတ်ရည်ဆေးတိုက်)၊ ညောင်ရွှေမြို့နေ (ဦးလှကျော်)–ဒေါ်မြသီ၊ အင်းလေးနန်းပန်ရွာနေ (ဦးဝင်းကြည်)–ဒေါ်သန်းနု၊ ညောင်ရွှေမြို့နေ (ဦးသိန်းလှိုင်)–ဒေါ်မြကြည်၊ ရပ်စောက်မြို့နေ (ဦးအောင်သိန်း)–ဒေါ်တင်တင်ရွှေ၊ ညောင်ရွှေမြို့နေ ဦးအုန်းမောင် (Inle Princess Resort Hotel) – ဒေါ်ခင်သန်းနွဲ့၊ တောင်ကြီးမြို့နေ ဦးကျော်မြင့်–ဒေါ်နန်းမြသန်း၊ ကျိုင်းတုံမြို့နေ ဦးကျော်တင့်–ဒေါ်နန်းတီ(မြရတနာရွှေဆိုင်)၊ တောင်ကြီးမြို့နေ ဦးဘရီ–ဒေါ်ခင်ပြုံး(အလက–၄)၊ ရန်ကုန်မြို့နေ ဦးကျော်ရန်–ဒေါ်ဌေးဌေးဝင်း(Haw Inlay Hotel)၊ ညောင်ရွှေမြို့နေ ဦးသာလှ–ဒေါ်ဌေးဌေးမေ၊ ရန်ကုန်မြို့နေ ဦးအေးဝင်း(ဆည်မြောင်း ဦးစီးဌာန)–ဒေါ်ခင်သန္တာဦး၊ မိုးကုတ်မြို့နေ ဦးသိန်းလွင်–ဒေါ်ယဉ်ယဉ်မင်း၊ (ဦးထွန်းထွန်းဦး)တို့၏တူ၊ မကြည်ကြည်စိန်၊ မအင်ကြင်းဦး(Musl)တို့၏မောင်၊ မသက်နှင်းသဇင်(ခ)Mariam (K.G (B) ILBC)တို့၏အစ်ကိုသည် ၂၆–၂–၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉–၂–၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီး အအေးတိုက်မှ တောင်မြင့်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၁၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဇာတ်မင်းသားကြီး
ဦးအုန်းမှတ်စိန်(ခ)
ဦးတင်ရွှေ
(ကရင်ပြည်နယ်
သဘင်အစည်းအရုံးဥက္ကဋ္ဌ)
အသက်(၇၂)နှစ်

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ် (၅)ရပ်ကွက်၊ အောင်နန်း ၃ လမ်းနေ ဒေါ်လှသိန်း(ခ)ဒေါ်ခင်ညွှန့်ဝေ၏ခင်ပွန်း၊ ဦးမျိုးတင့်–ဒေါ်စန်းစန်းမြင့်၊ ဦးစိုးညွှန့်–ဒေါ်မြင့်မြင့်စန်း၊ ဦးဆန်းအောင်–ဒေါ်စိုးစိုးမာ၊ ဦးမြလှိုင်–ဒေါ်နိုင်နိုင်ရွှေစီတို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်နှစ်ယောက်၊ သားတပည့် အုန်းသဘင်မိသားစုအဖွဲ့အစည်းတို့၏အဘိုးသည် ၂၆–၂–၂၀၀၄ ရက်(ကြာသပတေးနေ့) ညနေ ၃း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇–၂–၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၂ နာရီတွင် ဘားအံမြို့ စက်ပစ်ကွင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃–၃–၂၀၀၄ရက် နံနက် ၆ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးဇော်တင့် (ကိုထူး)
(Chief Engineer)
အသက်(၅၉)နှစ်

ဦးဘရွှေ–ဒေါ်မြသိန်းတို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၂(ခ) နေ (ဦးခင်မောင်လတ်)–ဒေါ်ညိမ်းညိမ်းတို့၏သားသမက်၊ ဒေါ်ခင်မေလတ်၏ခင်ပွန်း၊ ဦးဇော်မြင့်–ဒေါ်ခင်မေလှိုင်၊ ဒေါ်ခင်နှင်းအေးတို့၏ညီ/မောင်၊ ဦးဇော်ဆန်း၊ ဒေါ်စန်းစန်းရီ၊ ဦးစိုးနိုင်–ဒေါ်ခင်မြသွယ်၊ဒေါ်ခင်မြနွယ်၊ ဒေါက်တာဦးဟန်–ဒေါ်ခင်မြဝေ၊ ဒေါ်ခင်မြရွှေ၊ ဒေါ်ခင်မြလွင်၊ ဦးဇော်မင်း–ဒေါ်လဲ့လဲ့အေး၊ဦးဇော်လင်းတို့၏အစ်ကို၊ တူ တူမ ခုနစ်ယောက်တို့၏ ဦးလေးသည် ၂၇–၂–၂၀၀၄ရက် (သောကြာနေ့) ညနေ ၅း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂–၃–၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မစန်းစန်းဦး
(United Paints Group Co., Ltd.)
အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဧရာ ၂ လမ်း၊ အမှတ် ၄၂၅နေ ဦးသန်းထွန်း–ဒေါ်စန်းစန်းအေး၊ ဒုတိယဗိုလ်မှူးကြီးကျော်ငွေ (ငြိမ်း)–(ဒေါ်စန်းရီ)တို့၏သမီး၊ (ဦးကျော်စန်းဝေ)–ဒေါ်ချယ်ရီဘငွေ၊ (ဦးကျော်စန်းဖေ)၊ ဦးကျော်စန်းငွေ–ဒေါ်နန်းအေးအေးမြင့်၊ ဦးကျော်စန်းဆွေ–ဒေါ်နန္ဒာဝင်းသော်၊ ဦးစိုးညွှန့်–ဒေါ်မေကျော်စန်း၊ ဦးမျိုးအောင်နိုင်–ဒေါ်ယုကျော်စန်းတို့၏ညီမသည် ၂၆–၂–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၈–၂–၂၀၀၄ရက်(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်နိုင်ငံမှ ဆောက်လုပ်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် China Metallurgical Construction Group Corporation President Mr.Ma Yanli နှင့်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာဝတီရိပ်မွန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် China Metallurgical Construction Group Corporation President Mr.Ma Yanli နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာဝတီရိပ်မွန် ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

၁၉၉၉-၂၀၀၀ဘဏ္ဍာနှစ်မှစပြီး ပြည်ပကုန်သွယ်မှုလိုငွေ နှစ်စဉ်လျော့နည်းကျဆင်းလာ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ဆက်သွယ်ကာ ကုန်သွယ်မှု ယခုထက်တိုးတက်အောင်ဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၇

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၇ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ▼

တက္ကသိုလ်ဝင်စာမေးပွဲဝင်ခွင့်ကတ်ပြားထုတ်ယူနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

၂၀၀၄ ခုနှစ် မတ် ၁၁ ရက်မှ မတ် ၂၀ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ၌ တစ်ပြည်လုံးရှိ နယ်စာစစ်ဌာနအသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲဝင်ခွင့်ကတ်ပြားများနှင့် ခုံအမှတ်စာရင်းများကို သက်ဆိုင်ရာ စာစစ်ဌာနကြီးကြပ်ရေးမှူးများထံသို့ ***စာမျက်နှာ ၉ ကော်လံ ၅*** ❐

လွန်ခဲ့သည့် နှစ်သန်း၄၀ခန့်က အစောဆုံးသော အဆင့်မြင့်လူတူပရိုင်းမိတ်များ ပုံတောင်ဒေသတွင် ဆက်လက်ရှာဖွေသုတေသနပြုလျက်ရှိ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ–ဒေါက်တာတင်သိန်း(ဘူမိဗေဒ)

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံအလယ်ပိုင်းအနောက်မြောက်ယွန်းယွန်းရှိပုံတောင်ဒေသမှ လူတူပရိုင်းမိတ်ရုပ်ကြွင်းများကို ၁၉၁၄ခုနှစ်တွင် Gdep Cotterမှ မြိုင်မြို့နယ် ဖန်းကန်ရွာအနီးတွင်စတင်တွေ့ရှိခဲ့သည်။ အဆိုပါရုပ်ကြွင်းအကြောင်းကို ၁၉၂၇ခုနှစ်တွင် G.E. Pilgrim က လေ့လာ၍ စာတမ်းရေးသားပြုစုခဲ့ပြီး Pondaungia cotteri ဟု အမည်ပေးခဲ့သည်။ ၎င်းသည် လူတူပရိုင်းမိတ် ***စာမျက်နှာ ၁၁ ကော်လံ ၁*** ■



ဖန်းကန်ရွာအနီး ကျစ်ချောင်မှ တွေ့ရှိခဲ့သော ပုံတောင်ဂျီးယားပရိုင်းမိတ်၏ အပေါ်မေးရိုးနှင့် သွားများ။



မြန်မာ–ပြင်သစ်ပူးပေါင်းအဖွဲ့က ဗဟင်းကျေးရွာအနီးရှိ ယာရှည်ကျစ်ချောင်မှတွေ့ရှိခဲ့သော ဗဟင်းနီးယားပုံတောင်ဂျန်းစစ်အောက်မေးရိုး။

ကမ္ဘာတစ်လွှားထူးထူးခြားခြား



အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း

ဖေဖော်ဝါရီ ၂၇ ရက်က တောင်ပစိဖိတ်နိုင်ငံဖြစ်သည့် ဗင်နွာတူနိုင်ငံ အလယ်ပိုင်းကို ဖြတ်သန်းတိုက်ခတ်သွားသော အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်းကို တွေ့ရစဉ်။ **(ဓါတ်ပုံ)**

အဆိုပါ မုန်တိုင်းသည် တစ်နာရီလျှင်မိုင် ၁၂၀နှုန်းဖြင့် တိုက်ခတ်ခဲ့ရာ နိုင်ငံတစ်ဝန်း အိုးအိမ်များနှင့် သစ်ပင်များ အများအပြား ပြိုလဲပျက်စီးကာ တစ်နိုင်ငံလုံးတွင် ဆက်သွယ်ရေး လုပ်ငန်းများ ပြတ်တောက်ခဲ့ရသည်။

(အင်တာနက်)

အေအိုင်ဒီအက်စ်ဖြစ်ပွားမှု ကာကွယ်နည်းသစ်တွေ့

မျောက်သတ္တဝါများ၌ အေအိုင်ဒီအက်စ် ဗိုင်းရပ်စ် ကူးစက်ခံရမှုတွင် မည်သည့်အတွက်ကြောင့် ခုခံကာကွယ်နိုင်ကြသည်ကို သိပ္ပံပညာရှင်များက တွေ့ရှိထားပြီဖြစ်ကြောင်း အင်တာနက် သတင်းတစ်ရပ်အရ သိရသည်။

ယင်းတွေ့ရှိချက်က လူတွင်လည်း အိတ်ချ်အိုင်ဗွီ မကူးစက်စေရန်အတွက် စိတ်ချရသော နည်းပညာသစ်တစ်ရပ် ဖြစ်သည်ဟုဆိုသည်။ **(ယာပုံ)**

(ဒဗလျူအင်န်)

ယနေ့ထုတ်ခောင်ရေ ၁၉၉၅၇၃